ကြေးမုံ

The Mirror Daily

၁၉၅၇ မေ ၁၆ တွင် စတင်တည်ထောင်သည်။

Established in 1957

**ကောင်းမှုကို ပြုလုပ်ဆည်းပူး**

အနည်းငယ်သောကောင်းမှုသည် ငါ့အား အကျိုးရောက်လိမ့်မည်မဟုတ်ဟု မထီမဲ့မြင် မအောက်မေ့ရာ။ မိုးရေပေါက်သည် ကျဖန်များလတ်သော် ရေအိုးသည် ပြည့်ဘိသကဲ့သို့ ပညာရှိသည် အနည်းငယ်၊ အနည်းငယ်မျှသော ကောင်းမှုကို ပြုလုပ်ဆည်းပူးဖန်များလတ်သော် ကောင်းမှုဖြင့် ပြည့်၏။

ပါပဝဂ်(ဓမ္မပဒ-၁၂၂)

၁၃၈၄ ခုနှစ်၊ ကဆုန်လဆန်း ၈ ရက်၊ စနေနေ့။ Saturday, 7 May 2022 ၁၀၇၂၇

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများ စစ်ဆေးခြင်းများ အပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှ နည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထားလုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# အထူးစီးပွားရေးဇုန် အဆင့်လိုက်စီမံကိန်းများပြီးစီးပါက အလုပ်အကိုင်အခွင့်အလမ်း လက်ရှိ ၁၃၃၀၀ ကျော်မှ သုံးသိန်းကျော်ခန့် ဖော်ဆောင်ပေးနိုင်မည်ဖြစ်၍ စနစ်တကျပေါင်းစပ်ညှိနှိုင်းအကောင်အထည်ဖော်ဆောင်ရွက်ရန်လို

## နိုင်ငံတော်၏ ပထမဆုံးနှင့်အောင်မြင်မှုအရှိဆုံး စံပြအထူးစီးပွားရေးဇုန်ဖြစ်ရန် ယခုထက်အောင်မြင်အောင် ကြိုးပမ်းဆောင်ရွက်

နေပြည်တော် မေ ၆

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းနှင့်အဖွဲ့သည် ယနေ့မွန်းလွဲပိုင်းတွင် သီလဝါအထူးစီးပွားရေးဇုန်စီမံခန့်ခွဲမှုကော်မတီမှ တာဝန်ရှိသူများအား သီလဝါအထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှုကော်မတီ ဥက္ကဋ္ဌရုံး အစည်းအဝေးခန်းမ၌ တွေ့ဆုံ၍ အမှာစကားပြောကြားသည်။




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း သီလဝါအထူးစီးပွားရေးဇုန်စီမံခန့်ခွဲမှုကော်မတီမှ တာဝန်ရှိသူများအား တွေ့ဆုံအမှာစကားပြောကြားစဉ်။

ဦးစွာ သီလဝါအထူးစီးပွားရေးဇုန် ဖြစ်ပေါ်တိုးတက်မှုနှင့် လုပ်ငန်းဆောင်ရွက်မှု အခြေအနေများအား သီလဝါအထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးရဲနိုင်ထွန်းက ရှင်းလင်းတင်ပြသည်။ ထို့နောက် မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာ လုပ်ငန်းအဖွဲ့ဥက္ကဋ္ဌ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာပွင့်ဆန်းက သီလဝါအထူးစီးပွားရေးဇုန် လက်ရှိဆောင်ရွက်နေမှု အခြေအနေများ၊ တွေ့ကြုံရသော အခက်အခဲများအပေါ် နိုင်ငံတော်က ဖြေရှင်းဆောင်ရွက်ပေးမှု အခြေအနေများ၊ လုပ်ငန်းဆက်လက်ဆောင်ရွက်သွားမည့် အခြေအနေများအား ရှင်းလင်းတင်ပြသည်။

### ရှင်းလင်းတင်ပြ

ဆက်လက်၍ တက်ရောက်လာကြသူများက အထူးစီးပွားရေးဇုန်တွင် ရင်းနှီးမြှုပ်နှံဆောင်ရွက်နေမှုများအား ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းက တင်ပြချက်များအပေါ် လိုအပ်သည့်အချက်များအလိုက် ပြန်လည်ရှင်းလင်းညှိနှိုင်းပြီးနောက် **စာမျက်နှာ ၃ ကော်လံ ၁ သို့** ☆

**ယနေ့** *ဖတ်စရာ*

### (၁၁) ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲဝင် အားကစားသမား မောင်မယ်များအားလုံး အားကစားအောင်မြင်မှုဖြင့် နိုင်ငံ့ဂုဏ်ကို မြှင့်တင်နိုင်ကြပါစေ



ဆောင်းပါး စာမျက်နှာ » ၆



### နိုင်ငံတကာအဆင့်သို့တိုင် ထွန်းတောက်လာတော့မည့် GTI ပညာရေးနှင့် လူငယ်များအနာဂတ်

ဆောင်းပါး စာမျက်နှာ » ၁၀

ကြေးမုံ

# ဆီနှစ်မျိုးဖူလုံရေး

အစားအသောက်များ ချက်ပြုတ် ကြော်လှော်ရာတွင်လည်းကောင်း၊ စက်မှုကုန်ကြမ်းပစ္စည်းအဖြစ်လည်းကောင်း စားသုံးဆီများကို မဖြစ်မနေအသုံးပြုကြရသည်။ ထို့အတူ သယ်ယူပို့ဆောင်ရေးလုပ်ငန်းများ၊ ဝန်ဆောင်မှုလုပ်ငန်းများ၊ စက်မှုလုပ်ငန်းများအတွက် စက်သုံးဆီများကို မဖြစ်မနေအသုံးပြုကြရသည်။ အဆိုပါဆီနှစ်မျိုးကို လူတို့၏နေ့စဉ်ဘဝအတွက် မရှိမဖြစ်အသုံးပြုနေရမှုနှင့်အတူ လတ်တလောဖြစ်ပေါ်နေသော ကမ္ဘာ့နိုင်ငံရေးအခြေအနေများကြောင့် ဆီဈေးနှုန်းများကြီးမြင့်လာရာ ကျွဲကူးရေပါဆိုသလို အခြားသောထုတ်ကုန်ပစ္စည်းများသည်လည်း ဈေးနှုန်းများ မြင့်တက်လာခဲ့သည်။

လက်ရှိအခြေအနေ၌ မိမိတို့နိုင်ငံတွင် စားသုံးဆီနှင့် စက်သုံးဆီ ဖူလုံမှုမရှိသေးသဖြင့် ပြည်ပနိုင်ငံများမှ ဆီနှစ်မျိုးစလုံးကို တင်သွင်းနေရသည်။ ထို့အတွက် နိုင်ငံခြားငွေ သုံးစွဲနေရသည်။ နိုင်ငံခြားငွေသုံးစွဲမှု လျှော့ချနိုင်ရန် ပြည်ပမှတင်သွင်းနေရမှုများကို လျှော့ချခြင်း၊ တရားမဝင်တင်သွင်းနေသော ကုန်ပစ္စည်းများကို ဖမ်းဆီးအရေးယူခြင်း စသည့်နည်းလမ်းများဖြင့် ဆောင်ရွက်နေသည်ကို တွေ့ရသည်။

ဆီနှစ်ဆီဖူလုံရေးအတွက် နိုင်ငံတော်အကြီးအကဲကလည်း စားသုံးမှု၊ သုံးစွဲမှု လျှော့ချရန် အခါအားလျော်စွာ လမ်းညွှန်မှာကြားလျက်ရှိသည်။ ဆီစားသုံးမှုအနေဖြင့် ကျန်းမာရေးရှုထောင့်မှကြည့်လျှင် လူတစ်ဦး တစ်ရက် ဆီစားသုံးရန်လိုအပ်ချက်မှာ ၂ ဒသမ ၂၅ ကျပ်သားဖြစ်သည်။ သို့သော် အများစုအနေဖြင့် နေ့စဉ်ဆီစားသုံးနေမှုများကို ပြန်လည်စိစစ်ကြည့်ပါက လိုအပ်သည်ထက် ကျော်လွန်စွာ စားသုံးနေကြသည်ကို လေ့လာတွေ့ရှိရမည်ဖြစ်သည်။

စားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံတိုးချဲ့စိုက်ပျိုးရန် စီမံဆောင်ရွက်လျက်ရှိရာ လူတစ်ဦး နေ့စဉ်စားသုံးဆီလိုအပ်ချက်၊ တစ်နှစ်လိုအပ်ချက်မှသည် တစ်နိုင်ငံလုံးရှိလူဦးရေပေါ်မူတည်၍ ဆီလိုအပ်ချက်ကို စနစ်တကျတွက်ချက်ပြီး စိုက်ဧကများကို တိုးချဲ့စိုက်ပျိုးရပါမည်။ ထိုသို့ စီမံချက်အရ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ဆီထွက်သီးနှံများ စိုက်ပျိုးပြီး အခြားစီးပွားရေး တွက်ခြေကိုက်သော သီးနှံများမစိုက်လိုက်ရပါက နိုင်ငံ့စီးပွားရေးကို ထိခိုက်နိုင်သည်ကိုလည်း သတိပြုရမည်ဖြစ်သည်။ မိမိတို့နိုင်ငံတွင် သီးနှံအမယ်စုံ စိုက်ပျိုးနိုင်သော မြေဧရိယာများစွာရှိသည်။ မိမိတို့နိုင်ငံအတွက် လိုအပ်သောသီးနှံများကို ဖူလုံစွာစိုက်ပျိုးပြီး အခြားဈေးကွက်ဝင် စီးပွားရေးတွက်ခြေကိုက်မည့် သီးနှံများကိုလည်း လိုသလိုစိုက်ပျိုးနိုင်ရန် လိုအပ်သည်။ တောင်သူများအနေဖြင့် မိမိထုတ်လုပ်လိုက်သော ဆီတစ်ပိဿာ၏တန်ဖိုးသည် ပြည်ပမှ တင်သွင်းလာသော ဆီတစ်ပိဿာ၏တန်ဖိုးထက် အနည်းငယ်ပိုနေပါက ဆီကိုဝယ်စားပြီး အခြားဈေးကောင်းရသည့်သီးနှံကို စိုက်ပျိုးရမည်ဟု အတွေးရှိတတ်ကြသည်။ အမှန်မှာ ဆီတစ်ပိဿာရရှိရန် စိုက်ပျိုးသည်မှ ထွက်ရှိသည်အထိ လုပ်ငန်းစဉ်တစ်လျှောက် လုပ်သားအင်အားတို့အတွက် အလုပ်အကိုင်အခွင့်အလမ်းများ ဆုံးရှုံးရသည်ကို သတိမမူမိကြပေ။ ထိုကဲ့သို့ အခြေအနေမျိုးသို့ မရောက်အောင်လည်း သက်ဆိုင်ရာဌာနများက ကူညီထောက်ပံ့ပေးရန်လိုအပ်သည်။

တစ်ဖက်က စိုက်ဧကတိုးချဲ့ရေး၊ သွင်းအားစုများ ထောက်ပံ့ပေးရေးဆောင်ရွက်ပြီး တစ်ဖက်ကလည်း ပြည်သူများ စားသုံးဆီဖူလုံမှုရှိစေရန်အတွက် ကျန်းမာရေးရှုထောင့်မှကြည့်ကာ ဆီစားသုံးမှုလျှော့ချနိုင်ရေး အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ကြရမည်။

စက်သုံးဆီဖူလုံရေးအတွက်မူ စက်သုံးဆီမှာ သဘာဝတွင်းထွက်ရုပ်ကြွင်းလောင်စာများဖြစ်ပြီး မိမိတို့နိုင်ငံတွင် ထွက်ရှိသော်လည်း လုံလောက်ဖူလုံစွာ မထုတ်လုပ်နိုင်ပေ။ ထို့ကြောင့် စက်သုံးဆီကို တတ်နိုင်သလောက် လျှော့ချသုံးစွဲရန်လိုအပ်ပါသည်။ ကျန်းမာရေးရှုထောင့်မှကြည့်ပြီး လမ်းလျှောက်သင့်သည့်နေရာတွင် လမ်းလျှောက်သွားလာခြင်း၊ မလိုအပ်ဘဲ စက်တပ်ယာဉ်များ အသုံးပြုမှုလျှော့ချခြင်း စသည်ဖြင့် စက်သုံးဆီဖူလုံရေးကို တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုသင့်ပါသည်။ ထိုကဲ့သို့ စားသုံးဆီ၊ စက်သုံးဆီဖူလုံရေးအတွက် တစ်ဦးတစ်ယောက်ချင်းစီမှသည် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ဆောင်ရွက်နိုင်ပါက နိုင်ငံတော်အတွက် နိုင်ငံခြားငွေသုံးစွဲမှုကို လျှော့နည်းစေနိုင်မည်သာမက မိမိတို့ တစ်ဦးချင်းတစ်ယောက်ချင်းအတွက် ကျန်းမာခြင်းနှင့် ကုန်ကျစရိတ်သက်သာသော အကျိုးကျေးဇူးများကို လက်ငင်းခံစားရမည်ဖြစ်ပါကြောင်း။

## ဓမ္မာစရိယစာမေးပွဲ ဆဌမနေ့ကျင်းပ

နေပြည်တော် မေ ၆

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန သာသနာရေးဦးစီးဌာနက ကြီးမှူး၍ နှစ်စဉ်ကျင်းပသော ၂၀၂၂ ခုနှစ် ဓမ္မာစရိယစာမေးပွဲကို ယနေ့ (ဆဌမနေ့) နိုင်ငံတစ်ဝန်းလုံးရှိ စာဖြေဌာန ၆၃ ဌာနတို့တွင် စာဖြေသံဃာတော်နှင့် သီလရှင်များ စာရင်းသွင်း ၁၁၆၄၇ ပါးအနက် ၈၄၀၂ ပါး ဖြေဆိုကြသဖြင့် ၇၂ ဒသမ ၁၄ ရာခိုင်နှုန်း ဖြေဆိုကြကြောင်း သာသနာရေးဦးစီးဌာနမှ သိရသည်။

သတင်းစဉ်

## ပြည်ထဲရေးဝန်ကြီးဌာန ဝန်ထမ်းများနှင့် မိသားစုများ ဆွမ်းဆန်တော်များ ဆက်ကပ်လှူဒါန်း



နေပြည်တော် မေ ၆

ပြည်ထဲရေးဝန်ကြီးဌာန တပ်ဖွဲ့ဝင်/ဝန်ထမ်း အရာထမ်း၊ အမှုထမ်း မိသားစုများသည် မြို့နယ်အသီးသီးရှိ ဘုန်းတော်ကြီးကျောင်းများသို့ သွားရောက်၍ ဆွမ်းဆန်တော်များ ဆက်ကပ်လှူဒါန်းလျက်ရှိသည်။

### ဆက်ကပ်လှူဒါန်း

ထိုသို့ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် နေပြည်တော်ကောင်စီနယ်မြေ ပျဉ်းမနားမြို့နယ်ရှိ သနပ္ပင်ဆိပ်(အရှေ့) ကျောင်းတိုက်သို့ လည်းကောင်း၊ ကချင်ပြည်နယ် မြစ်ကြီးနားမြို့နယ်ရှိ ဓမ္မရက္ခိတဝန်းသိုကျောင်းတိုက်သို့ လည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီး ဖောင်းပြင်မြို့နယ်ရှိ မင်းကွန်းဓမ္မရိပ်သာကျောင်းတိုက်သို့ လည်းကောင်း၊ ရခိုင်ပြည်နယ် စစ်တွေမြို့နယ်ရှိ အလိုတော်ပြည့်ကျောင်းတိုက်သို့လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ်ရှိ ရာကျော်ဘုရားလေး ကျောင်းတိုက်သို့ လည်းကောင်း၊ ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့နယ်ရှိ ညောင်ပင်သာ ပရိယတ္တိစာသင်တိုက်သို့ လည်းကောင်း တာဝန်ရှိသူများ သွားရောက်၍ ဆရာတော်၊ သံဃာတော်များအတွက် ဆွမ်းဆန်တော်များ ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

သတင်းစဉ်

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက် (၆ - ၅ -၂၀၂၂)

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၇,၇၀၀ | ၇,၈၀၀ | ၇၂၅ | ၅,၆၄၈,၃၀၀ |
| MTSH | ၂,၆၅၀ | ၂,၆၅၀ | ၁,၂၁၃ | ၃,၁၆၃,၃၅၀ |
| MCB | ၇,၉၀၀ | ၇,၉၀၀ | ၀ | ၀ |
| FPB | ၁၇,၀၀၀ | ၁၇,၀၀၀ | ၀ | ၀ |
| TMH | ၂,၆၀၀ | ၂,၆၀၀ | ၄၇၄ | ၁,၂၃၂,၄၀၀ |
| EFR | ၂,၆၅၀ | ၂,၆၅၀ | ၁၀ | ၂၆,၅၀၀ |
| AMATA | ၅,၀၀၀ | ၅,၀၀၀ | ၁၀၀ | ၅၀၀,၀၀၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

## နိုင်ငံခြားငွေလဲလှယ်နှုန်း

နေပြည်တော် မေ ၆

| နိုင်ငံခြားငွေလဲလှယ်နှုန်း | | | မြန်မာငွေကျပ် |
|---|---|---|---|
| (က) အမေရိကန် | တစ်ဒေါ်လာ | = | ၁၈၅၀.၀ |
| ( ခ ) ဥရောပ | တစ်ယူရို | = | ၁၉၅၅.၆ |
| ( ဂ ) တရုတ် | တစ်ယွမ် | = | ၂၇၇.၁၅ |
| (ဃ) ထိုင်း | တစ်ဘတ် | = | ၅၃.၈၇၅ |
| ( င ) မလေးရှား | တစ်ရင်းဂစ် | = | ၄၂၃.၃၄ |
| ( စ ) အိန္ဒိယ | တစ်ရူပီး | = | ၂၄.၀၄၉ |
| (ဆ) ဩစတြေးလျ | တစ်ဒေါ်လာ | = | ၁၃၁၂.၆ |
| ( ဇ ) စင်ကာပူ | တစ်ဒေါ်လာ | = | ၁၃၃၆.၂ |
| ( ဈ ) ဂျပန် | တစ်ရာယန်း | = | ၁၄၁၇.၈ |
| (ည) တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၄၅.၉၀ |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်ဝက်ဘ်ဆိုက်မှ ရယူသည်။

ကြေးမုံ

စာတည်းမှူးချုပ် - ဦးစိုးစိုးနိုင်
စာတည်းမှူး - ဦးဝင်းနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး
ဘာသာပြန် စာတည်းများ - ဦးနိုင်လင်းကြည်၊ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ
အကြီးတန်း သတင်းထောက်များ - ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဥ၊ ဒေါ်နေဇာဇာထွန်း၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး
အငယ်တန်း သတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်
သုတေသန - ဒေါ်ဇင်မာဝင့်
စာပြင် - ဒေါ်ခိုင်သန္တာရွှေနှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဦးကျော်စွာလင်းနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - ဦးစိုးချစ်ဦးနှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း သန်လျင်တပ်နယ် နယ်မြေခံတပ်ရှိ Motivation Hall၊ နယ်မြေခံသင်တန်းကျောင်း သင်တန်းခန်းမများ ကြည့်ရှုစစ်ဆေး



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း သန်လျင်ရေတပ်သင်္ဘောကျင်းဌာနချုပ်ရှိ တပ်မတော်(ရေ)တွင် အသုံးပြုလျက်ရှိသည့် စစ်ရေယာဉ်များ၏ မှတ်တမ်းဓာတ်ပုံများကို ကြည့်ရှုစဉ်။

**နေပြည်တော် မေ ၆**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းသည် ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီး မိုးအောင်၊ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း၊ ရေ၊ လေ)မှ တပ်မတော်အရာရှိကြီးများ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူးနှင့် တာဝန်ရှိသူများ လိုက်ပါ၍ ယနေ့မွန်းလွဲပိုင်းတွင် သန်လျင်တပ်နယ်ရှိ ရေတပ်သင်္ဘောကျင်းဌာနချုပ်သို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

## ကြည့်ရှု

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)နှင့် အဖွဲ့ဝင်များသည် သန်လျင်ရေတပ် သင်္ဘောကျင်းဌာနချုပ်ရှိ Motivation Hall သို့ ရောက်ရှိကြပြီး တပ်မတော်(ရေ)တွင် အသုံးပြုလျက်ရှိသည့် စစ်ရေယာဉ်များ၏ မှတ်တမ်းဓာတ်ပုံများအား ကြည့်ရှုကြရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)နှင့် အဖွဲ့ဝင်များသည် နယ်မြေခံသင်တန်းကျောင်းရှိ သင်တန်းသားများအား စာတွေ့၊ လက်တွေ့ သင်ခန်းစာပို့ချနေမှုများကို ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များ မှာကြားသည်။ ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)နှင့် အဖွဲ့ဝင်များသည် အဆိုပါတပ်ရှိ Damage Control Simulator လက်တွေ့လေ့ကျင့်နေမှုများအား ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းပေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း သီလဝါအထူးစီးပွားရေးဇုန်အတွင်းရှိ ဓာတ်မြေဩဇာထုတ်လုပ်သည့် စီ.ပီ ဆင်ဖြူတော်စက်ရုံတွင် လှည့်လည်ကြည့်ရှုစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ခင်းကျင်းပြသထားသည့် သီလဝါ အထူးစီးပွားရေးဇုန်မှထုတ်လုပ်သော ကုန်ပစ္စည်းများအား လှည့်လည်ကြည့်ရှုစဉ်။

☆ ရှေ့ဖုံးမှ

အမှာစကား ပြောကြားရာတွင် ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်မှစတင်၍ မြန်မာနိုင်ငံအစိုးရနှင့် ဂျပန်နိုင်ငံအစိုးရ ပူးပေါင်းဆောင်ရွက်မှုဖြင့် ထူထောင်ခဲ့သည့် သီလဝါ အထူးစီးပွားရေးဇုန်သည် ရှစ်နှစ်တာကာလအတွင်း ရင်းနှီးမြှုပ်နှံမှုစုစုပေါင်း အမေရိကန်ဒေါ်လာ ၂ ဒသမ ၁၂ ဘီလီယံရှိပြီး မြန်မာကုမ္ပဏီ ကိုးခု၊ မြန်မာအစုရှယ်ယာရှင် ၁၇၀၀၀ ကျော်နှင့် ဂျပန်ကုမ္ပဏီ သုံးခုတို့မှ ပါဝင်ပူးပေါင်း၍ မြန်မာနိုင်ငံအစိုးရမှ ၁၀ ရာခိုင်နှုန်း၊ မြန်မာနိုင်ငံသားကုမ္ပဏီမှ ၄၁ ရာခိုင်နှုန်း၊ ဂျပန်နိုင်ငံအစိုးရမှ ၁၀ ရာခိုင်နှုန်း၊ ဂျပန်ကုမ္ပဏီမှ ၃၉ ရာခိုင်နှုန်း အသီးသီးအချိုးကျ ထည့်ဝင်ဆောင်ရွက်ရသည့် အထူးစီးပွားရေးဇုန်ကြီးတစ်ခုဖြစ်ကြောင်း၊ လုပ်နည်းပိုင်းဆိုင်ရာအရနှင့် သီလဝါအထူးစီးပွားရေးဇုန်၏ လုပ်ပိုင်ခွင့်ရမြေဧက ၅၀၀၀ ကျော်တွင် ခွင့်ပြုရောင်းချပြီး မြေနေရာများအားလုံးအနက် ကျန်ရှိမြေနေရာများနှင့် လုပ်ငန်းအမြန်အကောင်အထည်ဖော်နိုင်ရန် စီမံခန့်ခွဲမှုကော်မတီက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးရန် လိုကြောင်း၊ အထူးစီးပွားရေးဇုန် အဆင့်လိုက်စီမံကိန်းများပြီးစီးပါက အလုပ်အကိုင်အခွင့်အလမ်း လက်ရှိ ၁၃၃၀၀ ကျော်မှ သုံးသိန်းကျော်ခန့် ဖော်ဆောင်ပေးနိုင်မည်ဖြစ်၍ စနစ်တကျ ပေါင်းစပ်ညှိနှိုင်း အကောင်အထည်ဖော်ဆောင်ရွက်ရန်လိုကြောင်း၊ ဇုန်နေရာအလိုက် သတ်မှတ်ပေးထားသော ကုန်ကြမ်းကုန်ချောပစ္စည်းများ မှန်မှန်ကန်ကန် တင်သွင်းခြင်း၊ တင်ပို့ခြင်းရှိ၊ မရှိ စစ်ဆေးနိုင်ရန် X- Ray Machine များ တပ်ဆင်စစ်ဆေးကြပ်မတ်ရန်လိုအပ်ကြောင်း၊ အထူးစီးပွားရေးဇုန် ငွေကြေးသုံးစွဲလည်ပတ်မှုနှင့်ပတ်သက်၍ အထူးစီးပွားရေးဇုန် ဥပဒေ ၂၀၁၄၊ ဗဟိုဘဏ်၏ နောက်ဆုံးထုတ်ပြန်ထားသည့် ၃-၄-၂၀၂၂ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်၊ ၁၂/၂၀၂၂ ပါ ငွေကြေးမူဝါဒတို့နှင့်အညီ ဆောင်ရွက်ရန်လိုကြောင်း၊ နောင်လာမည့် ရင်းနှီးမြှုပ်နှံသူများ ယုံကြည်မှုရှိစေရန်အတွက်လည်း ငွေကြေးမူဝါဒခိုင်မာမှုရှိကြောင်းသိရှိနိုင်ရေး လုပ်ဆောင်ရန်လိုကြောင်း၊ နိုင်ငံတကာရင်းနှီးမြှုပ်နှံသူများ ပိုမိုစိတ်ဝင်စားစေရန်လည်း Myanmar Japan Thilawa Development (MJTD) မှ Brochure များ၊ မီဒီယာများ၊ ဝက်ဘ်ဆိုက်များမှ ယခုထက် ပိုမိုဆွဲဆောင်ရန် လိုအပ်ကြောင်း၊ ပြည်တွင်းမှထွက်ရှိသည့် စိန်တစ်လုံးသရက်နှင့် ထောပတ်ပဲကဲ့သို့ သီးနှံများကို ဇုန်အတွင်း၌ CAN စနစ်ဖြင့် ပြုပြင်ထုတ်လုပ်နိုင်ရေး စိတ်ဝင်စားမှုရှိသည့် ကုမ္ပဏီများကိုလည်း အမြန်ဆုံးဖြစ်မြောက်စေရေး လိုအပ်သည်များကို ကူညီဆောင်ရွက် လမ်းညွှန်ပေးရန်လိုကြောင်း၊ သို့မှသာ စိန်တစ်လုံးသရက်သီးနှင့် ထောပတ်ပဲစိုက်ပျိုးသူများအတွက် ဈေးကွက်အနိမ့်ခံရမှုမှ လွတ်ကင်းမည့် အကျိုးရှိစေနိုင်မည်ဖြစ်၍ အမြန်ဆုံး အကောင်အထည်ဖော်နိုင်ရေး စီမံကြရမည်ဖြစ်ကြောင်း၊ သီလဝါအထူးစီးပွားရေးဇုန်တွင် သုံးစွဲနေသော လျှပ်စစ်ဓာတ်အားကို Gas မှ LNG ကဲ့သို့ နိုင်ငံခြားငွေဖြင့် ဝယ်ယူသုံးစွဲမှုကို အစားထိုးနိုင်ရေးဆိုလာနှင့် လေအားလျှပ်စစ် ထုတ်ယူနိုင်မှုကို ကုမ္ပဏီတစ်ခုချင်း သို့မဟုတ် ဇုန်အလိုက် ထုတ်လုပ်နိုင်ပါက နိုင်ငံတော်နှင့် ပုဂ္ဂလိကကုမ္ပဏီများမှ လျှပ်စစ်ဓာတ်အား ရယူသုံးစွဲမှုကို လျှော့ချနိုင်မည်ဖြစ်သလို နိုင်ငံတော်အတွက်လည်း အခြားလျှပ်စစ်ဓာတ်အား လိုအပ်သည့်နေရာများကို ပိုမိုဖြည့်ဆည်းပေးနိုင်မည် ဖြစ်ကြောင်း၊ ၎င်းအပြင် နိုင်ငံတော်မှ ရသင့်ရထိုက်သော အခွန်အခများ မဆုံးရှုံးစေရေးနှင့် ရင်းနှီးမြှုပ်နှံမှုအသစ်များ ထပ်မံဖိတ်ခေါ်သွားရန်လည်းလိုကြောင်း၊ နိုင်ငံတော်၏ ပထမဆုံးနှင့် အောင်မြင်မှုအရှိဆုံး စံပြအထူးစီးပွားရေးဇုန်ဖြစ်ရန် ယခုထက် အောင်မြင်အောင် ကြိုးပမ်းဆောင်ရွက်ရန် လိုကြောင်း ပြောကြားသည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းနှင့် အဖွဲ့ဝင်များသည် ခင်းကျင်းပြသထားသည့် သီလဝါ အထူးစီးပွားရေးဇုန်မှ ထုတ်လုပ်သော ကုန်ပစ္စည်းများအား လှည့်လည်ကြည့်ရှုကြပြီး သီလဝါအထူးစီးပွားရေးဇုန်ဧည့်ခန်းမဆောင်၌ တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားသည်။

ထို့နောက် သီလဝါအထူးစီးပွားရေးဇုန်အတွင်းရှိ လျှပ်စစ်ကေဘယ်လ်များထုတ်လုပ်သည့် L S – Gaon Cable Myanmar စက်ရုံနှင့် ဓာတ်မြေဩဇာထုတ်လုပ်သည့် စီ.ပီ ဆင်ဖြူတော်စက်ရုံတို့၏ လုပ်ငန်းဆောင်ရွက်မှုများအား လှည့်လည်ကြည့်ရှုကြရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်းတင်ပြကြပြီး သိရှိလိုသည်များမေးမြန်းကာ လိုအပ်သည်များ ပေါင်းစပ်ဆောင်ရွက်ပေးသည်။

သီလဝါ အထူးစီးပွားရေးဇုန်၌ နိုင်ငံပေါင်း ၂၁ နိုင်ငံမှ ကုမ္ပဏီပေါင်း ၉၄ ခု လာရောက်ရင်းနှီးမြှုပ်နှံခဲ့ရာ ၂၀၂၁ ခုနှစ် ကိုဗစ်-၁၉ တတိယလှိုင်းကာလ၌ ၈၉ ခု ယာယီရပ်ဆိုင်းခဲ့ရာမှ လုပ်ငန်းအဖွဲ့နှင့် စီမံခန့်ခွဲမှုကော်မတီတို့၏ စည်းရုံးဆောင်ရွက်ခဲ့မှုကြောင့် ကုမ္ပဏီစုစုပေါင်း ၈၂ ခု လုပ်ငန်းလည်ပတ်ရပြီး ကျန်ရှိကုမ္ပဏီများအနေဖြင့်လည်း မကြာမီ ပြန်လည်ဆောင်ရွက်ကြမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

# ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာန နှစ် (၅၀) ပြည့် ရွှေရတုအခမ်းအနားကျင်းပ

**နေပြည်တော် မေ ၆**

ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာန၏ နှစ်(၅၀) ပြည့် ရွှေရတုအထိမ်းအမှတ် အခမ်းအနားကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

**တက်ရောက်**

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်ဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး မိုးမြင့်ထွန်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် မန်းငြိမ်းမောင်၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၏ အကြံပေး ဒေါက်တာ ရင်ရင်နွယ်၊ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသော ဦးဝင်းရှိန်၊ ဦးအောင်နိုင်ဦး၊ ဒေါက်တာသီတာဦး၊ ဦးခင်မောင်ရီ၊ ပြည်ထောင်စုစာရင်းစစ်ချုပ် ဒေါက်တာကံဇော်၊ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်အဖွဲ့ဝင်များ၊ ဒုတိယဝန်ကြီးများ၊ ပြည်ထောင်စုဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့ ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဒုတိယဥက္ကဋ္ဌ၊ အငြိမ်းစား ပြည်ထောင်စုဝန်ကြီး ဦးတင်နိုင်သိန်း၊ အငြိမ်းစား ဒုတိယဝန်ကြီးများ၊ မြန်မာနိုင်ငံအခြေစိုက် နိုင်ငံခြားသံရုံးများမှ ကိုယ်စားလှယ်များ၊ အမြဲတမ်းအတွင်းဝန်များ၊ အဆင့်မြင့်အရာရှိများ၊ မျိုးဆက်ဟောင်း မျိုးဆက်သစ် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာန ဝန်ထမ်းများ တက်ရောက်ကြသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်ဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး မိုးမြင့်ထွန်း နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာန၏ နှစ် (၅၀) ပြည့် ရွှေရတုအခမ်းအနားတွင် ဂုဏ်ပြုအမှာစကား ပြောကြားစဉ်။

**စတင်ဖွဲ့စည်းခဲ့**

အခမ်းအနားတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်ဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး မိုးမြင့်ထွန်းက ဂုဏ်ပြုအမှာစကားပြောကြားရာတွင် ခေတ်အဆက်ဆက် အစိုးရများသည် နိုင်ငံဖွံ့ဖြိုးတိုးတက်မှုများအတွက် မူဝါဒများချမှတ်ပြီး အမျိုးသားစီမံကိန်းများ ရေးဆွဲ၍ စီမံကိန်းများ အကောင်အထည်ဖော်ခဲ့ရာတွင် နိုင်ငံတော်၏လိုအပ်ချက်နှင့်အညီ ပြည်ပချေးငွေနှင့် ငွေကြေးအထောက်အပံ့များ၊ ကျွမ်းကျင်မှု အကူအညီများ ရယူရေးနှင့် အခြားသော ပူးပေါင်းဆောင်ရွက်မှုလုပ်ငန်းများကို ဆောင်ရွက်ရန်ဆိုသည့် ရည်ရွယ်ချက်များဖြင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာနကို ၁၉၇၂ ခုနှစ် မတ် ၁၅ ရက်တွင် စတင်ဖွဲ့စည်းခဲ့ပြီး ယခုဆိုလျှင် ရွှေရတုကာလနှစ်(၅၀)ပြည့် မြောက်ခဲ့ပြီဖြစ်ပါကြောင်း၊ နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာနအနေဖြင့် ရွှေရတုတိုင်အောင် နိုင်ငံတော်ကပေးအပ်လာသည့် တာဝန်များကို ကျေပွန်စွာထမ်းဆောင်နိုင်ခဲ့ခြင်းကို ချီးကျူးဂုဏ်ပြုပါကြောင်း။

နိုင်ငံတော်၏ စီးပွားရေးပူးပေါင်းဆောင်ရွက်မှုနှင့်စပ်လျဉ်း၍ အရေးပါသည့်ဌာနဖြစ်သည့်အပြင် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရန်အတွက် လိုအပ်သည့် အကူအညီထောက်ပံ့မှုများ ရရှိအောင် ဆောင်ရွက်ပေးနိုင်သည့်ဌာနလည်း ဖြစ်ပါကြောင်း၊ နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာနအနေဖြင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ်(၅)ရပ်နှင့် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးဦးတည်ချက်(၉)ရပ်တို့ကို ဆက်လက်ကြိုးပမ်းဆောင်ရွက်ကြခြင်းဖြင့် နိုင်ငံတော်၏ မေခရိုစီးပွားရေး အခြေခံအဆောက်အအုံများ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစဉ်များအတွက် လိုအပ်သည့် ပံ့ပိုးမှုများရရှိစေရန် ကြိုးပမ်းဆောင်ရွက်သွားစေလိုပါကြောင်း ပြောကြားသည်။

ထို့နောက် ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြား စီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦးက နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာနအနေဖြင့် ရွှေရတုတိုင် သမိုင်းအစဉ်အလာကောင်းများဖြင့် ဆောင်ရွက်နိုင်ခဲ့မှု စီးပွားဆက်သွယ်ရေးဦးစီးဌာန စတင်ဖွဲ့စည်းခဲ့သည့် ၁၉၇၂ ခုနှစ်မှစ၍ ယနေ့အချိန်အထိ ခေတ်အဆက်ဆက် ကြိုးပမ်းအားထုတ်မှုများ၊ အဆင့်ဆင့်ဖြစ်ပေါ်တိုးတက်လာပုံနှင့် နိုင်ငံနှင့် လူမျိုးအကျိုးများအပေါ် ဂုဏ်ပြုအမှာစကားပြောကြားသည်။

ဆက်လက်၍ ယခင်အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနနှင့် သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်နိုင်သိန်း (ငြိမ်း)က သြဝါဒစကား ပြောကြားသည်။

**ရှင်းလင်းတင်ပြ**

ထို့နောက် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာမာလာမျိုးညွန့်က နိုင်ငံခြားစီးပွားအတွက် ကျရာအခန်းကဏ္ဍမှ ကိုယ်စွမ်းဉာဏ်စွမ်းရှိသရွေ့ စွမ်းစွမ်းတမံ ကြိုးပမ်းဆောင်ရွက်ခဲ့မှုများနှင့် ဌာန၏ အောင်မြင်ထင်ရှားခဲ့သော သမိုင်းမှတ်တိုင်များနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြမှုအပြီးတွင် မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ သံအမတ်ကြီး H.E. Dr. Nikolay LISTOPADOV ၏ ဂုဏ်ပြုစကားကို သံအမတ်ကြီးကိုယ်စား စီးပွားရေးကောင်စစ်ဝန် Mr. Andrei Iunak က ဖတ်ကြားသည်။

ဆက်လက်၍ ရွှေရတုခရီးစဉ်တစ်လျှောက် ဌာန၏ဆောင်ရွက်ချက်မှတ်တမ်းဗီဒီယိုပြသခြင်းနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာန စတင်ဖွဲ့စည်းခဲ့ချိန်မှ ယခုအချိန်အထိ နိုင်ငံတော်ကိုယ်စား နိုင်ငံတကာ၊ အပြည်ပြည်ဆိုင်ရာနှင့် ကုလသမဂ္ဂအဖွဲ့အစည်းများ၏ လုပ်ငန်းများတွင် ပူးပေါင်းဆောင်ရွက်ခဲ့မှု၊ အာဆီယံလွတ်လပ်သော ကုန်သွယ်မှုဒေသနှင့် ဒေသတွင်းဘက်စုံစီးပွားရေး ပူးပေါင်းဆောင်ရွက်ခဲ့မှု၊ အာဆီယံနှင့် ဒေသတွင်း မိတ်ဖက်နိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်မှု၊ ပြည်သူ့အကျိုးပြုလုပ်ငန်းများနှင့် ဌာနတွင်းဆောင်ရွက်ခဲ့သည့် လုပ်ငန်းများအား မှတ်တမ်းတင်ထုတ်ဝေသည့် နှစ်(၅၀)ပြည့် ရွှေရတုအထိမ်းအမှတ်သမိုင်းစာအုပ် ထုတ်ဝေခြင်းအစီအစဉ်တို့ကို ကျင်းပသည်။

ထို့နောက် ဖိတ်ကြားထားသော အထူးဧည့်သည်တော်များ၊ နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာန အငြိမ်းစားဝန်ထမ်းများနှင့် မျိုးဆက်သစ်ဝန်ထမ်းများ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကူးခြင်း၊ လုပ်သက်(၂၅)နှစ်နှင့်အထက် တာဝန်ထမ်းဆောင်လျက်ရှိသည့် ဝန်ထမ်းများ၊ အခက်အခဲအမျိုးမျိုးကြားမှ ရုံးတက်ပျက်ကွက်ခြင်းမရှိဘဲ တာဝန်ကိုကြိုးစားထမ်းဆောင်ခဲ့သည့် ဝန်ထမ်းများနှင့် ဆောင်းပါးပြိုင်ပွဲတွင် ဆုရရှိသူများအား ဂုဏ်ပြုဆုများချီးမြှင့်ပေးအပ်သည်။

**သတင်းစဉ်**




နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာန၏ နှစ်(၅၀)ပြည့် ရွှေရတုအခမ်းအနားသို့ တက်ရောက်လာကြသူများ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။

**နိုင်ငံခြားစီးပွားဆက်သွယ်ရေး ဦးစီးဌာနအနေဖြင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ်(၅)ရပ်နှင့် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးဦးတည်ချက်(၉)ရပ်တို့ကို ဆက်လက်ကြိုးပမ်းဆောင်ရွက်ကြခြင်းဖြင့် နိုင်ငံတော်၏ မေခရိုစီးပွားရေး အခြေခံအဆောက်အအုံများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များအတွက် လိုအပ်သည့် ပံ့ပိုးမှုများ ရရှိစေရန် ကြိုးပမ်းဆောင်ရွက်သွားစေလို**



ပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦး ဂုဏ်ပြုအမှာစကား ပြောကြားစဉ်။

# ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင် ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့ မြန်မာနိုင်ငံသို့ အာဆီယံ၏ လူသားချင်းစာနာထောက်ထားမှု အကူအညီပေးအပ်ရေးဆိုင်ရာ အစည်းအဝေးသို့ တက်ရောက်



နေပြည်တော် မေ ၆

AHA Centre မှတစ်ဆင့်လှူဒါန်းမည့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာအကူအညီ စီမံခန့်ခွဲရေးလုပ်ငန်းအဖွဲ့(Task Force) ဥက္ကဋ္ဌ အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင် ဦးဆောင်၍ မြန်မာလုပ်ငန်းအဖွဲ့ အဖွဲ့ဝင်များဖြစ်ကြသည့် ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအေးထွန်း၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ထွန်းခိုင်နှင့် သက်ဆိုင်ရာဝန်ကြီးဌာနများမှ တာဝန်ရှိသူများပါဝင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် ကမ္ဘောဒီးယားနိုင်ငံ ဖနောင်ပင်မြို့၌ မေ ၆ ရက်တွင် ကျင်းပသော မြန်မာနိုင်ငံသို့ အာဆီယံ၏ လူသားချင်းစာနာထောက်ထားမှု အကူအညီပေးအပ်ရေးဆိုင်ရာ အစည်းအဝေးသို့ တက်ရောက်ခဲ့သည်။

**ပူးတွဲသဘာပတိများ**

အစည်းအဝေးတွင် အာဆီယံဥက္ကဋ္ဌ၏ အထူးကိုယ်စားလှယ်ဖြစ်သူ ကမ္ဘောဒီးယားနိုင်ငံ ဒုတိယဝန်ကြီးချုပ် နိုင်ငံခြားရေးနှင့် အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ဝန်ကြီး H.E. Mr. Prak Sokhonn နှင့် အာဆီယံ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ညှိနှိုင်းရေးမှူးဖြစ်သည့် အာဆီယံအတွင်းရေးမှူးချုပ် H.E. Dato Lim Jock Hoi တို့က ပူးတွဲသဘာပတိများအဖြစ် ဆောင်ရွက်ခဲ့ကြသည်။

အစည်းအဝေးသို့ ဖနောင်ပင်မြို့ အခြေစိုက် အာဆီယံသံရုံးများမှ သံရုံးအကြီးအကဲများ၊ ကုလသမဂ္ဂအဖွဲ့အစည်းများ၊ အာဆီယံ၏ပြင်ပမိတ်ဖက်နိုင်ငံများနှင့် AHA Centre တို့မှ ကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြသည်။

**ဆွေးနွေး**

အစည်းအဝေးတွင် "မည်သူ့ကိုမျှ ချန်လှပ်ထားမှုမရှိရေး"မူဖြင့် မြန်မာနိုင်ငံသို့ လူသားချင်းစာနာထောက်ထားမှုအကူအညီများ ပေးအပ်ရေးနှင့် လူသားချင်းစာနာထောက်ထားမှု အကူအညီများပေးအပ်ရာတွင် ကြုံတွေ့ရသည့် စိန်ခေါ်မှုများနှင့် ပတ်သက်၍ ဆွေးနွေးခဲ့ကြပြီး မြန်မာနိုင်ငံအတွင်း အထူးသဖြင့် ရောက်ရှိရန်ခက်ခဲသော ဒေသများ၌ ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံရေးဆိုင်ရာ မူဘောင်အကောင်အထည်ဖော်ရေးအပေါ် ဆွေးနွေးခဲ့ကြသည်။

အစည်းအဝေးတွင် မြန်မာနိုင်ငံလုပ်ငန်းအဖွဲ့က အမှန်တကယ်လိုအပ်နေသူများထံ အာဆီယံ၏ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများ ဖြန့်ဖြူးရေးအစီအစဉ် အကောင်အထည်ဖော်ရေးကို ကြိုဆိုခဲ့သည်။

ထို့ပြင် အစည်းအဝေးတွင် မြန်မာလုပ်ငန်းအဖွဲ့၊ အာဆီယံအဖွဲ့ဝင်များ၊ အာဆီယံအတွင်းရေးမှူးချုပ်ရုံးနှင့် AHA Centre တို့အနေဖြင့် အာဆီယံခေါင်းဆောင်များ အစည်းအဝေး၏ တူညီဆန္ဒ (၅)ချက်ပါ စတုတ္ထအချက်တွင်ပါဝင်သည့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီပေးအပ်ရေးအပိုင်း(၂)ကို မြန်ဆန်ထိရောက်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် ပံ့ပိုးကူညီသွားရေး ကတိကဝတ်ကို ထပ်လောင်းအတည်ပြု ပြောကြားခဲ့ကြပြီး လူသားချင်းစာနာထောက်ထားသည့် အကူအညီများ အမြန်ဆုံး ဆက်လက်ပေးအပ်နိုင်ရေးအတွက် ရှေ့ပြေးစီမံကိန်း (Pilot Project)များဖြင့် နှစ်ဖက်သဘောတူညီမှုရရှိသည့် ဒေသများတွင် ဆောင်ရွက်သွားမည့်ကိစ္စကို ဆွေးနွေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# ဥပဒေဘာသာပြန်ကော်မရှင်၊ လုပ်ငန်းကော်မတီနှင့် လုပ်ငန်းအဖွဲ့ငယ်များ၏ ဒသမအကြိမ်အစည်းအဝေး ကျင်းပ



နေပြည်တော် မေ ၆

ဥပဒေဘာသာပြန်ကော်မရှင်၊ လုပ်ငန်းကော်မတီနှင့် လုပ်ငန်းအဖွဲ့ငယ်များ၏ ဒသမအကြိမ်အစည်းအဝေးကို ယနေ့နံနက် ၉ နာရီခွဲတွင် ဥပဒေရေးရာဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင်ဥပဒေဘာသာပြန်ကော်မရှင် ဥက္ကဋ္ဌ ဒေါက်တာသီတာဦးက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ဥပဒေဘာသာပြန်ကော်မရှင်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥပဒေအမှတ် ၃၉/၂၀၂၂ ဖြင့် ဧပြီ ၂၅ ရက်တွင် ပြဋ္ဌာန်းခဲ့ကြောင်း၊ အဆိုပါ ပြင်ဆင်သည့်ဥပဒေကိုလည်းသိရှိလေ့လာနိုင်ကြရန်ပြောကြားလိုကြောင်း၊ ဥပဒေဘာသာပြန်ကော်မရှင် ဥက္ကဋ္ဌအဖြစ် မိမိအနေဖြင့် တာဝန်ယူဆောင်ရွက်စဉ် ယခု တစ်နှစ်တာကာလတွင် ကော်မရှင်အစည်းအဝေး နှစ်ကြိမ်ကျင်းပနိုင်ခဲ့ပြီး စက်တင်ဘာ ၆ ရက်တွင် The Penal Code ၏ မြန်မာဘာသာပြန်ဆိုချက်ကို ကော်မရှင်၏ အမိန့်အမှတ် ၇/၂၀၂၁ ဖြင့် အတည်ပြုထုတ်ပြန်၍ စာအုပ်အမှတ်(၉)အဖြစ် လည်းကောင်း၊ ဇန်နဝါရီ ၁၁ ရက်တွင် The Land Customs Act၊ The Legal Representatives Suits Act နှင့် The Arbitration (Protocol and Convention) Act တို့၏ မြန်မာဘာသာပြန်ဆိုချက်ကို ကော်မရှင်၏ အမိန့်အမှတ် ၁/၂၀၂၂ ဖြင့် အတည်ပြုထုတ်ပြန်၍ စာအုပ်အမှတ် (၁၀)အဖြစ်လည်းကောင်း ပုံနှိပ်ထုတ်ဝေနိုင်ခဲ့ကြောင်း၊ ကော်မရှင်အနေဖြင့် ဘာသာပြန်လုပ်ငန်းများကို အရှိန်အဟုန်မပျက် ဆောင်ရွက်လျက်ရှိကြောင်း ဖော်ပြနိုင်ရေး၊ ပေါ်လွင်နိုင်ရေးအတွက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးများ ပြုလုပ်ခြင်း၊ မြန်မာဘာသာပြန်ဆိုထားသည့် ဥပဒေစာမူများကို အတည်ပြုအမိန့်ထုတ်ပြန်ကြေညာခြင်း၊ အတည်ပြုသည့် မြန်မာဘာသာပြန်ဆိုချက် ဥပဒေစာမူများကို စာအုပ်များအဖြစ် ပုံနှိပ်ထုတ်ဝေခြင်းတို့ ဆက်လက်ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ဥပဒေဘာသာပြန်ကော်မရှင် အဖွဲ့ဝင်များ၊ မိမိတို့ရုံးရှိလုပ်ငန်းကော်မတီအဖွဲ့ဝင်များ၊ လုပ်ငန်းအဖွဲ့ငယ်များမှ အဖွဲ့ဝင်များနှင့် ကော်မရှင်ရုံးအဖွဲ့အားလုံးတို့က ဝိုင်းဝန်းကြိုးစားဆောင်ရွက်ကြသဖြင့် လုပ်ငန်းများအောင်မြင်ရခြင်းဖြစ်၍ အားလုံးကို ကျေးဇူးတင်ကြောင်း။

နောက်နောင်တွင်လည်း လုပ်ငန်းအဖွဲ့အလိုက် မိမိတို့ကို တာဝန်ပေးအပ်ထားသည့် ဥပဒေများကို မြန်မာဘာသာပြန်ဆိုခြင်း၊ အကြံပြုချက်များပေးပို့ခြင်း စသည့် လုပ်ငန်းများတွင် နှောင့်နှေးကြန့်ကြာမှုမရှိဘဲ ဆောင်ရွက်ပေးရန် တိုက်တွန်းလိုကြောင်း၊ ဥပဒေများကို ဆွေးနွေးရာတွင်လည်း ကော်မရှင်အဖွဲ့ဝင်များအားလုံးက အားတက်သရော ပါဝင်ဆွေးနွေးခြင်းဖြင့် မူရင်းဥပဒေပြဋ္ဌာန်းချက်၏ အနှစ်သာရပေါ်လွင်ပြီး ရှင်းလင်းပြတ်သား ဆီလျော်သော မြန်မာဘာသာပြန်ဆိုချက်များ ရရှိနိုင်မည်ကိုလည်း ထပ်လောင်းပြောကြားလိုကြောင်း၊ ကော်မရှင်က ဘာသာပြန်ဆိုရန် တာဝန်ရှိသည့် ဥပဒေပေါင်း ၈၁ ခုရှိသည့်အနက် ဥပဒေပေါင်း ၃၀ ကို ဘာသာပြန်ဆိုပြီး စာအုပ်အမှတ်(၁)မှ (၁၀)အထိ ထုတ်ဝေပြီးဖြစ်ကြောင်း၊ ကော်မရှင်က ဖွဲ့စည်းထားသည့် လုပ်ငန်းကော်မတီမှ ကော်မရှင်အဖွဲ့ဝင်များ ဦးဆောင်သည့် လုပ်ငန်းအဖွဲ့ငယ်များက ဘာသာပြန်ဆိုပြီးစီး၍ ဆွေးနွေးရန် ဥပဒေ လေးခုရှိပြီး ဘာသာပြန်ဆိုနေဆဲ ဥပဒေအရေအတွက်မှာ ကိုးခုရှိကာ ဥပဒေဘာသာပြန်ကော်မရှင်အနေဖြင့် ဘာသာပြန်ဆိုရန် ဥပဒေ ၃၈ ခု ကျန်ရှိကြောင်း၊ ယခုအစည်းအဝေးတွင် The Guardians and Wards Act(အုပ်ထိန်းသူများနှင့် အုပ်ထိန်းခံရသူများ အက်ဥပဒေ)၊ The Myanmar Stamp Act(မြန်မာနိုင်ငံ တံဆိပ်ခေါင်း အက်ဥပဒေ)နှင့် The Trusts Act (ယုံမှတ်အပ်နှံမှု အက်ဥပဒေ)တို့ကို ဆွေးနွေးအတည်ပြုမည်ဖြစ်ပြီး ဝိုင်းဝန်းဆွေးနွေး အကြံပြုစေလိုကြောင်း ပြောကြားသည်။

အစည်းအဝေးသို့ ဥပဒေဘာသာပြန်ကော်မရှင် အဖွဲ့ဝင်များ၊ လုပ်ငန်းကော်မတီနှင့် လုပ်ငန်းအဖွဲ့ငယ်များမှ အဖွဲ့ဝင်များက တက်ရောက်ဆွေးနွေးကြပြီး အစည်းအဝေးကို နှစ်ရက်ကြာ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

# စားအုန်းဆီ လက်ကားရည်ညွှန်းဈေးနှုန်း ထုတ်ပြန်ကြေညာ

## ဈေးကစားပါက အရေးယူမည်

နေပြည်တော် မေ ၆

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန စားသုံးဆီ တင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်း လုပ်ငန်းကြီးကြပ်ရေးကော်မတီအနေဖြင့် စားအုန်းဆီ ကမ္ဘာ့ဈေးနှုန်း ဖြစ်ပေါ်ပြောင်းလဲမှုနှင့်အညီ ပြည်တွင်း၌ဖြစ်သင့်ဖြစ်ထိုက်သည့် ဈေးနှုန်းများဖြစ်ပေါ်စေရေး ထိန်းကျောင်းဆောင်ရွက်လျက်ရှိပြီး စားအုန်းဆီ အဓိကထုတ်လုပ်တင်ပို့သည့် မလေးရှားနိုင်ငံနှင့် အင်ဒိုနီးရှားနိုင်ငံတို့တွင် ဖြစ်ပေါ်နေသည့် FOB ဈေးနှုန်းများကို နေ့စဉ်စောင့်ကြည့်ကာ သယ်ယူပို့ဆောင်ခ ကုန်ကျစရိတ်များ၊ ဘဏ်စရိတ်များ၊ အခွန်အခများ ထည့်သွင်းတွက်ချက်၍ ပြည်တွင်းဈေးကွက်၌ ရောင်းဝယ်ဖောက်ကားရမည့် အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းကို ထုတ်ပြန်ပေးလျက်ရှိသည်။

**ထုတ်ပြန်ကြေညာထား**

ယခုအပတ်အတွင်း ကမ္ဘာ့စားအုန်းဆီ ထုတ်လုပ်တင်ပို့သည့် နိုင်ငံများတွင် စားအုန်းဆီဈေးနှုန်းများ တည်ငြိမ်နေပြီး တစ်ပတ်အတွင်း ဖြစ်ပေါ်ခဲ့သည့် FOB ဈေးနှုန်းများအပေါ် အခြေခံ၍ တွက်ချက်မှုအရ မေ ၉ ရက်မှ မေ ၁၅ ရက်အထိ ရန်ကုန်အထိုင်ဈေး အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းမှာ ယခင်ရက်သတ္တပတ်နည်းတူ စားအုန်းဆီ တစ်ပိဿာလျှင် ငွေကျပ် ၆၀၂၅ ကျပ်ဖြစ်ကြောင်း ထုတ်ပြန်ကြေညာထားသည်။

ထို့အပြင် ပြည်တွင်းဈေးကွက်အတွင်း ဈေးနှုန်းမြှင့်တင်ရောင်းချခြင်း၊ ဈေးကစားရန် ရည်ရွယ်ချက်ဖြင့် သိုလှောင်ခြင်းနှင့် မသမာသည့်လုပ်ဆောင်မှုများ ပြုလုပ်ပါက အရေးကြီးကုန်စည်နှင့် ဝန်ဆောင်မှုဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေး ထုတ်ပြန်ထားသည်။

**ဝင်ရောက်ကြည့်ရှုနိုင်**

အဆိုပါ အခြေခံလက်ကား ရည်ညွှန်းဈေးနှုန်းများကို စားသုံးသူရေးရာဦးစီးဌာန၏ ဝက်ဘ်ဆိုက် www.doca.gov.mmနှင့် မြန်မာနိုင်ငံဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း၏ Facebook Page တွင် ဝင်ရောက်ကြည့်ရှုနိုင်ကြောင်း သိရသည်။

သတင်းစဉ်

# (၃၁) ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲဝင် အားကစားသမားမောင်မယ်များအားလုံး အားကစားအောင်မြင်မှုဖြင့် နိုင်ငံ့ဂုဏ်ကို မြှင့်တင်နိုင်ကြပါစေ

**ကိုဌေး (ကနောင်)**

မကြာမီကျင်းပတော့မည့် (၃၁) ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ကြတော့မည့် ပြိုင်ပွဲဝင်အားကစားသမားမောင်မယ်များအားလုံး ပြိုင်ပွဲဝင်ရန် အသင့်ဖြစ်နေပြီဖြစ်သည်။ ပြိုင်ပွဲကာလမှာလည်း ၂၀၂၂ ခုနှစ် မေ ၁၂ ရက်မှ ၂၃ ရက်အထိ ဗီယက်နမ်နိုင်ငံ ဟနွိုင်းမြို့နှင့်နီးစပ်ရာ ၁၂ နေရာတွင် ကျင်းပသွားမည်ဖြစ်သည်။

**တစ်နှစ်ကျော်ခန့် ကြိုတင်ပြင်ဆင်**

ပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်နိုင်ရေးအတွက်လည်း လွန်ခဲ့သည့် ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၁ ရက်မှစ၍ အားကစားသမားများအားလုံးကို နေပြည်တော် အားကစားလေ့ကျင့်ရေးစခန်းနှင့် ရန်ကုန်မြို့ရှိ သက်ဆိုင်ရာ အားကစားအဖွဲ့ချုပ်အသီးသီးတွင် တစ်နှစ်ကျော်ခန့် ကြိုတင်ပြင်ဆင်လေ့ကျင့်ခဲ့ကြပြီး ပြိုင်ပွဲတွင် အောင်မြင်မှုရရှိစေရေးအတွက်လည်း အားကစားခြောက်မျိုးဖြစ်သည့် ပြေးခုန်ပစ်၊ လက်ဝှေ့၊ ဘော်လီဘော၊ အလေးမ၊ ဝူရှူး၊ လှေလှော် (ကနူး/ကယက်) အားကစားသမား စုစုပေါင်း ၇၉ ဦးကို တရုတ်နိုင်ငံသို့ စေလွှတ်လေ့ကျင့်စေခဲ့သည့်အပြင် နိုင်ငံတကာမှ အဆင့်မီနည်းပြများ ငှားရမ်းလေ့ကျင့်မှုအနေဖြင့်လည်း မြားပစ်နှင့် တိုက်ကွမ်ဒိုအားကစားနည်းများအတွက် ကိုရီးယားနည်းပြ နှစ်ဦးဖြင့်လည်းကောင်း၊ ပီတန်းအားကစားနည်းအတွက် ထိုင်းနည်းပြတစ်ဦးဖြင့်လည်းကောင်း အတွေ့အကြုံရှိ မြန်မာလက်ရွေးစင်နည်းပြများဖြင့် ပူးတွဲလေ့ကျင့်ပေးခဲ့ကြပြီး အားကစားနည်းအားလုံးမှ အားကစားသမားများ စနစ်တကျလေ့ကျင့်နိုင်စေရေးအတွက် ဂျပန်နိုင်ငံမှ GYM နည်းပြတစ်ဦးအားလည်း ငှားရမ်းလေ့ကျင့်စေခဲ့ပါသည်။

ပြိုင်ပွဲအတွက် ကြိုတင်ပြင်ဆင်လေ့ကျင့်နေစဉ်ကာလအတွင်းတွင် အားကစားဌာနမှ အားကစားနည်းအလိုက် လေ့ကျင့်မှုကြပ်မတ်စစ်ဆေးရေးအဖွဲ့များ ဖွဲ့စည်းဆောင်ရွက်ခဲ့ကြပြီး ဌာနအကြီးအကဲများဖြစ်သည့် ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီး၊ ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များအပါအဝင် မြန်မာနိုင်ငံအားကစားအဖွဲ့ချုပ်များမှ အဖွဲ့ချုပ်ဥက္ကဋ္ဌများ၊ ဒုတိယဥက္ကဋ္ဌများ၊ အတွင်းရေးမှူးများနှင့် တာဝန်ရှိသူများကိုယ်တိုင် မကြာခဏသွားရောက်တွေ့ဆုံအားပေးစကားပြောကြားပြီး လိုအပ်ချက်မှန်သမျှ ပံ့ပိုးဖြည့်ဆည်းဆောင်ရွက်ပေးခြင်း၊ စိတ်ဓာတ်ခွန်အားမြှင့်တင်ပေးခြင်းများ ဆောင်ရွက်ပေးခဲ့ကြသည်။ ပြိုင်ပွဲဝင်အားကစားသမားများအားလုံး အနေဖြင့်လည်း ပြိုင်ပွဲဝင်ရန် အဆင်သင့်ဖြစ်နေကြပြီဖြစ်ပါသည်။ တစ်နည်းအားဖြင့် နိုင်ငံ့ဂုဏ်ဆောင်နိုင်ရေး စိတ်အားထက်သန်လျက်ရှိနေကြပြီဖြစ်ပါသည်။



(၃၁)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ရန် ရန်ကုန်မြို့၌ စခန်းသွင်းလေ့ကျင့်နေသည့် အားကစားသမားများအား ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံ ကြည့်ရှုအားပေးစဉ်။

> **အမိနိုင်ငံ၏အလံတော် လွှင့်ထူဂုဏ်ပြုခံရခြင်းမျိုးကို နိုင်ငံသားတိုင်းက လိုလားကြသည်ဖြစ်ရာ မြန်မာအားကစားအဖွဲ့ဝင်များအားလုံး နိုင်ငံနှင့် လူမျိုးဂုဏ်ကို မြှင့်တင်နိုင်ရေးဟူသည့် အမျိုးသားရေးသန္နိဋ္ဌာန်ဖြင့် အစွမ်းကုန်ကြိုးစားယှဉ်ပြိုင်သွားကြရမည်ဖြစ်သကဲ့သို့ မြန်မာ့ယဉ်ကျေးမှု၊ မြန်မာ့ဓလေ့စရိုက် အစဉ်အလာကောင်းများနှင့်အညီ ယဉ်ကျေးပျူငှာစွာ ပြုမူကျင့်ကြံနေထိုင်ကြရမည်ဖြစ်**

ယခုအခါ ပြိုင်ပွဲကြီးသို့ အားကစားနည်း ၂၀ ဖြင့် ဝင်ရောက်ယှဉ်ပြိုင်နိုင်ရေးအတွက် အုပ်ချုပ်/နည်းပြ ၉၇ ဦး၊ အားကစားသမား ၂၉၃ ဦး၊ အုပ်ချုပ်/ထောက်ပံ့သူအဖွဲ့ ၃၈ ဦးအပါအဝင် စုစုပေါင်း ၄၂၈ ဦးဖြင့် သွားရောက်ယှဉ်ပြိုင်ရန် အဆင်သင့်ဖြစ်နေကြပြီ ဖြစ်ပါသည်။

**မြန်မာတစ်မျိုးသားလုံး၏ မျှော်လင့်ချက်**

ဧပြီ ၂၉ ရက်တွင် ကျင်းပခဲ့သည့် အောင်နိုင်ရေးအလံပေးအပ်ပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ကိုယ်တိုင် အခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြားပြီး အောင်နိုင်ရေးအလံကို နိုင်ငံတော်အကြီးအကဲက အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံထံ ပေးအပ်ခဲ့သည်။ အားကစားအောင်နိုင်ရေးသည် မြန်မာတစ်မျိုးသားလုံး၏ မျှော်လင့်ချက်ဖြစ်ကြောင်း၊ အနိုင်ရရှိသည့်ပြိုင်ပွဲတိုင်းတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အလံအား လွှင့်ထူပြီး ကျန်ပြိုင်ပွဲဝင်နိုင်ငံများမှ အလေးပြုကြရသည့် မြင်ကွင်း၊ မြန်မာအားကစားသမားများ၏ နိုင်ငံတော်သီချင်း သီဆိုအောင်ပွဲခံနေသည့် မြင်ကွင်းများကို ပြည်သူတစ်ရပ်လုံးမြင်တွေ့လိုကြောင်း နိုင်ငံတော်အကြီးအကဲက ထည့်သွင်းပြောကြားသွားခဲ့သည်။

လက်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစိုးရလက်ထက်တွင် နိုင်ငံတော်ကြီး နိုင်ငံတကာနှင့် ရင်ပေါင်တန်းနိုင်ရေးအတွက် နယ်ပယ်စုံ၊ ကဏ္ဍစုံမှ အားထုတ်ကြိုးပမ်းလျက်ရှိရာတွင် အားကစားကဏ္ဍကိုလည်း တစ်ခန်းတစ်ကဏ္ဍထည့်သွင်းပြီး နိုင်ငံတကာအဆင့်မီ ဖွံ့ဖြိုးတိုးတက်စေရေး စီမံဆောင်ရွက်ပေးလျက်ရှိသည်။ ခေတ်အဆက်ဆက် အာရှအားကစားပြိုင်ပွဲများတွင် အောင်မြင်မှုရရှိခဲ့သူများနှင့် အရှေ့တောင်အာရှအားကစားပြိုင်ပွဲများတွင် အောင်မြင်မှုဆုတံဆိပ်များ ရယူပေးနိုင်ခဲ့သည့် နိုင်ငံ့ဂုဏ်ဆောင်အားကစားသမားများကိုလည်း အသက် (၆၀) ပြည့်မြောက်သည့်အချိန်မှစပြီး သက်ရှိထင်ရှားရှိနေသမျှကာလပတ်လုံး လစဉ်ချီးမြှင့်ထောက်ပံ့ငွေများ ချီးမြှင့်ပေးလျက်ရှိပါသည်။ နိုင်ငံတော်မှ လစဉ်ချီးမြှင့်ထောက်ပံ့ငွေအသေးစိတ်ကို ဖော်ပြရလျှင် အာရှအားကစားပြိုင်ပွဲများတွင် ရွှေတံဆိပ်တစ်ခု ရယူပေးနိုင်ခဲ့ပါက လစဉ်ချီးမြှင့်ငွေ ၂၀၀၀၀၀၊ ငွေတံဆိပ်တစ်ခု ရယူပေးနိုင်ခဲ့ပါက လစဉ်ချီးမြှင့်ငွေ ၁၅၀၀၀၀၊ ကြေးတံဆိပ်တစ်ခု ရယူပေးနိုင်ခဲ့ပါက လစဉ်ချီးမြှင့်ငွေ ၁၀၀၀၀၀ ချီးမြှင့်ပေးအပ်လျက်ရှိပြီး အရှေ့တောင်အာရှ အားကစားပြိုင်ပွဲများတွင် ရွှေတံဆိပ် ၁၀ ခုအထက် ရရှိခဲ့သူဖြစ်ပါက လစဉ်ချီးမြှင့်ငွေ ၁၅၀၀၀၀၊ ရွှေတံဆိပ်ငါးခုမှ ကိုးခုအထိ ရရှိခဲ့သူဖြစ်ပါက လစဉ်ချီးမြှင့်ငွေ ၁၀၀၀၀၀၊ ရွှေတံဆိပ်တစ်ခုမှ လေးခုအထိရရှိခဲ့သူဖြစ်ပါက လစဉ်ချီးမြှင့်ငွေ ၇၀၀၀၀၊ ငွေတံဆိပ်တစ်ခု ရရှိခဲ့သူဖြစ်ပါက လစဉ်ချီးမြှင့်ငွေ ၅၀၀၀၀၊ ကြေးတံဆိပ်တစ်ခုရရှိခဲ့သူဖြစ်ပါက လစဉ်ချီးမြှင့်ငွေ ၃၀၀၀၀ တို့ကို ပေးအပ်ချီးမြှင့်လျက်ရှိပါသည်။

**အားကစားသမားအားလုံး၏ ပခုံးထက်တွင်ရှိ**

၂၀၂၂ ခုနှစ် (၇၇) နှစ်မြောက် တပ်မတော်နေ့အခမ်းအနားတွင် အာရှအားကစားပြိုင်ပွဲ၌ ဆုတံဆိပ်ရရှိခဲ့ကြသည့် နိုင်ငံ့ဂုဏ်ဆောင်အားကစားသမား ၁၂ ဦးနှင့် အရှေ့တောင်အာရှအားကစားပြိုင်ပွဲများတွင် ရွှေတံဆိပ်ငါးခုအထက် ရရှိခဲ့ကြသူ အားကစားသမားများအနက်မှ ၂၄ ဦးကို "လူမှုထူးချွန် ပထမအဆင့်" ချီးမြှင့်ပေးအပ်ခဲ့သည်။ သို့ဖြစ်၍ အဆိုပါ အောင်မြင်မှုရရှိခဲ့ကြသည့် အားကစားသမားများနည်းတူ မျိုးဆက်သစ်အားကစားသမားများသည်လည်း အောင်မြင်မှုရရှိအောင် ကြိုးစားကြရမည်ဖြစ်ပါသည်။ အားကစားဖြင့် နိုင်ငံတော်၏ ဂုဏ်သိက္ခာမြှင့်တင်နိုင်ရေးအတွက် ပြိုင်ပွဲတိုင်းအနိုင်ရရှိရေးသည် အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် အားကစားသမားအားလုံး၏ ပခုံးထက်တွင် ရှိနေကြပြီလည်းဖြစ်ပါသည်။

၎င်းအပြင် နိုင်ငံတော်အကြီးအကဲက အောင်နိုင်ရေးအလံ ပေးအပ်ပွဲအခမ်းအနားတွင် (၃၁) ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ၌ နိုင်ငံကိုယ်စားပြု သွားရောက်ယှဉ်ပြိုင်ကြမည့် အားကစားမောင်မယ်များအားလုံးကိုလည်း ဆုရအားကစားသမားများအတွက် ရွှေတံဆိပ် (တစ်ဦးချင်း) ငွေကျပ်သိန်း ၃၀၀၊ ငွေတံဆိပ် (တစ်ဦးချင်း) ငွေကျပ်သိန်း ၂၀၀၊ ကြေးတံဆိပ် (တစ်ဦးချင်း) ငွေကျပ်သိန်း ၁၀၀ ၊ အသင်းလိုက် ရွှေတံဆိပ်ဆွတ်ခူးခဲ့လျှင် (တစ်ဦးချင်း) ငွေကျပ်သိန်း ၁၀၀၊ အသင်းလိုက် ငွေတံဆိပ်ဆွတ်ခူးခဲ့လျှင် (တစ်ဦးချင်း) ငွေကျပ်သိန်း ၇၀၊ အသင်းလိုက် ကြေးတံဆိပ်ဆွတ်ခူးခဲ့လျှင် (တစ်ဦးချင်း) ငွေကျပ် ၃၅ သိန်း၊ နည်းပြများအတွက် ရွှေတံဆိပ်ဆုရအားကစားနည်းမှ နည်းပြတစ်ဦးလျှင် ငွေကျပ်သိန်း ၁၀၀၊ ငွေတံဆိပ်ဆုရအားကစားနည်းမှ နည်းပြတစ်ဦးလျှင် ငွေကျပ်သိန်း ၅၀၊ ကြေးတံဆိပ်ဆုရအားကစားနည်းမှ နည်းပြတစ်ဦးလျှင် ငွေကျပ်သိန်း ၃၀၊ အားကစားနည်းအလိုက် အုပ်ချုပ်မှုအဖွဲ့များအတွက် ရွှေတံဆိပ်ဆုရအားကစားနည်းမှ အုပ်ချုပ်မှုအဖွဲ့အတွက် ငွေကျပ်သိန်း ၁၀၀၊ ငွေတံဆိပ်ဆုရ အားကစားနည်းမှ အုပ်ချုပ်မှုအဖွဲ့အတွက် ငွေကျပ်သိန်း ၅၀ ၊ ကြေးတံဆိပ်ဆုရအားကစားနည်းမှ အုပ်ချုပ်မှုအဖွဲ့အတွက် ငွေကျပ်သိန်း ၃၀ ချီးမြှင့်ပေးသွားမည်ဖြစ်ကြောင်းလည်း ထည့်သွင်းပြောကြားသွားခဲ့သည်မှာ အားရကျေနပ်ဖွယ်ကောင်းလှသည်။ ယခင်နှစ်များနှင့် မတူအောင် ထိုက်တန်သည့် ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်မည်ကိုလည်း ကြိုတင်အသိပေးပြောကြားခဲ့သည်။

အခမ်းအနားတွင် ပြိုင်ပွဲဝင်ရောက်ယှဉ်ပြိုင်မည့် အားကစားသမားများအား တစ်ဦးလျှင် ထောက်ပံ့ငွေကျပ်နှစ်သိန်းစီနှင့် နည်းပြတစ်ဦးလျှင် ငွေကျပ်တစ်သိန်းစီကိုလည်း ချီးမြှင့်ပေးအပ်ခဲ့ပါသည်။ ၎င်းအပြင် ပြိုင်ပွဲသို့ဝင်ရောက်ယှဉ်ပြိုင်မည့် အားကစားသမားများအား တစ်ဦးလျှင် ဒေါ်လာ ၂၀၀ နှင့် နည်းပြတစ်ဦးလျှင် ဒေါ်လာ ၁၀၀ စီကိုလည်း ပြိုင်ပွဲသို့မသွားမီ ထပ်မံချီးမြှင့်ပေးအပ်မည်ဖြစ်ကြောင်း ကြားသိရသည်။

စာမျက်နှာ ၇ သို့ ☆

# ရုပ်ရှင်ရုံများ ပြန်လည်ဖွင့်လှစ်ပြသရာတွင် တွေ့ကြုံရသည့်အခက်အခဲများနှင့်ပတ်သက်၍ ညှိနှိုင်းအစည်းအဝေး ကျင်းပ

## ရုပ်ရှင်အနုပညာလောက ပြန်လည်ရှင်သန်နိုးထလာမည်ကို မနာလိုမရှုဆိတ်သည့် ပုဂ္ဂိုလ်များက ရုပ်ရှင်ရုံများ ပြန်လည်ဖွင့်လှစ်ခြင်းအပေါ် နှောင့်ယှက်ဟန့်တားနေ

**ရန်ကုန် မေ ၆**

ရုပ်ရှင်ရုံများ ပြန်လည်ဖွင့်လှစ်ပြသရာတွင် တွေ့ကြုံရသည့် အခက်အခဲများနှင့်ပတ်သက်၍ ပေါင်းစပ်ညှိနှိုင်းအစည်းအဝေးကို ယနေ့ မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ်ရှိ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရုပ်ရှင်မြှင့်တင်ရေး အစည်းအဝေးခန်းမ၌ ကျင်းပသည်။



အစည်းအဝေးတွင် ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက အဖွင့်အမှာစကားပြောကြားရာ၌ ရုပ်ရှင်ရုံများ ပြန်လည်ဖွင့်လှစ်ပြသခွင့်ပြုခဲ့ခြင်းမှာ ရုပ်ရှင်လောကသားများ စားဝတ်နေရေး ပြေလည်စေရေး၊ ပြိုလဲလုနီးပါးဖြစ်ခဲ့သည့် ရုပ်ရှင်အနုပညာလုပ်ငန်းများ ပုံမှန်ပြန်လည်လှုပ်ရှားသက်ဝင်စေရေးနှင့် ရုပ်ရှင်ဇာတ်ကား ထုတ်လုပ်သူများနှင့် ရုပ်ရှင်ရုံပိုင်ရှင်များ၏ လုပ်ငန်းများ ပြန်လည်အဆင်ပြေစေရေးတို့အတွက် ရည်ရွယ်ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း၊ သို့ရာတွင် အခက်အခဲများနှင့် အဖျက်အမှောင့်များ ကြုံတွေ့နေရသည့်အတွက် မျှော်မှန်းထားသလောက် ခရီးမရောက်သေးကြောင်း။

ယနေ့အချိန်တွင် နိုင်ငံတော်အစိုးရ၏ ဆောင်ရွက်ချက်များအပေါ် မသမာသူအဖျက်သမားများက နည်းလမ်းပေါင်းစုံဖြင့် ဟန့်တားနှောင့်ယှက်နေသည်ကို အားလုံးအသိပင် ဖြစ်ကြောင်း၊ အချို့သော အနုပညာရှင်များအား ခြိမ်းခြောက်မှုများ ပြုလုပ်နေသည်ကို ကြားသိရသည့်အတွက် လွန်စွာစိတ်မကောင်းဖြစ်မိကြောင်း၊ ရုပ်ရှင် အနုပညာလောက ပြန်လည်ရှင်သန်နိုးထလာမည်ကို မနာလိုမရှုဆိတ်သည့် ပုဂ္ဂိုလ်များက ရုပ်ရှင်ရုံများ ပြန်လည်ဖွင့်လှစ်ခြင်းအပေါ် နှောင့်ယှက်ဟန့်တားနေသည်ဟု ထင်မြင်မိကြောင်း၊ ထို့ကြောင့် အနုပညာရှင်အသိုင်းအဝိုင်းအားလုံးက ပြည်သူများ ရုပ်ရှင်ကြည့်ရှုခံစားနိုင်ရန်နှင့် အနုပညာရှင်များအား ယခင်ကကဲ့သို့ ချစ်ခင်နှစ်သက်အားပေးကြရန် လိုအပ်ကြောင်း၊ ယနေ့ကြုံတွေ့နေရသည့် အခက်အခဲများကို ပွင့်ပွင့်လင်းလင်း ဆွေးနွေးပေးကြရန်နှင့် မိမိတို့ဝန်ကြီးဌာနအနေဖြင့် ဝိုင်းဝန်းဖြေရှင်း ကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးဥက္ကဋ္ဌ ဦးကြည်စိုးထွန်းက မြန်မာ့ရုပ်ရှင်လုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးနှင့် ရုပ်ရှင်ရုံများ ရေရှည်ဖွင့်လှစ်ပြသနိုင်ရေးအတွက် မြန်မာနိုင်ငံရုပ်ရှင် အစည်းအရုံးက ပြန်ကြားရေးဝန်ကြီးဌာနနှင့် လက်တွဲဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ အစည်းအဝေးသို့ တက်ရောက်လာကြသည့် မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးမှ တာဝန်ရှိသူများ၊ ထုတ်လုပ်သူများ၊ ရုပ်ရှင်ရုံပိုင်ရှင်များက ရုပ်ရှင်ပြသရာတွင် ကြုံတွေ့နေရသည့် အခက်အခဲများကို ဆွေးနွေးတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ ဖြည့်စွက်ဆွေးနွေးသည်။

**သတင်းစဉ်**

# ရန်ကုန်အရှေ့ပိုင်းခရိုင် လူထုအခြေပြုဗဟိုဌာနခန်းမတွင် စာဖတ်ဝိုင်းကျင်းပ

**ရန်ကုန် မေ ၆**

လူငယ်လူရွယ်များ နွေရာသီ အားလပ်ချိန်တွင် စာပေဖတ်ရှုခြင်းဖြင့် အချိန်ကို အကျိုးရှိစွာ အသုံးချတတ်စေရန်၊ အသိပညာဗဟုသုတများ တိုးပွားလာစေရန်နှင့် စာပေဖတ်ရှုရာမှတစ်ဆင့် အမှား၊ အမှန်ကို ဝေဖန်ပိုင်းခြားနိုင်စေရန်အတွက် ရည်ရွယ်၍ ယနေ့မွန်းလွဲပိုင်းတွင် ရန်ကုန်အရှေ့ပိုင်းခရိုင် လူထုအခြေပြုဗဟိုဌာနခန်းမ၌ စာဖတ်ဝိုင်းဆွေးနွေးပွဲ ကျင်းပခဲ့သည်။

အဆိုပါ စာဖတ်ဝိုင်းဆွေးနွေးပွဲတွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ရန်ကုန်အရှေ့ပိုင်းခရိုင်ရုံးမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်လှလှဌေးက စာဖတ်ဝိုင်းဆွေးနွေးပွဲကျင်းပရခြင်း၏ ရည်ရွယ်ချက်အား ရှင်းလင်းပြောကြားသည်။ ထို့နောက် စာရေးဆရာ အောင်ကြည်ညွန့် (တက္ကသိုလ်)က “ဘဝလက်ဆောင်ပုံပြင်များ”စာအုပ်မှ လူငယ်များအနေဖြင့် မည်သည့်အလုပ်ကို လုပ်ကိုင်သည့်အခါတွင်မဆို အစီအစဉ်ကျနစွာ ဆောင်ရွက်နိုင်ရန် များစွာလိုအပ်ကြောင်း စသည်ဖြင့် အသိပညာပေး ရှင်းလင်းဆွေးနွေးခဲ့ပြီး စာရေးဆရာ စိုးမြင့်ဒွတ်ဏ်းက “ဆေးဖက်ဝင် ရဲယိုနှင့် အော်ဂဲနစ်စိုက်ပျိုးရေး” စာအုပ်မှ ရဲယိုပင်မှ လူသားများ၏ ကျန်းမာရေးအတွက် အထောက်အကူပြု ဆေးဖက်ဝင်ပုံများကို လူငယ်လူရွယ်များ ကျယ်ကျယ်ပြန့်ပြန့် သိရှိစေရေးအတွက် အကျယ်တဝင့် အသိပညာပေး ရှင်းလင်းဆွေးနွေးခဲ့ကြသည်။




ထို့နောက် တက်ရောက်လာကြသော စာပေဝါသနာပါသူ လူငယ်လူရွယ်လေးများက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးခဲ့ကြရာ စာရေးဆရာကြီးများက ပြန်လည်ရှင်းလင်း ဖြေကြားပေးခဲ့ကြကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**



# မင်းဘူးမြို့တွင် ကုလားပဲဈေးကျပြီး အရောင်းအဝယ်အေးနေ

**မင်းဘူး မေ ၆**

မကွေးတိုင်းဒေသကြီး မင်းဘူးမြို့တွင် အခြားသီးနှံဈေးများ ဈေးအသင့်အတင့်ဖြင့် ရောင်းဝယ်နေကြသော်လည်း ကုလားပဲဈေးကျပြီး အရောင်းအဝယ်အေးနေကြောင်း အမှတ်(၃) ပွဲရုံပိုင်ရှင် ဦးတင်မောင်ဝင်းထံမှ သိရသည်။

“ကျွန်တော်တို့ပွဲရုံက နှမ်းဖြူ၊ နှမ်းနက်၊ နေကြာ၊ ပဲစင်းငုံ၊ ပဲကြီး၊ ပဲနောက်၊ ပဲတီစိမ်း၊ ကုလားပဲ စတဲ့သီးနှံအမျိုးမျိုး ဝယ်ယူပြီး မင်းဘူးမြို့က ပဲခွဲစက်တွေနဲ့ ပြည်မြို့နဲ့ ရန်ကုန်မြို့တွေကို အများဆုံးရောင်းချရပါတယ်။ အခြားသီးနှံတွေထက် ကုလားပဲက အရောင်းအဝယ်အေးနေပါတယ်” ဟု ဦးတင်မောင်ထွန်းက ပြောသည်။

ကုလားပဲကို ယခင်လများက မင်းဘူးမြို့အနေဖြင့် တစ်ရက်လျှင် ကုလားပဲတင်းရေ ၉၀၀၀ ကျော် ၁၀၀၀၀ ဝန်းကျင်ကို တစ်တင်းလျှင် ငွေကျပ် ၄၉၀၀၀၊ ၅၀၀၀၀ ဖြင့် ဝင်ရောက်လျက်ရှိပြီး ယခုရက်ပိုင်းတွင် ကုလားပဲဈေး ငွေကျပ် ၄၂၀၀၀ ဖြင့် တင်းရေ ၆၀၀၊ ၇၀၀ သာ ဝင်ရောက်သည့်အတွက် ကုလားပဲဝင်ရောက်မှုနှင့် ရောင်းဝယ်မှုမှာ အေးနေသေးကြောင်း သိရသည်။

**ဇေယျာထက်(မင်းဘူး)**

☆ စာမျက်နှာ ၆ မှ

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အနေဖြင့် မြန်မာ့အားကစား အောင်မြင်မှုရရှိရေးအတွက် ချီးမြှင့်မှုနှင့် ထောက်ပံ့ပေးမှုအစီအစဉ်များမှာ လွန်စွာကျေနပ်အားရဖွယ်ကောင်းလှပါသည်။ သို့ဖြစ်၍ ပြိုင်ပွဲဝင်အားကစားသမားမောင်မယ်များ အနေဖြင့်လည်း ယခင်က ပါဝင်ယှဉ်ပြိုင်ခဲ့သည့်အကြိမ်များထက် ဆုတံဆိပ်များ ပိုမိုရရှိအောင် စွမ်းဆောင်ကြိုးပမ်းသွားရမည်သာဖြစ်ပါသည်။ နိုင်ငံတော်အပိုင်းက ထောက်ပံ့ချီးမြှင့်မှုရှိနေသကဲ့သို့ အားကစားသမားတစ်ဦးချင်းစီတိုင်းကလည်း နိုင်ငံနှင့်လူမျိုး၏ ဂုဏ်သိက္ခာမြင့်မားရေးအတွက် ခွဲ၊ လုံ့လ၊ ဝီရိယတို့ဖြင့် အားကြိုးမာန်တက် ရေကုန်ရေခန်း အားကစားသမားကောင်းစိတ်ဓာတ်ဖြင့် ငါ့နိုင်ငံတော်၊ ငါ့နိုင်ငံတော်သားတို့အတွက် နိုင်ငံချစ်စိတ်ဖြင့် အစွမ်းကုန်ကြိုးစားကြရန်သာ လိုအပ်ပါတော့သည်။

**အတ္တ၊ ပရ နှစ်ဖြာဝမ်းသာ**

အမိနိုင်ငံ၏အလံတော် လွှင့်ထူဂုဏ်ပြုခံရခြင်းမျိုးကို နိုင်ငံသားတိုင်းက လိုလားကြသည်ဖြစ်ရာ ပြိုင်ပွဲဝင်အားကစားသမားအားလုံးက အားသွန်ခွန်စိုက်ကြိုးစားကြပြီး ပြိုင်ပွဲကပေးသော ဆုကြေးနှင့် နိုင်ငံတော်က ဂုဏ်ပြုဆုကြေးများကို ပျော်ရွှင်စွာ လက်ခံခြင်းဖြင့် အတ္တ၊ ပရ နှစ်ဖြာဝမ်းသာ ပျော်ရွှင်ကြရမည်ဖြစ်ပါသည်။ “ထို့ကြောင့် (၃၁) ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲသို့ဝင်ရောက်ယှဉ်ပြိုင်မည့်မြန်မာ့အားကစားအဖွဲ့ကို အပ်နှင်းလိုက်မည့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဂုဏ်ဒြပ်နှင့် အမျိုးသားရေးတာဝန်ကိုပါ ကိုယ်စားပြုနေသည်ဟူသော ခံယူချက်ဖြင့် ပြိုင်ပွဲတိုင်းတွင် နိုင်ငံတော်အလံ တလူလူ လွင့်ပျံနေစေရေး အစွမ်းကုန်ကြိုးပမ်းယှဉ်ပြိုင်သွားကြရန် အလေးအနက် တိုက်တွန်းလိုပါကြောင်း” နိုင်ငံတော်အကြီးအကဲက မှာကြားသွားခဲ့ပါသည်။

မြန်မာအားကစားအဖွဲ့ဝင်များအားလုံး နိုင်ငံနှင့် လူမျိုးဂုဏ်ကို မြှင့်တင်နိုင်ရေးဟူသည့် အမျိုးသားရေးသန္နိဋ္ဌာန်ဖြင့် အစွမ်းကုန်ကြိုးစားယှဉ်ပြိုင်သွားကြရမည်ဖြစ်သကဲ့သို့ မြန်မာ့ယဉ်ကျေးမှု၊ မြန်မာ့ဓလေ့စရိုက် အစဉ်အလာကောင်းများနှင့်အညီ ယဉ်ကျေးပျူငှာစွာ ပြုမူကျင့်ကြံနေထိုင်ကြရမည် ဖြစ်ပါသည်။ အနှစ်ချုပ်ဆိုရသော် ပြိုင်ပွဲဝင်အားကစားသမားများအားလုံး အနိုင်မခံအရှုံးမပေးသည့် ကြံ့ခိုင်သည့်စိတ်ဓာတ်၊ မလျှော့သောခွဲ၊ လုံ့လဖြင့် ရင်ဆိုင်ယှဉ်ပြိုင်ပြီး ဆုတံဆိပ်များရရှိအောင် စွမ်းဆောင်ကာ အားကစားဖြင့် နိုင်ငံ့ဂုဏ်ကို မြှင့်တင်နိုင်ကြသည့် သတင်းကောင်းကို ပြည်သူတစ်ရပ်လုံးက ကြိုဆိုမျှော်လင့်လျက်ရှိပါကြောင်း.....။ ။

**မှတ်ချက်။ ။ မေလ ၂ ရက်နေ့ မြဝတီသတင်းစာမှ အယ်ဒီတာ့အာဘော်အား ကြိုဆိုထောက်ခံ၍ ဂုဏ်ပြုရေးသားခြင်းဖြစ်ပါသည်။**

## ဆရာအတတ်ပညာဦးစီးဌာနရှိ ပညာရေးဒီဂရီကောလိပ်များ၌ ဘွဲ့ကြို၊ ဘွဲ့လွန် သင်တန်းများကို မေ ၁၂ ရက်တွင် စတင်ဖွင့်လှစ်မည်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပညာရေးဝန်ကြီးဌာန
ကြေညာချက်

ပညာရေးဝန်ကြီးဌာန၊ အဆင့်မြင့်ပညာဦးစီးဌာနရှိ တက္ကသိုလ်၊ ဒီဂရီကောလိပ်နှင့် ကောလိပ်များ၊ ဆရာအတတ်ပညာဦးစီးဌာနရှိ ပညာရေးဒီဂရီကောလိပ်များ၌ အောက်ဖော်ပြပါ ဘွဲ့ကြို၊ ဘွဲ့လွန် သင်တန်းများကို (၁၂-၅-၂၀၂၂) ရက်နေ့တွင် စတင်ဖွင့်လှစ်မည်ဖြစ်ကြောင်းကြေညာလိုက်သည် -

**(က) အဆင့်မြင့်ပညာဦးစီးဌာနရှိ တက္ကသိုလ်၊ ဒီဂရီကောလိပ်နှင့်ကောလိပ်များ**

(၁) ၂၀၁၉-၂၀၂၀ ပညာသင်နှစ် - ပထမနှစ်၊ ဒုတိယနှစ်၊ တတိယနှစ်နှင့် ဂုဏ်ထူးတန်း ပထမနှစ်သင်တန်းများ

(၂) ၂၀၂၁-၂၀၂၂ ပညာသင်နှစ် - ပဥ္စမနှစ် ဥပဒေပညာ၊ ပဥ္စမနှစ် ပညာရေးနှင့် ဂုဏ်ထူးတန်း တတိယနှစ် သင်တန်းများ(ဖွင့်လှစ်ဆဲ)

(၃) ၂၀၂၁-၂၀၂၂ ပညာသင်နှစ် - မဟာအရည်အချင်းစစ်သင်တန်းနှင့် မဟာဘွဲ့သင်တန်းများ (ဖွင့်လှစ်ဆဲ)

(၄) ၂၀၂၂-၂၀၂၃ ပညာသင်နှစ် - ပထမနှစ်သင်တန်းများ (၂၀၂၀ ပြည့်နှစ်တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်သူများ)

**(ခ) ဆရာအတတ်ပညာဦးစီးဌာနရှိ ပညာရေးဒီဂရီကောလိပ်များ**

(၁) ၂၀၁၉-၂၀၂၀ ပညာသင်နှစ် - ပထမနှစ် သင်တန်းများ

(၂) ၂၀၂၂-၂၀၂၃ ပညာသင်နှစ် - ပထမနှစ်သင်တန်းများ (၂၀၂၀ ပြည့်နှစ်တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်သူများ)

(ဂ) ၂၀၂၂-၂၀၂၃ ပညာသင်နှစ် ပထမနှစ်သင်တန်းများအတွက် ကျောင်းအပ်လက်ခံခြင်းကို (၁၈-၄-၂၀၂၂) ရက်နေ့မှ စတင်လက်ခံဆောင်ရွက်လျက်ရှိပါသည်။

ပညာရေးဝန်ကြီးဌာန

## အခြေခံပညာအထက်တန်းဆင့် Grade-11 (သင်ရိုးသစ်) ဗဟိုအဆင့်နည်းပြသင်တန်းဖွင့်ပွဲ ကျင်းပ



နေပြည်တော် မေ ၆

အခြေခံပညာအလယ်တန်းဆင့် Grade-8 သင်ရိုးသစ် ဗဟိုအဆင့် နည်းပြသင်တန်းဖွင့်ပွဲ အခမ်းအနားကို ယနေ့ နံနက် ၉ နာရီတွင် နေပြည်တော် ဇမ္ဗူသီရိမြို့နယ် အမှတ်(၁၄) အခြေခံပညာအထက်တန်းကျောင်းရှိ ဇမ္ဗူရွှေကြာခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ နေပြည်တော်ကောင်စီဥက္ကဋ္ဌက ပညာရေးဝန်ကြီးဌာနအနေဖြင့် ၂၀၁၆ - ၂၀၁၇ နှစ်မှစ၍ KG+12 သင်ရိုးသစ်ကို အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ရာ ယခုပညာသင်နှစ်တွင် သင်ရိုးသစ်အတန်းများဖြစ်သည့် Grade-5၊ Grade-8 နှင့် Grade-11 တို့ကို ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်ခြင်းဖြစ်ပါကြောင်း၊ ယနေ့ သင်ရိုးသစ် ဗဟိုအဆင့် နည်းပြသင်တန်းတွင် သက်ဆိုင်ရာ ဘာသာရပ်နယ်ပယ်များမှ ကျွမ်းကျင်သည့်နည်းပြများက ပို့ချပေးမည်ဖြစ်ပြီး သင်တန်းသားများကလည်း တိုင်းဒေသကြီး/ပြည်နယ် များတွင် ဆင့်ပွားသင်တန်း ပြန်လည်ပို့ချရမည့် နည်းပြကောင်းများဖြစ်ကြ၍ သင်ရိုးသစ်အကောင်အထည်ဖော်ရာတွင် အလွန်အရေးကြီးသည့် သင်တန်းတစ်ခုဖြစ်ပါကြောင်း၊ ယခုသင်တန်းတွင် ပို့ချပေးလိုက်သည့် သင်ပြနည်းများကို လေ့လာမှတ်သား၍ မိမိတို့ကျရာဒေသရှိ ဆရာ ဆရာမများကို ပြန်လည်မျှဝေပေးပြီး မိမိတို့တပည့်များကို လူတော်လူကောင်းဖြစ်အောင် ကြိုးစားသင်ကြားပေးနိုင်မည်ဟု ယုံကြည်ပါကြောင်း အဖွင့်အမှာစကား ပြောကြားသည်။

### တိုးချဲ့သင်ကြားမည်

ထို့နောက် ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဇော်ဝင်းက ၂၀၁၂ ခုနှစ် ဖေဖော်ဝါရီလမှစတင်၍ ဘက်စုံလွှမ်းခြုံနိုင်သော ပညာရေး လေ့လာသုံးသပ်မှုများကို ပြည်တွင်း ပြည်ပမှ ပညာရေး ပညာရှင်များ၊ ဖွံ့ဖြိုးမှုမိတ်ဖက်အဖွဲ့အစည်းများနှင့် အစည်းအဝေး၊ အခမ်းအနားများ၊ ဆွေးနွေးတိုင်ပင်ညှိနှိုင်းမှုများ အကြိမ်ကြိမ် ပြုလုပ်ဆောင်ရွက်ခဲ့ကြပါကြောင်း၊ အခြေခံပညာရေးအတွက် KG+12 စနစ်ကို ၂၀၁၆-၂၀၁၇ ပညာသင်နှစ်တွင် စတင်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပါကြောင်း၊ KG+12 စနစ်ဖြင့် သွားရာတွင် မူလတန်း ၅ နှစ်၊ အလယ်တန်း ၄ နှစ်၊ အထက်တန်း ၃ နှစ်ဖြင့် ၅၊ ၄၊ ၃ = ၁၂ တန်းပညာရေးစနစ်ဖြစ်ပါကြောင်း၊ ယခုနှစ်တွင် Grade-5၊ Grade-8၊ Grade-11 သင်ရိုးသစ်အတန်းများကို တိုးချဲ့သင်ကြားမည်ဖြစ်ပြီး ရှေ့နှစ်တွင် Grade-9၊ Grade-12၊ သင်ရိုးသစ်အတန်းများ သင်ကြားနိုင်အောင် ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း၊ Grade -12 ပြီးဆုံးသည့်အခါ စနစ်သစ်ပညာရေး၏ အခြေခံပညာသင်ယူပြီးဆုံးမှု လက်မှတ်များကို ပေးအပ်သွားမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ယင်းနောက် အခမ်းအနားအပြီးတွင် နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် ဒုတိယဝန်ကြီးတို့သည် တက်ရောက်လာသည့် ဆရာ ဆရာမများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ကြသည်။

ဆက်လက်၍ နေပြည်တော်ကောင်စီ ဥက္ကဋ္ဌနှင့် ဒုတိယဝန်ကြီးတို့သည် Grade-11 သင်ရိုးသစ် ဗဟိုအဆင့်နည်းပြသင်တန်းတွင် ဘာသာရပ်အလိုက် သင်ကြားသင်ယူနေမှုများကို လှည့်လည်ကြည့်ရှုအားပေးကြသည်။

### သင်ကြားပို့ချသွားမည်

ယနေ့ဖွင့်လှစ်သည့် အခြေခံပညာအထက်တန်းဆင့် Grade-11 သင်ရိုးသစ် ဗဟိုအဆင့်နည်းပြသင်တန်းကို မေ ၆ ရက်မှ ၈ ရက်အထိ သုံးရက်ကြာဖွင့်လှစ်၍ မြန်မာစာ၊ အင်္ဂလိပ်စာ၊ သင်္ချာ၊ ဓာတုဗေဒ၊ ရူပဗေဒ၊ ဇီဝဗေဒ၊ ပထဝီဝင်၊ သမိုင်းဘာသာရပ်များနှင့် စာရိတ္တနှင့် ပြည်သူ့နီတိ+ကာယဘာသာရပ်များကို သင်တန်းနည်းပြ ဆရာ ဆရာမများက သင်ကြား ပို့ချသွားမည်ဖြစ်ပြီး တိုင်းဒေသကြီး/ပြည်နယ်များမှ သင်တန်းသား သင်တန်းသူ ဆရာ ဆရာမ စုစုပေါင်း ၅၉၈ ဦး တက်ရောက် သင်ကြားသင်ယူကြကြောင်း သိရသည်။

သတင်းစဉ်

## ၂၀၂၂-၂၀၂၃ခု၊ ပညာသင်နှစ်အတွက် A.G.T.I ပထမနှစ် ဝင်ခွင့်လျှောက်လွှာများ ခေါ်ယူ

**သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန**
**နည်းပညာ၊ သက်မွေးပညာနှင့်လေ့ကျင့်ရေးဦးစီးဌာန**
**၂၀၂၂-၂၀၂၃ခု၊ ပညာသင်နှစ်အတွက် A.G.T.I ပထမနှစ်**
**ဝင်ခွင့်လျှောက်လွှာများ ခေါ်ယူခြင်း**

အစိုးရနည်းပညာကောလိပ်နှင့် အစိုးရစက်မှုလက်မှုသိပ္ပံတို့တွင် ၂၀၂၂-၂၀၂၃ ခု၊ ပညာသင်နှစ်အတွက် A.G.T.I ပထမနှစ် သင်တန်းသားများကို ခေါ်ယူမည်ဖြစ်ပါသဖြင့် ဝင်ခွင့်လျှောက်လွှာများကို အစိုးရနည်းပညာကောလိပ်၊ အစိုးရစက်မှုလက်မှုသိပ္ပံများ၌ (၁၂-၅-၂၀၂၂) ရက်တွင် စတင်ထုတ်ယူနိုင်ပြီး လျှောက်လွှာများကို (၃၁-၅-၂၀၂၂) ရက် နောက်ဆုံးထား၍ မိမိတို့ တက်ရောက်လိုသည့် ကျောင်းသို့ ပြန်လည်တင်သွင်းရမည် ဖြစ်ပါသည်။

**နည်းပညာ၊ သက်မွေးပညာနှင့်လေ့ကျင့်ရေးဦးစီးဌာန**

## ၂၀၂၁ - ၂၀၂၂ ပညာသင်နှစ်၊ ဘွဲ့ကြိုတန်းများနှင့် မဟာဝိဇ္ဇာဘွဲ့သင်တန်းများ ပြန်လည်ဖွင့်လှစ်မည်

သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန၊ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် (ရန်ကုန်/မန္တလေး) တို့တွင် ၂၀၂၁ - ၂၀၂၂ ပညာသင်နှစ်၊ ဘွဲ့ကြိုတန်းများဖြစ်သည့်(ပထမနှစ်၊ ဒုတိယနှစ်၊ တတိယနှစ်၊ စတုတ္ထနှစ်)သင်တန်းများနှင့် မဟာဝိဇ္ဇာဘွဲ့(ပထမနှစ်၊ ဒုတိယနှစ်) သင်တန်းများကို ၁၂-၅-၂၀၂၂ ရက်နေ့မှစတင်၍ ဖွင့်လှစ်သွားမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

**အမျိုးသားယဉ်ကျေးမှုနှင့်အနုပညာတက္ကသိုလ်(ရန်ကုန်/မန္တလေး)**

## သမဝါယမနှင့် စီမံခန့်ခွဲမှုပညာတက္ကသိုလ် (သန်လျင်)၌ အခမဲ့အွန်လိုင်းသင်တန်းများ ဖွင့်လှစ်မည်

သန်လျင် မေ ၆

သမဝါယမနှင့် စီမံခန့်ခွဲမှုပညာတက္ကသိုလ်(သန်လျင်)တွင် စီးပွားရေးလုပ်ငန်းဆိုင်ရာ ဥပဒေများကို သိရှိနားလည်စေရန်၊ စီးပွားရေးလုပ်ငန်းများတွင် အသုံးပြုလျက်ရှိသော အင်္ဂလိပ်ဘာသာစကားကို ကျွမ်းကျင်ပိုင်နိုင်စွာ တတ်မြောက်စေရန်နှင့် စွန့်ဦးတီထွင် စီးပွားရေးလုပ်ငန်းများကို စီးပွားရေးစီမံခန့်ခွဲမှုဆိုင်ရာ အခြေခံသဘောတရားများနှင့် တတ်သိနားလည်သည့် လူ့စွမ်းအားအရင်းအမြစ်များ မွေးထုတ်ပေးရန်အတွက် အောက်ပါ Free Online Certificate Courses များကို ၁၂.၅.၂၀၂၂ ရက်နေ့မှစ၍ ဖွင့်လှစ်သင်ကြားသွားမည်ဖြစ်သည် -

- ❖ Certificate in Business Law
  Link; https://forms.gle/at6hi7o9RYmGKUuEA
- ❖ Certificate of Proficiency in Business English
  Link; https://forms.gle/vS7tkQoeBycokfuB7
- ❖ Certificate in Entrepreneurship and Business Management
  Link; https://forms.gle/QDqWkDmCDU1xTJbF6

အဆိုပါသင်တန်းများသို့ တက်ရောက်လိုသူများအနေဖြင့် သက်ဆိုင်ရာ Link များမှတစ်ဆင့် Google Form ဖြင့် ဖြည့်စွက်ပြီး ၁၀.၅.၂၀၂၂ ရက်နေ့ နောက်ဆုံးထား၍ လျှောက်ထားနိုင်ကြောင်း သိရသည်။

သတင်းစဉ်

## တောင်ငူတက္ကသိုလ်၌ နည်းပြ၊ သရုပ်ပြ ဆရာ ဆရာမသစ်များအား ကြိုဆို

တောင်ငူ မေ ၆

ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့၌ ၂၀၂၂ ခုနှစ် မေလတွင် ခန့်အပ်ခဲ့သည့် နည်းပြ၊ သရုပ်ပြ ဆရာ ဆရာမအသစ်များအား ကြိုဆိုပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက တောင်ငူတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် တောင်ငူတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာမြတ်ညွန့်က ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားပြီး အဆိုပါအခမ်းအနားသို့ ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်များ၊ ဘာသာရပ်ဌာနများမှ ပါမောက္ခ(ဌာနမှူး)များ၊ ပါမောက္ခများ၊ ဆရာ ဆရာမများ၊ စီမံရေးရာအရာထမ်းများနှင့် အသစ်ခန့်နည်းပြ၊ သရုပ်ပြဆရာ ဆရာမများ တက်ရောက်ခဲ့ကြောင်း သိရသည်။



ခရိုင်(ပြန်/ဆက်)

စာအုပ်စာပေ လူ့မိတ်ဆွေ ¦ စာပေမြင့်မှ လူမျိုးတင့်မည်

○ ကျောဖုံးမှ

၂။ ပို့ကုန်ရငွေအားလုံးကို ပို့ကုန်တင်ပို့သည့်နေ့မှ သုံးလအတွင်း နိုင်ငံတော်အတွင်းရှိ ပို့ကုန်တင်ပို့သူ၏ ဘဏ်ငွေစာရင်းသို့ မပျက်မကွက် ထည့်သွင်းရေးဆောင်ရွက်ရာတွင် အာရှနိုင်ငံများသို့ တင်ပို့သည့် ပို့ကုန်များအတွက် ပို့ကုန်ရငွေကို ပို့ကုန်တင်ပို့သည့်နေ့မှ (၄၅)ရက်အတွင်း လည်းကောင်း၊ အာရှနိုင်ငံများမှအပ အခြားနိုင်ငံများသို့ တင်ပို့သည့် ပို့ကုန်များအတွက် ပို့ကုန်ရငွေကို ပို့ကုန်တင်ပို့သည့်နေ့မှ ရက်ပေါင်း(၉၀)အတွင်းလည်းကောင်း မြန်မာနိုင်ငံအတွင်းရှိ ပို့ကုန်တင်ပို့သူ၏ ဘဏ်ငွေစာရင်းသို့ နိုင်ငံခြားငွေဖြင့် မပျက်မကွက် ထည့်သွင်းရန်နှင့် လိုက်နာဆောင်ရွက်ရန် ပျက်ကွက်ကြောင်း စိစစ်တွေ့ရှိရပါက နိုင်ငံခြားသုံးငွေစီမံခန့်ခွဲမှုဥပဒေ ပုဒ်မ ၄၂-က အရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ပါသည်။

**သန်းညိန်း**
**ဥက္ကဋ္ဌ**

## အသိပေးကြေညာချက်

၁။ နိုင်ငံခြားသုံးငွေစီမံခန့်ခွဲမှုဥပဒေ၊ နိုင်ငံခြားသုံးငွေစီမံခန့်ခွဲမှု စည်းမျဉ်းနှင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ အမိန့်ကြော်ငြာစာအမှတ် (၄၆/၂၀၂၁)တို့အရ ပို့ကုန်တင်ပို့သူသည် ပို့ကုန်ရငွေကို ပို့ကုန်တင်ပို့သည့်နေ့မှ (၃)လအတွင်း နိုင်ငံတော်အတွင်းရှိ ယင်း၏ဘဏ်ငွေစာရင်းသို့ နိုင်ငံခြားသုံးငွေဖြင့် မပျက်မကွက် ထည့်သွင်းရမည်ဖြစ်ကြောင်းကို ထုတ်ပြန်ကြေညာထားပြီးဖြစ်ပါသည်။

၂။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ထုတ်ပြန်ထားသော အမိန့်ညွှန်ကြားချက်များအား လိုက်နာဆောင်ရွက်ခဲ့ခြင်းမရှိသည့် ၂၀၂၁ ခုနှစ်တွင် ပို့ကုန်လုပ်ငန်းဆောင်ရွက်ခဲ့သော ကုမ္ပဏီ(၃၄၆)ခုအား ပို့ကုန်သွင်းကုန်လုပ်ငန်းရှင်မှတ်ပုံတင်လက်မှတ်ပိတ်သိမ်း၍ အရေးယူဆောင်ရွက်ခဲ့ပြီးဖြစ်ပါသည်။

၃။ သို့ဖြစ်ပါ၍ ပို့ကုန်တင်ပို့သည့် ကုမ္ပဏီများအနေဖြင့် ပို့ကုန်ရငွေများကို မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ထုတ်ပြန်ထားသောကာလအတွင်း ဝင်ရောက်ခြင်းမရှိပါက ပို့ကုန်သွင်းကုန်လုပ်ငန်းရှင်မှတ်ပုံတင်လက်မှတ်အား ပိတ်သိမ်းသည်အထိ အရေးယူဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန**

## တောင်ကြီးတက္ကသိုလ်၌ နည်းပြ၊ သရုပ်ပြ ဆရာ ဆရာမအသစ်များအား ကြိုဆိုပွဲကျင်းပ

**တောင်ကြီး မေ ၆**

တောင်ကြီးတက္ကသိုလ် နည်းပြ၊ သရုပ်ပြ ဆရာ ဆရာမအသစ်များအား ကြိုဆိုပွဲကို ယနေ့ မွန်းလွဲ ၂ နာရီတွင် တောင်ကြီးတက္ကသိုလ်ကျိုင်းတုံခန်းမ၌ ကျင်းသည်။

**ကျေပွန်စွာထမ်းဆောင်**

အခမ်းအနားတွင် ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာကျော်ထွန်းက နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်နှင့်အညီ လူ့စွမ်းအားအရင်းအမြစ်တိုးတက်ရေးအတွက် ရည်ရွယ်ပြီး ပညာရေးဝန်ကြီးဌာနက ဆောင်ရွက်ပေးသည့်အတွက် ကျေးဇူးတင်ရှိပါကြောင်း၊ နည်းပြ၊ သရုပ်ပြ ဆရာ ဆရာမများအား လုပ်ငန်းတာဝန်များကို ကျေပွန်စွာထမ်းဆောင်ပေးကြရန် ပြောကြားသည်။

ဆက်လက်၍ တောင်ကြီးတက္ကသိုလ်ပါမောက္ခချုပ် ဒေါက်တာကေသီသင်က ကြိုဆိုမိတ်ဆက်စကားပြောကြားပြီး ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများနှင့် တာဝန်ရှိသူတို့က နည်းပြ၊ သရုပ်ပြ ဆရာ ဆရာမများအား လိုက်လံနှုတ်ဆက်ကြသည်။ တောင်ကြီးတက္ကသိုလ်မှ နည်းပြ၊ သရုပ်ပြဆရာ ဆရာမ စုစုပေါင်းခန့်ထား ၃၅ ဦး၊ တာဝန်ထမ်းဆောင် ၃၄ ဦးဖြစ်ကြောင်း သိရသည်။ **ပြည်နယ်(ပြန်/ဆက်)**





## ပဲခူးတက္ကသိုလ်၌ နည်းပြ၊ သရုပ်ပြ ဆရာ ဆရာမအသစ်များအား ကြိုဆိုပွဲ ကျင်းပ

**ပဲခူး မေ ၆**

ပဲခူးတက္ကသိုလ် နည်းပြ၊ သရုပ်ပြ ဆရာ ဆရာမအသစ်များအား ကြိုဆိုပွဲအခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် ပဲခူးတက္ကသိုလ်စုဝေးခန်းမ၌ ကျင်းပရာ ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်း တက်ရောက်အမှာစကားပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က ဆရာ ဆရာမများ အဆင့်မြင့်ပညာ မွမ်းမံသင်တန်းအမှတ်စဉ်(၂၅) အောက်မြန်မာပြည်(ဖောင်ကြီး)သို့ သင်တန်းတက်ရောက်မည့် ဆရာ ဆရာမ ၁၂ ဦးအတွက် တစ်ဦးလျှင် ကျပ်တစ်သိန်းနှုန်းစီဖြင့် စုစုပေါင်း ငွေကျပ် ၁၂ သိန်း ထောက်ပံ့ပေးအပ်သည်။

ယင်းနောက် ပဲခူးတက္ကသိုလ်ပါမောက္ခချုပ်က ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားပြီး သရုပ်ပြဆရာမတစ်ဦးက ကျေးဇူးတင်စကားပြန်လည်ပြောကြားကာ တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် တာဝန်ရှိသူများက နည်းပြ၊ သရုပ်ပြ ဆရာ ဆရာမအသစ်များအား ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်ကြသည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်သည် ပဲခူးမြို့ ရန်ကုန်-မန္တလေးလမ်းမကြီးနှင့် အနောက်မြို့ရောင်လမ်းထောင့်ရှိ အပန်းဖြေဥယျာဉ်အတွင်း ကြမ်းခင်းကြွေပြားခင်းနေမှု၊ ရေနုတ်မြောင်းများ ပြုလုပ်နေမှုနှင့် အလှပန်းခုံများပြုလုပ်နေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

## မအူပင်တက္ကသိုလ်၌ နည်းပြ၊ သရုပ်ပြ ဆရာ ဆရာမအသစ်များအား ကြိုဆိုပွဲကျင်းပ

**မအူပင် မေ ၆**

ဧရာဝတီတိုင်းဒေသကြီး မအူပင်တက္ကသိုလ်၌ နည်းပြ၊ သရုပ်ပြ ဆရာ ဆရာမအသစ်များအား ကြိုဆိုပွဲအခမ်းအနားကို ယနေ့နံနက် ၁၀ နာရီက မအူပင်တက္ကသိုလ်ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မအူပင်တက္ကသိုလ်ပါမောက္ခချုပ် ဒေါက်တာနီနီဦးက အနယ်နယ်ရှိတက္ကသိုလ်များတွင် ပညာသင်ကြားပြီး ထူးချွန်အောင်မြင်ခဲ့သည့် နည်းပြ၊ သရုပ်ပြ ဆရာ ဆရာမများအနေဖြင့် ဆက်လက်ပြီး နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် မျိုးဆက်သစ်များ မွေးထုတ်ပေးသည့် တာဝန်အားထမ်းဆောင်ကြရန် ပြောကြားသည်။

ဆက်လက်၍ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးညီညီထွေးက မအူပင်တက္ကသိုလ်၌ တာဝန်ထမ်းဆောင်မည့် နည်းပြ၊ သရုပ်ပြ ဆရာ ဆရာမများအား ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားသည်။ ထို့နောက် ဆရာ ဆရာမအသစ်များအား မအူပင်တက္ကသိုလ်စီမံခန့်ခွဲရေးအဖွဲ့ဝင်များနှင့် မိတ်ဆက်ခြင်းဆောင်ရွက်ပြီး ဆရာ ဆရာမအသစ် ၃၁ ဦးက မိမိတာဝန်ယူမည့် ဘာသာရပ်အလိုက် ပြန်လည်မိတ်ဆက်ကြကြောင်း သိရသည်။ **အောင်ခိုင်(မအူပင်)**



## ရန်ကုန်ပညာရေးတက္ကသိုလ်၌ တာဝန်ထမ်းဆောင်ကြမည့် နည်းပြ၊ သရုပ်ပြ ဆရာ ဆရာမများ ကြိုဆိုပွဲကျင်းပ

**ရန်ကုန် မေ ၆**

ပညာရေးဝန်ကြီးဌာန အဆင့်မြင့်ပညာဦးစီးဌာန ရန်ကုန်ပညာရေးတက္ကသိုလ်၌ အသစ်ခန့်ထားခြင်းခံရသော နည်းပြ၊ သရုပ်ပြ ဆရာ ဆရာမများ ကြိုဆိုပွဲအခမ်းအနားကို ယနေ့ မွန်းလွဲ ၂ နာရီတွင် ရန်ကုန်မြို့ ပြည်လမ်းရှိ ရန်ကုန်ပညာရေးတက္ကသိုလ် Seminar Room ပင်မဆောင်၌ ကျင်းပသည်။

**လှိုက်လှဲစွာကြိုဆို**

ရှေးဦးစွာ ရန်ကုန်ပညာရေးတက္ကသိုလ်ပါမောက္ခချုပ် ဒေါက်တာကေသွယ်လှိုင်က အရည်အချင်းရှိသော ကျောင်းသား ကျောင်းသူများကို မွေးထုတ်ပေးနိုင်ရန်အတွက် အရည်အချင်းပြည့်ဝသော ဆရာ ဆရာမကောင်းများဖြစ်ရန်၊ နိုင်ငံ့ဝန်ထမ်းကောင်းများဖြစ်ရန် ကြိုးစားကြစေလိုကြောင်း၊ ရန်ကုန်ပညာရေးတက္ကသိုလ်မှ လှိုက်လှဲစွာကြိုဆိုကြောင်း အသစ်ခန့်ထားသော နည်းပြ/သရုပ်ပြ ဆရာ ဆရာမများအား ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားသည်။

**နှုတ်ခွန်းဆက်စကားပြောကြား**

ထို့နောက် ကြိုဆိုပွဲအခမ်းအနားသို့ တက်ရောက်လာကြသည့် ဒုတိယပါမောက္ခချုပ်များ၊ ပါမောက္ခ(ဌာနမှူးများ)၊ ဌာနမှူးများ၊ ဌာနတာဝန်ခံများက ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားကြပြီး ရန်ကုန်ပညာရေးတက္ကသိုလ်တွင် အသစ်ခန့်ထားသည့် နည်းပြ၊ သရုပ်ပြ ဆရာ ဆရာမ ၃၂ ဦးက တစ်ဦးချင်း မိတ်ဆက်စကားပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# နိုင်ငံတကာအဆင့်သို့တိုင် ထွန်းတောက်လာတော့မည့် GTI ပညာရေးနှင့် လူငယ်များအနာဂတ်

ဒေါက်တာစိုင်း(နည်းပညာ)

နိုင်ငံတော်ရဲ့ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်လာစေဖို့ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးဟာ အဓိကအခန်းကဏ္ဍကနေ ပါဝင်လျက်ရှိပါတယ်။ နိုင်ငံတော်ရဲ့ စက်မှုလုပ်ငန်းနဲ့ စီးပွားရေးလုပ်ငန်းတွေရဲ့ လိုအပ်ချက်တွေ ဖြည့်ဆည်းနိုင်ဖို့အတွက် နည်းပညာကျွမ်းကျင်သူတွေနဲ့ နည်းပညာရှင်တွေ ပြုစုပျိုးထောင်လေ့ကျင့်ပေးနိုင်ရေးဟာ အရေးကြီးလှပါတယ်။ ဒါကြောင့် နည်းပညာ ကျွမ်းကျင်သူတွေကို လေ့ကျင့်မွေးထုတ်ပေးလျက်ရှိတဲ့ အစိုးရစက်မှုလက်မှုသိပ္ပံ (GTI) တွေရဲ့ အခန်းကဏ္ဍဟာလည်း အရေးပါတဲ့ကဏ္ဍတစ်ရပ်ဖြစ်လာပါတယ်။

### အစောဆုံး ပေါ်ပေါက်လာခဲ့တဲ့ စက်မှုလက်မှုသိပ္ပံ

နိုင်ငံတော်ရဲ့ GTI ပညာရေးဟာ GTI (အင်းစိန်) မှ စတင်ခဲ့ပါတယ်။ GTI (အင်းစိန်) ဟာ ၁၈၉၅ ခုနှစ် ဧပြီ ၁ ရက်မှာ ရန်ကုန်တိုင်းဒေသကြီး လသာမြို့နယ် မြို့မကျောင်းလမ်း အမှတ်(၂၉၇)မှာ Government Engineering School အဖြစ် စတင်မွေးဖွားခဲ့ပြီး နောင်အခါမှာ မြန်မာနိုင်ငံရဲ့ စက်မှုလက်မှုသိပ္ပံကျောင်း ၁၂ ကျောင်းအနက် အစောဆုံး ပေါ်ပေါက်လာခဲ့တဲ့ စက်မှုလက်မှုသိပ္ပံ ဖြစ်လာခဲ့ပါတယ်။



အစိုးရစက်မှုလက်မှုသိပ္ပံကျောင်း(အင်းစိန်)။

၁၉၅၀ ပြည့်နှစ်မှာ GTI (အင်းစိန်) အနေနဲ့ ဓနသဟာယအဖွဲ့ဝင်နိုင်ငံတွေက ကူညီပေးခဲ့တဲ့ ကိုလံဘိုစီမံကိန်းရဲ့ အထောက်အပံ့တွေဖြစ်တဲ့ စက်မှုလက်မှုဆိုင်ရာ အကူအညီတွေ၊ ကျွမ်းကျင်ပါရဂူတွေနဲ့ ငွေကြေးအကူအညီတွေ ရရှိခဲ့ပြီး အင်းစိန်ဂျီတီအိုင်က ဆရာ ဆရာမတွေကို ပြည်ပနိုင်ငံတွေဆီ စေလွှတ်ပြီး သင်ကြား၊ သင်ယူမှုဆိုင်ရာ အရည်အသွေး မြှင့်တင်မှုတွေနဲ့ စတင်နိုင်ခဲ့ပါတယ်။

ဆက်လက်ပြီး ၁၉၅၄ခုနှစ်မှာ အမေရိကန်နိုင်ငံ Ford Foundation ရဲ့ အကူအညီနဲ့ William Hood Dunwoody Industrial Institute of Minneapolis U.S.A မှ စက်မှုနည်းပညာဆိုင်ရာ အကူအညီအဖြစ် နိုင်ငံခြားသား အကြံပေးပုဂ္ဂိုလ်လေးဦး ထောက်ပံ့ရရှိခဲ့ပြီး သင်ကြား၊ စီမံကိစ္စရပ်တွေအတွက် နိုင်ငံခြားပညာတော်သင်တွေလည်း ထပ်မံစေလွှတ်နိုင်ခဲ့ပါတယ်။ ဒါကြောင့် GTI(အင်းစိန်) အနေနဲ့ လူမှုအကျိုးပြု တီထွင်ဖန်တီးမှု အစီအစဉ်တွေ ဆောင်ရွက်နိုင်ခဲ့တယ်။ ဒီလိုဆောင်ရွက်နိုင်ခဲ့တဲ့အတွက် အရှေ့တောင်အာရှနိုင်ငံတွေထဲက ထင်ရှားတဲ့ GTI အဖြစ် ရပ်တည်နိုင်ခဲ့တယ်။ ၂၀၂၀ ပြည့်နှစ် ဧပြီ ၁ ရက်မှာ GTI(အင်းစိန်) ကျောင်းတော်ဟာ နှစ်ပေါင်း ၁၂၅ နှစ် ပြည့်မြောက်ခဲ့ပြီဖြစ်ပါတယ်။

### GTI ကျောင်းတွေရဲ့ အရည်အသွေးမြင့်မားဖို့လိုအပ်

GTI (အင်းစိန်)က အစပြုပြီး မြန်မာနိုင်ငံမှာ စက်မှုလက်မှုသိပ္ပံ(မန္တလေး၊ ကလေး၊ ပြည်၊ ချောက်၊ မော်လမြိုင်၊ ဟသ်ာတ၊ တောင်ငူ၊ မုံရွာ၊ မိတ္ထီလာ၊ မအူပင်၊ သန်လျင်) တွေကို ဆက်လက်ဖွင့်လှစ် သင်ကြားလေ့ကျင့်ပြီး နည်းပညာကျွမ်းကျင်သူတွေကို မွေးဖွားပေးနိုင်ခဲ့ပါတယ်။ နိုင်ငံကို ခေတ်မီဖွံ့ဖြိုးတိုးတက်တဲ့ နိုင်ငံတော်ကြီးအဖြစ် တည်ဆောက်ရာမှာ အထူးလိုအပ်နေတဲ့ အရည်အသွေးမြင့်မားတဲ့ နည်းပညာရှင်တွေ၊ ကျွမ်းကျင်ပညာရှင်တွေနဲ့ ကျွမ်းကျင်လုပ်သားတွေကို မွေးထုတ်ပေးနိုင်ဖို့ ဒီလို GTI ကျောင်းတွေရဲ့ အရည်အသွေးမြင့်မားဖို့ဟာ အထူးလိုအပ်လှပါတယ်။

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးဦးစီးဌာနအနေနဲ့ "နိုင်ငံတော်ရဲ့ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အပံ့ပြုဖို့အတွက် ပြည်တွင်းလိုအပ်ချက်နဲ့ကိုက်ညီပြီး ဒေသတွင်းယှဉ်ပြိုင်နိုင်စွမ်းရှိတဲ့ နည်းပညာနဲ့သက်မွေးပညာဆိုင်ရာ လူ့စွမ်းအားအရင်းအမြစ်တွေကို စဉ်ဆက်မပြတ် သင်ကြားလေ့ကျင့်မွေးထုတ်ပေးဖို့" ရည်မှန်းချက်ထားဦးတည်ဆောင်ရွက်လျက်ရှိပါတယ်။

လက်ရှိအချိန်မှာ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးဦးစီးဌာနအနေနဲ့ အစိုးရနည်းပညာကောလိပ်လေးကျောင်း၊ အစိုးရစက်မှုလက်မှုသိပ္ပံ ၂၄ ကျောင်း၊ အစိုးရနည်းပညာ အထက်တန်းကျောင်း ၃၅ ကျောင်း၊ သက်မွေးပညာသင်တန်းကျောင်း ခြောက်ကျောင်း၊ နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေး ဆရာအတတ်သင်ကောလိပ်တစ်ကျောင်း စုစုပေါင်းကျောင်း ၇၀ ဖွင့်လှစ် ပြီး AGTI ဒီပလိုမာသင်တန်းတွေ၊ GTHS Certificate သင်တန်းတွေနဲ့ ဒေသလိုအပ်ချက်အရဖွင့်လှစ်တဲ့ ကာလတိုသက်မွေးပညာသင်တန်းတွေကို တိုင်းဒေသကြီး၊ ပြည်နယ်တွေမှာ လေ့ကျင့်သင်ကြားပေးလျက်ရှိပါတယ်။ အစိုးရစက်မှုလက်မှုသိပ္ပံတွေကနေ ထူးချွန်တဲ့ ကျောင်းသားကျောင်းသူတွေကို နှစ်စဉ် မွေးထုတ်ပေးနေပြီး လေ့ကျင့်သင်ကြား မွေးထုတ်ပေးခဲ့တဲ့ A.G.T.I ဒီပလိုမာ သင်တန်းဆင်းကျောင်းသားတွေဟာ ပြည်တွင်း ပြည်ပရှိ သက်ဆိုင်ရာလုပ်ငန်းကဏ္ဍအသီးသီးမှာ ကျွမ်းကျင်စွာ ဝင်ရောက်လုပ်ကိုင်ဆောင်ရွက်နိုင်ပြီဖြစ်ပါတယ်။

ဒ့ါအပြင် GTI ကျောင်းတွေရဲ့ ကျောင်းဥပဓိရုပ်တွေ သာယာလှပကောင်းမွန်စေရေး၊ သင်ကြားသင်ယူမှုအရည်အသွေးတွေ ပိုမိုတိုးတက်စေရေး၊ ခေတ်မီသင်ထောက်ကူပစ္စည်းတွေ ဖြည့်ဆည်းနိုင်ရေး၊ သင်ရိုးညွှန်းတမ်းတွေ နိုင်ငံတကာအဆင့်မီဖြစ်စေရေး၊ အရည်အသွေးပြည့်ဝတဲ့ နည်းပညာကျွမ်းကျင်ပညာရှင်တွေ မွေးထုတ်နိုင်ရေးနဲ့ ဒေသတွင်းစက်မှုလုပ်ငန်းတွေရဲ့ လိုအပ်ချက်တွေ အပြည့်အဝဖြည့်ဆည်းနိုင်ရေး စတာတွေကိုလည်း တစ်ဖက်တစ်လမ်းကနေ ဆောင်ရွက်လျက်ရှိပါတယ်။

### လက်တွေ့လုပ်ငန်းခွင် သုံးလကြာ ဝင်ရောက်ဆောင်ရွက်ရမှာဖြစ်

GTI ကျောင်းတွေကနေ ပို့ချလျက်ရှိတဲ့ AGTI ဒီပလိုမာသင်တန်းအမျိုးအစားပေါင်း ကိုးမျိုးရှိပါတယ်။ AGTI ဒီပလိုမာ သင်တန်းကာလဟာ သုံးနှစ်ဖြစ်ပြီးတော့ သင်တန်းတွေကို စာတွေ့သင်ခန်းစာ ၄၀ ရာခိုင်နှုန်း၊ လက်တွေ့သင်ခန်းစာ ၆၀ ရာခိုင်နှုန်းနဲ့ သင်ကြားပို့ချပေးလျက်ရှိပါတယ်။ သင်တန်းကာလ သုံးနှစ် တက်ရောက်ပြီးစီးပါက ကျောင်းသားကျောင်းသူတွေအနေနဲ့ မိမိတို့အထူးပြုတဲ့ သင်တန်းနဲ့ ဆက်နွှယ်တဲ့ စက်မှုလုပ်ငန်းနဲ့ ဆောက်လုပ်ရေးလုပ်ငန်းတွေမှာ လက်တွေ့လုပ်ငန်းခွင် (Internship) ကာလ သုံးလကြာ ဝင်ရောက်ဆောင်ရွက်ရမှာ ဖြစ်ပါတယ်။

ဒီလို သင်တန်းကာလ သုံးနှစ်အတွင်း World Youth Skills Day ကဲ့သို့ နိုင်ငံတကာ အထိမ်းအမှတ်နေ့တွေမှာ သတ်မှတ်ထားတဲ့ GTI တွေမှာ Skills Competition and Innovation Award ပြိုင်ပွဲတွေ ကျင်းပစေပြီး ကျောင်းသား ကျောင်းသူတွေရဲ့ ဘာသာရပ်ကျွမ်းကျင်မှု၊ တီထွင်ဖန်တီးနိုင်မှု၊ အဖွဲ့လိုက်ဆောင်ရွက်တတ်မှု၊ စီမံခန့်ခွဲမှု၊ သတင်းအချက်အလက်နည်းပညာနဲ့ ဒစ်ဂျစ်တယ်စွမ်းရည်တွေ အသုံးချနိုင်မှု စတဲ့ အရည်အချင်းတွေကို ဖော်ထုတ်ပြသ ယှဉ်ပြိုင်ခွင့်ရရှိနိုင်မှာ ဖြစ်ပါတယ်။

AGTI သင်ရိုးညွှန်းတမ်းတွေ နိုင်ငံတကာအဆင့်မီရေးအတွက် သင်ရိုးညွှန်းတမ်း ပြုပြင်ပြောင်းလဲမှုအနေနဲ့ Industrial ရဲ့ ကျွမ်းကျင်မှုလိုအပ်ချက်၊ အသိပညာလိုအပ်ချက်၊ အရည်အချင်းလိုအပ်ချက်တွေကို အခြေခံပြီး နိုင်ငံတကာစံနှုန်းတွေနဲ့အညီ အထူးပြုဘာသာရပ်နယ်ပယ်အလိုက် သေချာစွာ ထည့်သွင်းရေးဆွဲနိုင်ရေး ဆောင်ရွက်လျက်ရှိပါတယ်။ နိုင်ငံတကာနဲ့ အာဆီယံဒေသတွင်း အဖွဲ့ဝင်နိုင်ငံတွေက TVET သင်တန်းကျောင်းတွေမှာ သင်ကြားပို့ချနေတဲ့ သင်ရိုးညွှန်းတမ်းတွေနဲ့ နှိုင်းယှဉ်ရေးဆွဲ (Benchmarking) ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ရေးဆွဲထားတဲ့ သင်ရိုးညွှန်းတမ်းတွေအတိုင်း အမှန်တကယ် သင်ယူတတ်မြောက်မှုနဲ့ ကျွမ်းကျင်မှုတွေ ရှိလာအောင် ဦးစားပေးလေ့ကျင့်သင်ကြားနိုင်ဖို့ ဆောင်ရွက်သွားမှာဖြစ်ပါတယ်။

စာမျက်နှာ ၁၁ သို့ ❍



အစိုးရစက်မှုလက်မှုသိပ္ပံကျောင်း(ပြင်ဦးလွင်)။

> "သင်တန်းကာလ သုံးနှစ်အတွင်း World Youth Skills Day ကဲ့သို့ နိုင်ငံတကာအထိမ်းအမှတ်နေ့တွေမှာ သတ်မှတ်ထားတဲ့ GTI တွေမှာ Skills Competition and Innovation Award ပြိုင်ပွဲတွေ ကျင်းပစေပြီး ကျောင်းသား ကျောင်းသူတွေရဲ့ ဘာသာရပ်ကျွမ်းကျင်မှု၊ တီထွင်ဖန်တီးနိုင်မှု၊ အဖွဲ့လိုက်ဆောင်ရွက်တတ်မှု၊ စီမံခန့်ခွဲမှု၊ သတင်းအချက်အလက်နည်းပညာနဲ့ ဒစ်ဂျစ်တယ်စွမ်းရည်တွေ အသုံးချနိုင်မှု စတဲ့အရည်အချင်းတွေကို ဖော်ထုတ်ပြသယှဉ်ပြိုင်ခွင့်ရရှိနိုင်"

# အများပြည်သူသို့ အသိပေးကြေညာချက်

၁။ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သည် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးလုပ်ငန်းများကို ထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် ကော်မရှင်အပါအဝင် ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများတွင် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအဖွဲ့များ ဖွဲ့စည်းဆောင်ရွက်လျက်ရှိပါသည်။

၂။ ကော်မရှင်အနေဖြင့် သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများ၏ ကြီးကြပ်မှုအောက်ရှိ အများပြည်သူနှင့် ဆက်သွယ်ဆောင်ရွက်လျက်ရှိသော ရုံး/ဌာနများတွင် ဝန်ဆောင်မှု ရယူခဲ့ကြသော ပြည်သူများ၏ တယ်လီဖုန်းများသို့ Short Code နံပါတ် “1111” အသုံးပြု၍ SMS မှတစ်ဆင့် မေးခွန်းများ မေးမြန်းခြင်းနှင့် တုံ့ပြန်မှုရယူခြင်းအစီအစဉ် (Public Feedback Programme – PFP) ကို အသုံးပြုဆောင်ရွက်လျက်ရှိပါသည်။

၃။ အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်းအစီအစဉ်အရ အဂတိလိုက်စားမှုတိုက်ဖျက်ရေး ကော်မရှင်နှင့် ပြည်ထောင်စုဝန်ကြီးဌာန/ အဖွဲ့အစည်းများထံမှ Short Code နံပါတ် “1111” ဖြင့် ဝန်ဆောင်မှုရယူစဉ်က ကြုံတွေ့ခဲ့ရသည့်အခြေအနေများနှင့်စပ်လျဉ်း၍ ပေးပို့မေးမြန်းလိုက်သော SMS များကို မှန်ကန်စွာ ပြန်လည်ဖြေကြားပေးခြင်းဖြင့် သက်ဆိုင်ရာဌာနအသီးသီး၏ ဝန်ဆောင်မှုလုပ်ငန်းအရည်အသွေးကို သိရှိနိုင်မည်ဖြစ်ပြီး အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအတွက် လိုအပ်ချက်များကို ပြုပြင်နိုင်မည် ဖြစ်ပါသည်။

၄။ သို့ဖြစ်ပါ၍ ပြည်သူလူထုအနေဖြင့် ကော်မရှင်နှင့် ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများရှိ အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့များက Short Code “1111” ဖြင့် SMS ပေးပို့ မေးမြန်းလိုက်သော မေးခွန်းများကို ပြန်လည်ဖြေကြားပေးခြင်းသည် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးလုပ်ငန်းများတွင် တစ်ဖက်တစ်လမ်းမှ ပါဝင်ဆောင်ရွက်ခြင်းဖြစ်သဖြင့် အများပြည်သူထံမှ တုံ့ပြန်မှု ရယူခြင်းအစီအစဉ်ကို အတူတကွ ပူးပေါင်းပါဝင်ဆောင်ရွက်စေလိုပါကြောင်း အသိပေးနှိုးဆော်တင်ပြအပ်ပါသည်။

**အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်**

**“အဂတိလိုက်စားမှုတားဆီးဖို့ “1111” ကို ဖြေကြားစို့”**

**“ဝန်ဆောင်မှုများ ကောင်းစေရေး “1111” ကိုဖြေကြားပေး”**

**“အဂတိပယ်ခွာ ပြည်သာယာဖို့ ပူးပေါင်းဆောင်ရွက်ကြပါစို့”**



မြို့ပြအင်ဂျင်နီယာကျောင်းသားများ လက်တွေ့ပြုလုပ်နေစဉ်။




လျှပ်စစ်စွမ်းအားအင်ဂျင်နီယာကျောင်းသားများ လက်တွေ့ပြုလုပ်နေစဉ်။

❍ စာမျက်နှာ ၁၀ မှ

လက်ရှိအချိန်မှာ အစိုးရစက်မှုလက်မှုသိပ္ပံကျောင်း(အင်းစိန်)မှာ Electrical Power Engineering နဲ့ Industrial Engineering၊ အစိုးရစက်မှုလက်မှုသိပ္ပံ(ရွှေပြည်သာ)မှာ Electronic Engineering နဲ့ Mechanical Engineering စတဲ့ Diploma in Engineering သင်တန်းတွေကို နိုင်ငံတကာ အင်ဂျင်နီယာမဟာမိတ်အဖွဲ့ရဲ့ ထင်ရှားတဲ့ သဘောတူညီချက်တစ်ခုဖြစ်တဲ့ Dublin Accord ပါ စံသတ်မှတ်ချက်တွေနဲ့ မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီ (MEC) က သတ်မှတ်ထားတဲ့ စံသတ်မှတ်ချက်တွေနဲ့အညီ အရည်အသွေးအာမခံမှုကို အသိအမှတ်ပြုမှုရရှိရေး လျာထားဆောင်ရွက်နေပါတယ်။

## ဂုဏ်ရည်(၁၁)ရပ်

GTI တွေမှာ ပို့ချလျက်ရှိတဲ့ A.G.T.I ဒီပလိုမာသင်တန်းတွေကို Dublin Accord ပါ စံသတ်မှတ်ချက်တွေနဲ့အညီ အသိအမှတ်ပြုမှုရရှိပြီးပါက GTI ကျောင်းဆင်းတွေအနေနဲ့ အင်ဂျင်နီယာနည်းပညာကျွမ်းကျင်ပညာရှင်တွေရဲ့ ဂုဏ်ရည်(၁၁)ရပ်ဖြစ်တဲ့ (၁) အင်ဂျင်နီယာအသိပညာဗဟုသုတ၊ (၂) ပြဿနာခွဲခြမ်းစိတ်ဖြာခြင်း၊ (၃) ဒီဇိုင်းရေးဆွဲခြင်းနဲ့ ဖွံ့ဖြိုးတိုးတက်ခြင်း၊ (၄) စုံစမ်းစစ်ဆေးခြင်း၊ (၅) ခေတ်မီကိရိယာတွေ အသုံးပြုခြင်း၊ (၆) အင်ဂျင် နီယာနဲ့ကမ္ဘာ၊ (၇) ကျင့်ဝတ်၊ (၈) တစ်ဦးချင်းနဲ့ အဖွဲ့လိုက်ဆောင်ရွက်ခြင်း၊ (၉) ဆက်သွယ်ခြင်း၊ (၁၀) စီမံကိန်းစီမံခန့်ခွဲမှုနဲ့ ဘဏ္ဍာရေး၊ (၁၁) ဘဝတစ်သက်တာ သင်ယူခြင်းတို့နဲ့ ပြည့်စုံလာစေမှာ ဖြစ်ပါတယ်။ Dublin Accord အဖွဲ့ဝင်နိုင်ငံတွေ ဖြစ်ကြတဲ့ ဩစတြေးလျနိုင်ငံ၊ အိုင်ယာလန်နိုင်ငံ၊ ကနေဒါနိုင်ငံ၊ နယူးဇီလန်နိုင်ငံ၊ တောင်ကိုရီးယားနိုင်ငံ၊ တောင်အာဖရိက၊ ယူနိုက်တက်ကင်းဒမ်းနိုင်ငံ၊ အမေရိကန်နိုင်ငံ၊ မလေးရှားနိုင်ငံစတဲ့ နိုင်ငံတွေရဲ့ အင်ဂျင်နီယာဒီပလိုမာတွေနဲ့ တန်းတူအဆင့်မီ ဒီပလိုမာတွေ ပေးအပ်ချီးမြှင့်ပေးနိုင်မှာဖြစ်ပါတယ်။

ဒ့ါအပြင် AGTI ဒီပလိုမာသင်တန်းဆင်းတွေအနေနဲ့ ကမ္ဘာ့နိုင်ငံအတော်များများကို အင်ဂျင်နီယာကျွမ်းကျင်အဆင့်ဆိုင်ရာ အလုပ်အကိုင်တွေ လွယ်ကူစွာ သွားရောက်လုပ်ကိုင်နိုင်မှာ ဖြစ်သလို AGTI ဒီပလိုမာသင်တန်းတက်ရောက်ဆဲ ကျောင်းသားတွေအနေနဲ့ နိုင်ငံတကာကျောင်းတွေမှာ Credit Transfer ပုံစံနဲ့ သက်ဆိုင်ရာနိုင်ငံခြားကျောင်းတွေရဲ့ တူညီတဲ့သတ်မှတ်အဆင့်တွေကနေ တစ်ဆင့် တိုက်ရိုက်ဆက်လက်တက်ရောက်ခွင့်တွေ ရရှိနိုင်တော့မှာ ဖြစ်ပါတယ်။

နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးဦးစီးဌာနအနေနဲ့ ကနဦးအစီအစဉ်တစ်ရပ်အဖြစ် ရွေးချယ်ထားတဲ့ GTI ကျောင်းတွေနဲ့ အာဆီယံဒေသတွင်းရှိ နည်းပညာကောလိပ်၊ သိပ္ပံနဲ့ကျောင်းတွေ ချိတ်ဆက်ပြီး လေ့လာရေးအစီအစဉ်တွေ၊ သင်ကြားသင်ယူမှုအစီအစဉ်တွေ ပူးပေါင်းလုပ်ဆောင်နိုင်ရေး လျာထားဆောင်ရွက်လျက်ရှိပါတယ်။

ဒါကြောင့် အနာဂတ်မှာ နိုင်ငံအတွင်းရှိ GTI ကျောင်းတွေက ကျောင်းသား ကျောင်းသူတွေ၊ သင်ကြားရေးဆရာ ဆရာမတွေအနေနဲ့ အာဆီယံဒေသတွင်းရှိသတ်မှတ်ထားတဲ့ နည်းပညာကောလိပ်၊ သိပ္ပံနဲ့ ကျောင်းတွေမှာ လေ့လာရေးအစီအစဉ်တွေ သွားရောက်လေ့လာနိုင်ခြင်း၊ စာတမ်းဖတ်ပွဲတွေနဲ့ အလုပ်ရုံအစည်းအဝေးတွေ တက်ရောက်နိုင်ခြင်း စတာတွေ ဆောင်ရွက်နိုင်မှာဖြစ်ပါတယ်။

အလားတူ အာဆီယံဒေသတွင်းရှိ သတ်မှတ်ထားတဲ့ နည်းပညာကောလိပ်၊ သိပ္ပံနဲ့ကျောင်းတွေက ကျောင်းသား ကျောင်းသူတွေ၊ သင်ကြားရေး ဆရာ ဆရာမတွေအနေနဲ့လည်း မြန်မာနိုင်ငံမှာရှိတဲ့ သတ်မှတ်ထားတဲ့ GTI ကျောင်းတွေမှာ လေ့လာရေးလုပ်ငန်းတွေ၊ သင်ကြားသင်ယူမှုအထောက်အကူပြုလုပ်ငန်းတွေနဲ့ အသိပညာဗဟုသုတတွေ ဖလှယ်နိုင်ရေးလုပ်ငန်းတွေ ဆောင်ရွက်နိုင်မှာဖြစ်ပါတယ်။

## ဆက်လက်တက်ရောက်နိုင်

AGTI ဒီပလိုမာ သုံးနှစ်သင်တန်း အောင်မြင်စွာ ပြီးဆုံးရင် သင်တန်းဆင်းတွေအနေနဲ့ နိုင်ငံအတွင်းမှာရှိတဲ့ စက်မှုနဲ့စီးပွားရေးလုပ်ငန်းတွေမှာ Supervisory Level သို့မဟုတ် Technician Level အဆင့်နဲ့ အင်ဂျင်နီယာ ကျွမ်းကျင်ပညာရှင်အဖြစ် ဝင်ရောက်လုပ်ကိုင်နိုင်မှာ ဖြစ်ပါတယ်။ ဒ့ါအပြင် မိမိတို့ရဲ့ ပညာရည်ထူးချွန်မှုအလျောက် နိုင်ငံအတွင်းရှိ နည်းပညာတက္ကသိုလ်တွေက ပို့ချလျက်ရှိတဲ့ အင်ဂျင်နီယာဘွဲ့ (B.E) သင်တန်းတွေနဲ့ အစိုးရနည်းပညာကောလိပ်တွေမှာ မကြာခင်ဖွင့်လှစ်တော့မယ့် အင်ဂျင်နီယာ နည်းပညာဘွဲ့ (B.Tech) သင်တန်းတွေကို ကျောင်းတွေက သတ်မှတ်ထားတဲ့ ဝင်ခွင့်စံသတ်မှတ်ချက်တွေနဲ့ ပြည့်မီပါက ဆက်လက်တက်ရောက်နိုင်မှာ ဖြစ်ပါတယ်။

နိုင်ငံတော်ရဲ့ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ဖို့အတွက် ဒေသတွင်း စက်မှုနဲ့စီးပွားရေးလုပ်ငန်းတွေ ဖွံ့ဖြိုးတိုးတက်ရေးဟာ အဓိကကျတဲ့ ကဏ္ဍကနေ ပါဝင်နေသလို ဒီစက်မှုနဲ့ စီးပွားရေးလုပ်ငန်းတွေရဲ့ လိုအပ်ချက်တွေ ဖြည့်ဆည်းနိုင်ဖို့ဆိုတာ နည်းပညာကျွမ်းကျင်သူနဲ့ နည်းပညာရှင် လူ့စွမ်းအားအရင်းအမြစ်တွေ ပြုစုပျိုးထောင် လေ့ကျင့်ပေးတဲ့ GTI ပညာရေးဟာ များစွာအရေးပါလျက်ရှိပါတယ်။ အရည်အသွေးပြည့်ဝတဲ့ GTI ပညာရေးအတွက် နိုင်ငံတကာအသိအမှတ်ပြု သင်ရိုးညွှန်းတမ်းတွေ၊ သင်ကြားရေးဆရာတွေရဲ့ သင်ကြားသင်ယူမှုအရည်အသွေးတွေ၊ ခေတ်မီ သင်ထောက်ကူပစ္စည်းတွေ၊ ကောင်းမွန်တဲ့ အလုပ်ရုံနဲ့ စာသင်ခန်းတွေ၊ စက်မှုလုပ်ငန်းတွေနဲ့ ပူးပေါင်းဆောင်ရွက်မှုတွေဟာ အခရာကျလှပါတယ်။

ဒါကြောင့် နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးဦးစီးဌာနအနေနဲ့ GTI ပညာရေးအရည်အသွေး ပိုမိုတိုးတက်ကောင်းမွန်ဖို့အတွက် အာဆီယံဒေသတွင်း နိုင်ငံတွေမှာရှိတဲ့ နည်းပညာကောလိပ်၊ သိပ္ပံနဲ့ ကျောင်းတွေနဲ့လည်း ချိတ်ဆက်ပူးပေါင်းဆောင်ရွက်သွားမှာဖြစ်ပါတယ်။ GTI တွေမှာ တက်ရောက်ပညာသင်ယူမယ့် AGTI ဒီပလိုမာကျောင်းသား ကျောင်းသူတွေရဲ့ အနာဂတ်ဟာ မိမိတို့ဒေသတွင်းသာမက နိုင်ငံတကာအဆင့်သို့တိုင် အစဉ်ထွန်းတောက်လာတော့မှာ ဖြစ်ပါကြောင်း ရေးသားတင်ပြလိုက်ရပါတယ်။ ။

■

# ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၅၂ ဦးတွေ့ရှိ၊ ရောဂါပိုးတွေ့ရှိမှုရာခိုင်နှုန်းမှာ သုည ဒသမ ၄၈ ရာခိုင်နှုန်းရှိ

## ကိုဗစ် - ၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း (၆-၅-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံအတွင်း ကူးစက်ဖြစ်ပွားနေသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ကုသ၊ ထိန်းချုပ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိပါသည်။

ကိုဗစ်-၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာ ကန့်သတ်ထားရှိသူများအား ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစမ်းသပ်စစ်ဆေးခြင်းအား ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၅-၅-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၆-၅-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၁၀,၉၀၀) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၅၂) ဦးတွေ့ရှိရပါသည်။ ထို့ကြောင့် ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှုရာခိုင်နှုန်းမှာ (၀.၄၈) ရာခိုင်နှုန်း ရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၈,၀၀၉,၂၆၉) ခုအားစစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၆၁၃,၀၁၇) ဦးရှိပြီဖြစ်ပါသည်။

ဓာတ်ခွဲအတည်ပြုလူနာများအား နေအိမ်တွင် သီးခြားထားရှိခြင်းနှင့် ဆေးရုံများတွင် သီးခြားထားရှိ ကုသမှုပေးခြင်းများ ဆောင်ရွက်ခဲ့ရာ ယနေ့တွင်ပြန်လည်ကောင်းမွန်လာသူ (၂၆) ဦးရှိသဖြင့် ယနေ့အထိ ပြန်လည်ကောင်းမွန်လာသူစုစုပေါင်း (၅၉၁,၉၂၈) ဦးရှိပြီဖြစ်ပါသည်။ ယနေ့တွင်လည်း ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူမရှိသဖြင့် ယနေ့အထိသေဆုံးသူစုစုပေါင်း (၁၉,၄၃၄) ဦးရှိပါသည်။

- ကာကွယ်ဆေးအကြိမ်ပြည့်ထိုးနှံမှု ခံယူထားခြင်းဖြင့် ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးရမှုကို ၇ ဆခန့်အထိ လျှော့ချနိုင်သည်ကို တွေ့ရှိရပါသည်။ လူတိုင်းစေ့ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးကို အကြိမ်ပြည့်ထိုးနှံထားရှိရန် လိုအပ်သကဲ့သို့ ကိုယ်ဝန်ဆောင်နှင့် နို့တိုက်မိခင်များ၊ သွေးတိုး၊ နှလုံး၊ ဆီးချိုအစရှိသည့် နာတာရှည်ရောဂါရှိသူများသည်လည်း ကာကွယ်ဆေးအကြိမ်ပြည့် ထိုးနှံကြရန် အထူးလိုအပ်ပါသည်။
- နိုင်ငံတကာခရီးသွားကဏ္ဍတွင် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးအကြိမ်ပြည့်ထိုးနှံမှု ခံယူထားသူများအား ကိုဗစ်-၁၉ ရောဂါဆိုင်ရာ ကန့်သတ်ချက်များနှင့်ပတ်သက်၍ ဖြေလျှော့ပေးခြင်းများစွာ ဆောင်ရွက်လျက်ရှိပါသည်။
- ကျန်းမာရေးဝန်ကြီးဌာနသည် အသက် ၁၅ နှစ်နှင့်အထက် မိဘပြည်သူအားလုံးနှင့် အသက် ၁၂ နှစ်မှ အသက် ၁၈ နှစ်အထိ အခြေခံပညာကျောင်းသူ/ ကျောင်းသားများကို ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး အခမဲ့ထိုးနှံပေးလျက်ရှိခြင်းနှင့် အသက် ၄၀ နှစ်နှင့်အထက် ကာကွယ်ဆေး အကြိမ်ပြည့်ထိုးနှံပြီးစီးမှုကာလ ၆ လနှင့်အထက်ရှိသော မိဘပြည်သူများအား ထပ်ဆောင်း ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး အခမဲ့ထိုးနှံပေးလျက်ရှိပါ၍ ပြည်သူများအနေဖြင့် နီးစပ်ရာ ကျန်းမာရေးဌာနများ၊ ကျေးရွာ/ ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံးများနှင့်ဆက်သွယ်၍ ကာကွယ်ဆေး ထိုးနှံမှုကို မပျက်မကွက်ခံယူကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။
- ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ တရားဝင် အင်တာနက်စာမျက်နှာ www.moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

## ဓာတ်ခွဲခန်းများနှင့် တိုင်းဒေသကြီး/ပြည်နယ်များတွင် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ (၆-၅-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ

| ဓာတ်ခွဲဌာနအမည် | စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | ပိုးတွေ့လူနာသစ် |
|---|---|---|
| ကျန်းမာရေးဝန်ကြီးဌာန၊ ဓာတ်ခွဲခန်းများ | (၄၃၇) ခု | (၁၀) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် GeneXpert စက်များဖြင့် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ | (၁၇၀) ခု | (၁) ဦး |
| ရန်ကုန်မြို့၊ အမှတ် (၁) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၂၃၆) ခု | - |
| နေပြည်တော်၊ အမှတ် (၂) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၄) ခု | - |
| ပုဂ္ဂလိကဆေးရုံနှင့် ဓာတ်ခွဲခန်းများ | (၁,၅၁၆) ခု | - |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၉၂၆) ခု | (၁) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၇,၆၁၁) ခု | (၄၀) ဦး |
| **စုစုပေါင်း** | (၁၀,၉၀၀) ခု | (၅၂) ဦး |

## ကမ္ဘာ့နိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ ကူးစက်/သေဆုံးမှု အများဆုံး ၁၀ နိုင်ငံ

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၈၃၄၃၇၁၅၈ | ၈၀၈၇၂၁၂၂ | ၁၀၂၃၉၀၈ |
| ၂။ | အိန္ဒိယ | ၄၃၀၉၄၅၄၈ | ၄၂၅၄၇၆၉၉ | ၅၂၃၉၇၅ |
| ၃။ | ဘရာဇီး | ၃၀၅၂၄၁၈၃ | ၂၉၆၀၉၀၉၄ | ၆၆၃၉၆၇ |
| ၄။ | ပြင်သစ် | ၂၈၈၄၉၉၁၅ | ၂၇၄၂၆၂၉၃ | ၁၄၆၄၉၈ |
| ၅။ | ဂျာမနီ | ၂၅၂၀၃၅၆၄ | ၂၃၁၃၅၅၀၀ | ၁၃၆၅၆၄ |
| ၆။ | ဗြိတိန် | ၂၂၁၀၂၉၈၃ | ၂၁၄၂၈၄၄၀ | ၁၇၅၉၈၄ |
| ၇။ | ရုရှား | ၁၈၂၁၆၇၁၉ | ၁၇၅၈၈၀၆၇ | ၃၇၆၆၉၆ |
| ၈။ | တောင်ကိုရီးယား | ၁၇၄၆၄၇၈၂ | စိစစ်ဆဲ | ၂၃၂၀၆ |
| ၉။ | အီတလီ | ၁၆၆၈၂၆၂၆ | ၁၅၃၅၃၃၂၃ | ၁၆၄၁၇၉ |
| ၁၀။ | တူရကီ | ၁၅၀၃၈၄၉၅ | ၁၄၉၃၅၈၁၁ | ၉၈၈၁၉ |

## အာဆီယံနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ သတင်းထုတ်ပြန်ချက်

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | ဗီယက်နမ် | ၁၀၆၇၀၅၇၀ | ၉၃၁၆၂၃၇ | ၄၃၀၅၅ |
| ၂။ | အင်ဒိုနီးရှား | ၆၀၄၇၉၈၆ | ၅၈၈၅၀၉၉ | ၁၅၆၃၅၇ |
| ၃။ | မလေးရှား | ၄၄၅၄၁၁၃ | ၄၃၉၁၀၉၀ | ၃၅၅၆၉ |
| ၄။ | ထိုင်း | ၄၃၀၈၃၁၉ | ၄၁၈၁၆၇၁ | ၂၈၉၇၉ |
| ၅။ | ဖိလစ်ပိုင် | ၃၆၈၆၆၉၃ | ၃၆၂၀၇၃၇ | ၆၀၄၃၉ |
| ၆။ | စင်ကာပူ | ၁၂၀၈၉၁၇ | ၁၁၄၅၅၇၆ | ၁၃၄၄ |
| ၇။ | မြန်မာ | ၆၁၃၀၁၇ | ၅၉၁၉၂၈ | ၁၉၄၃၄ |
| ၈။ | လာအို | ၂၀၈၃၆၈ | ၂၀၇၁၈၂ | ၇၄၈ |
| ၉။ | ဘရူနိုင်း | ၁၄၂၄၆၅ | ၁၄၁၆၃၁ | ၂၁၈ |
| ၁၀။ | ကမ္ဘောဒီးယား | ၁၃၆၂၆၀ | ၁၃၃၁၇၂ | ၃၀၅၆ |

## ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာပစ္စည်းများ ပြည်ပမှအဆင်ပြေချောမွေ့စွာ တင်သွင်းနိုင်ရေး ဆောင်ရွက်ပေးလျက်ရှိ

နေပြည်တော် မေ ၆

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ ပစ္စည်းများကို လေကြောင်း၊ ပင်လယ်ရေကြောင်းနှင့် နယ်စပ်ကုန်သွယ်ရေးစခန်းများမှ နှောင့်နှေးကြန့်ကြာမှုမရှိ တင်သွင်းနိုင်ရေးအတွက် အချိန်နှင့်တစ်ပြေးညီ စီစဉ်ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ချင်းရွှေဟော်ကုန်သွယ်ရေးစခန်းမှ ကုမ္ပဏီတစ်ခု၊ ယာဉ်စီးရေနှစ်စီးဖြင့် နှာခေါင်းစည်း ၁၄ တန် တင်သွင်းခဲ့ကြောင်း သိရသည်။

ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ ပစ္စည်းများကို သက်ဆိုင်ရာဌာနများနှင့် ညှိနှိုင်းထားသည့် SOP များနှင့်အညီ ဦးစားပေးတင်သွင်းခွင့်ပြုပေးလျက်ရှိပါကြောင်းနှင့် ဆေးဝါးနှင့်ဆက်စပ်ပစ္စည်းများတင်သွင်းခြင်းနှင့် ဆက်စပ်သည့် အသိပေးကြေညာချက်များကိုလည်း အများပြည်သူသိရှိစေရန် ဝန်ကြီးဌာန ဝက်ဘ်ဆိုက်ဖြစ်သည့် www.commerce.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ရေး စီစဉ်ဆောင်ရွက်ပေးထားကြောင်း သိရသည်။

သတင်းစဉ်



# ပြည်ပနိုင်ငံမှ ခရီးသည်များအား ဇွန်လမှစတင်၍ ဂျပန်နိုင်ငံအတွင်း ပြန်လည်ဝင်ရောက်ခွင့်ပြုမည်

**တိုကျို မေ ၆**

ဂျပန်နိုင်ငံသည် ပြည်ပနိုင်ငံမှ အလည်အပတ်လာရောက်မည့် ခရီးသည်များအား ဇွန်လအတွင်း၌ နိုင်ငံအတွင်းသို့ ပြန်လည်ဝင်ရောက်ခွင့်ပြုသွားမည်ဖြစ်ကြောင်း ဂျပန်အစိုးရက ယနေ့ပြောကြားသည်။

လက်ရှိအချိန်တွင် ဂျပန်နိုင်ငံ၏ နယ်စပ်ဒေသများ၌ ကိုဗစ်-၁၉ ရောဂါဆိုင်ရာ ကျန်းမာရေးစည်းမျဉ်းများကို စတင်ဖြေလျှော့လျက်ရှိကြောင်း သိရသည်။ ဂျပန်နိုင်ငံအနေဖြင့် နိုင်ငံအတွင်းရှိ ကျန်းမာရေးပညာရှင်များနှင့် ညှိနှိုင်းဆွေးနွေးမှုများ ပြုလုပ်သွားမည်ဖြစ်ပြီး နိုင်ငံအတွင်း လက်ရှိချမှတ်ထားသည့် ကိုဗစ်-၁၉ ရောဂါဆိုင်ရာ ကျန်းမာရေးစည်းမျဉ်းများအား အဆင့်လိုက်ပြန်လည်သုံးသပ်သွားမည်ဖြစ်ကြောင်း ဂျပန်ဝန်ကြီးချုပ် ကီရှီဒါက ပြောကြားသည်။

လက်ရှိအချိန်တွင် နေ့စဉ် လူ ၁၀၀၀၀ အား ဂျပန်နိုင်ငံအတွင်းသို့ ဝင်ရောက်ခွင့်ပြုရာ၌ ကျောင်းသားများနှင့် စီးပွားရေးလုပ်ငန်းလုပ်ကိုင်သူများပါဝင်ကြောင်း သိရသည်။ လာမည့်လများအတွင်း ဂျပန်နိုင်ငံသို့ လာရောက်ခွင့်ပြုမည့် ခရီးသည်အရေအတွက်ကို ထပ်မံတိုးမြှင့်သွားနိုင်ရန် အစိုးရက ဆောင်ရွက်လျက်ရှိသည်။ ဂျပန်နိုင်ငံအတွင်း အိုမီခရွန်ဗီဇပြောင်းဗိုင်းရပ်စ် ကူးစက်ပျံ့နှံ့မှုများရှိခဲ့သဖြင့် ပြီးခဲ့သည့် နိုဝင်ဘာလအတွင်းမှစတင်၍ နိုင်ငံခြားသားများအား နိုင်ငံအတွင်းဝင်ရောက်ခွင့် ပိတ်ခဲ့သည်။

**ကိုးကား - ကျိုဒိုနယူးစ်၊ ဘာသာပြန် - စိုးသူရ**




# အမေရိကန်နိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုကြောင့် သေဆုံးသူ တစ်သန်းအထိ ရှိလာ

**ဝါရှင်တန် မေ ၆**

အမေရိကန်နိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုကြောင့် သေဆုံးသူ တစ်သန်းအထိ ရှိလာပြီဖြစ်ကြောင်း အင်န်ဘီစီသတင်းအေဂျင်စီ၏ သတင်းဖော်ပြချက်အရ သိရသည်။

ယင်းသေဆုံးသူ အရေအတွက်သည် နိုင်ငံ၏ ၁၀ ခုမြောက် အကြီးဆုံးမြို့ဖြစ်သည့် ကယ်လီဖိုးနီးယားပြည်နယ် ဆန်ဂျို့စ်မြို့ရှိ လူဦးရေနှင့် ညီမျှမှုရှိသည်။

နိုင်ငံအတွင်း ကပ်ရောဂါစတင်ကူးစက်ပျံ့နှံ့သည့်အချိန်မှစပြီး ၂၇ လအကြာတွင် ရောဂါကူးစက်မှုကြောင့် သေဆုံးသူ တစ်သန်းအထိ မြင့်တက်လာခြင်းဖြစ်သည်။

သို့သော် ပြီးခဲ့သည့် ရက်သတ္တပတ်များအတွင်း သေဆုံးသူဦးရေ လျော့ကျလာခဲ့ပြီး တစ်ရက်လျှင် ရောဂါကူးစက်မှုကြောင့် ၃၆၀ သေဆုံးလျက်ရှိကြောင်း အင်န်ဘီစီ၏ သတင်းဖော်ပြချက်တွင် ပါရှိသည်။

အမေရိကန် သမ္မတဟောင်း ဒေါ်နယ်ထရမ့် လက်ထက်တွင် ကပ်ရောဂါ ကူးစက်ပျံ့နှံ့မှုကာကွယ်ရန် ထိရောက်သည့် နည်းလမ်းများ ကျင့်သုံးဆောင်ရွက်မှု မရှိခြင်းကြောင့် သေဆုံးမှုအရေအတွက်သည် မျှော်မှန်းထားသည်ထက် ပိုမိုများပြားခြင်းဖြစ်ကြောင်း အမေရိကန်ပြည်သူအချို့က သုံးသပ်ကြသည်။

**ကိုးကား - ဆင်ဟွာ**
**ဘာသာပြန် - အောင်ကျော်ကျော်**



# ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုကြောင့် ၂၀၂၁ ခုနှစ်အထိ ကမ္ဘာတစ်ဝန်း၌ သေဆုံးသူပေါင်း ၁၅ သန်းရှိ

**ဂျီနီဗာ မေ ၆**

ကမ္ဘာတစ်ဝန်း၌ ကိုဗစ်-၁၉ ရောဂါ စတင်ကူးစက်ပျံ့နှံ့သည့်အချိန်မှစပြီး ၂၀၂၁ ခုနှစ်ကုန်ပိုင်းအထိ ရောဂါကူးစက်ခံရသူများနှင့် ရောဂါကူးစက်မှုကြောင့် အခြားကျန်းမာရေးစောင့်ရှောက်မှုများ ဆုံးရှုံးရသည့်အတွက် သေဆုံးသူစုစုပေါင်း ၁၅ သန်းခန့် ရှိကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ယမန်နေ့တွင် ပြောကြားသည်။

၂၀၂၀ ပြည့်နှစ် ဇန်နဝါရီ ၁ ရက်မှ ၂၀၂၁ ခုနှစ် ဒီဇင်ဘာ ၃၁ ရက်အထိ ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုကြောင့် သေဆုံးသူများကို စာရင်းပြုစုထားခြင်းဖြစ်ကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ အစီရင်ခံစာတစ်ရပ်တွင် ဖော်ပြထားသည်။

အဆိုပါသေဆုံးသူများတွင် ရောဂါတိုက်ရိုက်ကူးစက်မှုကြောင့် သေဆုံးသူများနှင့် ရောဂါကူးစက်မှုမရှိသော်လည်း အဆိုပါကပ်ရောဂါ ကူးစက်ပျံ့နှံ့မှုကို ကာကွယ်ရန် ခရီးသွားလာခွင့်များ ပိတ်ပင်ထားခြင်းကဲ့သို့ ကျန်းမာရေးစည်းမျဉ်းများ ထုတ်ပြန်ထားခြင်းကြောင့် ကျန်းမာရေးစောင့်ရှောက်မှု ခံယူခွင့်ဆုံးရှုံးခြင်းတို့ကြောင့် သေဆုံးသူများလည်း ပါဝင်ကြောင်း သိရသည်။

ယင်းသေဆုံးသူများအနက် အရှေ့တောင်အာရှနိုင်ငံများ၊ ဥရောပနိုင်ငံများနှင့် အမေရိကတိုက်ရှိနိုင်ငံများမှ သေဆုံးသူ ၈၄ ရာခိုင်နှုန်းရှိကြောင်း သိရသည်။

ထို့ပြင် သေဆုံးသူများအနက် ၅၇ ရာခိုင်နှုန်းသည် အမျိုးသားများဖြစ်ပြီး ၄၃ ရာခိုင်နှုန်းသည် အမျိုးသမီးများဖြစ်သည်။ ရောဂါကူးစက်မှုကြောင့် သေဆုံးသူများအနက် သက်ကြီးရွယ်အိုများတွင် သေဆုံးမှုနှုန်း မြင့်တက်လျက်ရှိကြောင်း သိရသည်။

ကျန်းမာရေးဆိုင်ရာ သတင်းအချက်အလက်များ မျှဝေခြင်းအပါအဝင် ကပ်ရောဂါဖြစ်ပွားစဉ်ကာလအတွင်း ကျန်းမာရေးစနစ်ကို အခိုင်အမာ တည်ဆောက်ထားရန်အတွက် လိုအပ်သည့်ငွေကြေးများ လှူဒါန်းကြရန် ကမ္ဘာ့နိုင်ငံများအား ကမ္ဘာ့ကျန်းမာရေးအဖွဲ့အကြီးအကဲ တီဒရော့စ် အက်ဒါနွမ် ဂါဘရီယီဆက်စ်က အဆိုပါအစီရင်ခံစာတွင် ရေးသားထားကြောင်း သိရသည်။

**ကိုးကား - ဆင်ဟွာ**
**ဘာသာပြန် - အောင်ကျော်ကျော်**

# ကာဇက်စတန်နိုင်ငံ၌ ရေကြီးရေလျှံမှုဖြစ်ပွား

**ဘက်ရှကက် မေ ၆**

ကာဇက်စတန်နိုင်ငံ တောင်ပိုင်းရှိ ဒေသများတွင် မိုးသည်းထန်စွာရွာသွန်းမှုများမှတစ်ဆင့် ရေကြီးရေလျှံမှုနှင့် မြေပြိုမှုများဖြစ်ပေါ်ခဲ့သဖြင့် လူနေအိမ်ခြေ ၈၃၅ လုံး ရေနစ်မြုပ်ကာ လူပေါင်း ၁၀၀၀ ကျော်အား ဘေးလွတ်ရာသို့ ရွှေ့ပြောင်းပေးခဲ့ရကြောင်း ကာဇက်စတန်နိုင်ငံ အရေးပေါ်အခြေအနေဆိုင်ရာ စီမံခန့်ခွဲရေးဝန်ကြီးဌာနက ယမန်နေ့တွင် ပြောကြားသည်။

နိုင်ငံအတွင်းရှိ အော့ရှ်အောဘလပ် ဒေသ၊ အလိုင်းဒေသခွဲတွင် ရေကြီးရေလျှံမှုများဖြစ်ပွားခဲ့သဖြင့် အိမ်ခြေ ၂၂၉ လုံး အပါအဝင် အခြားအဆောက်အအုံများ ပျက်စီးခဲ့ပြီး တိရစ္ဆာန်များ သေဆုံးခဲ့ကြောင်းနှင့် ဂျာလာအဗတ် အောဘလပ်ဒေသ၌ လူပေါင်း ၁၀၆၃ ဦးအား ဘေးလွတ်ရာသို့ ရွှေ့ပြောင်းပေးခဲ့ရပြီး နရန်အောဘလပ်ဒေသတွင် မြေပြိုမှုများကြောင့် လမ်းများ ပျက်စီးခဲ့ကြောင်း သိရသည်။

ယခုဖြစ်ပွားခဲ့သည့် ရေကြီးမှုများနှင့် မြေပြိုမှုများကြောင့် အဆိုပါဒေသများရှိ အခြေခံအဆောက်အအုံများ ပျက်စီးခဲ့ရပြီး အိမ်များနှင့် စိုက်ပျိုးမြေများ ပျက်စီးခဲ့ကြောင်း သိရသည်။ လက်ရှိအချိန်၌ အဆိုပါ သဘာဝဘေးကြောင့် ဖြစ်လာရသည့် ပျက်စီးမှုများကို ပြုပြင်ထိန်းသိမ်းနိုင်ရန် ဒေသန္တရတာဝန်ရှိသူများနှင့် စစ်ဘက်မှ အမြန်ဆုံးဆောင်ရွက်နေကြောင်း သိရသည်။ **ကိုးကား - ဆင်ဟွာ**
**ဘာသာပြန် - စိုးသူရ**



# အိန္ဒိယနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၃၅၄၅ ဦး ထပ်မံတွေ့ရှိ

**နယူးဒေလီ မေ ၆**

အိန္ဒိယနိုင်ငံ၌ လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၃၅၄၅ ဦး ထပ်မံတွေ့ရှိခဲ့သည့်အတွက် ရောဂါကူးစက်ခံရသူပေါင်း ၄၃၀၉၄၉၃၈ ဦးရှိလာကြောင်း အိန္ဒိယကျန်းမာရေးဝန်ကြီးဌာန၏ နောက်ဆုံးကိန်းဂဏန်းများအရ သိရသည်။

ရောဂါထပ်မံတွေ့ရှိသူများအနက် ၁၃၆၅ ဦးသည် မြို့တော်နယူးဒေလီမှ ဖြစ်သည်။ လက်ရှိအချိန်အထိ မြို့တော်အတွင်း ရောဂါကူးစက်ခံရသူပေါင်း ၅၇၅၆ ဦးရှိကြောင်း သိရသည်။

ထို့ပြင် လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုကြောင့် ၂၇ ဦး ထပ်မံသေဆုံးခဲ့ရာ အဆိုပါရောဂါကြောင့် သေဆုံးသူပေါင်း ၅၂၄၀၀၂ ဦး ရှိကြောင်း သိရသည်။

လက်ရှိတွင် ပိုးတွေ့ဆဲလူနာ ၁၉၆၈၈ ဦးရှိသည်။

လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၃၅၄၉ ဦး ကျန်းမာရေး ပြန်လည်ကောင်းမွန်လာသည့်အတွက် ဆေးရုံများမှ ပြန်လည်ဆင်းသွားကြရာ ရောဂါမှ ပြန်လည်သက်သာလာသူပေါင်း ၄၂၅၅၁၂၄၈ ဦးရှိပြီဖြစ်ကြောင်း သိရသည်။ **ကိုးကား - ဆင်ဟွာ**
**ဘာသာပြန် - အောင်ကျော်ကျော်**



# တောင်ကိုရီးယားနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၂၆၇၁၄ ဦး ထပ်မံတွေ့ရှိ

**ဆိုးလ် မေ ၆**

တောင်ကိုရီးယားနိုင်ငံ၌ ပြီးခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၂၆၇၁၄ ဦး ထပ်မံတွေ့ရှိရသဖြင့် နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၁၇၄၆၄၇၈၂ ဦးရှိလာကြောင်း ကျန်းမာရေးတာဝန်ရှိသူများက ယနေ့ပြောကြားသည်။

ပြီးခဲ့သည့် သီတင်းပတ်အစောပိုင်းက နေ့စဉ် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၅၀၅၅၆ ဦးရှိခဲ့ရာမှ လက်ရှိအချိန်တွင် ၄၂၂၉၆ ဦးအထိ ကျဆင်းလာခဲ့ကြောင်း တောင်ကိုရီးယား ရောဂါကာကွယ်ရေးနှင့် ထိန်းချုပ်ရေးအေဂျင်စီက ပြောကြားသည်။

နိုင်ငံအတွင်း မတ်လလယ်က အိုမီခရွန်ဗီဇပြောင်းဗိုင်းရပ် ကူးစက်ပျံ့နှံ့မှုများကြောင့် ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုများမြင့်တက်ခဲ့သော်လည်း ရောဂါကာကွယ် ထိန်းချုပ်ရေးလုပ်ငန်းများကို ဆောင်ရွက်နိုင်ခဲ့သဖြင့် ရောဂါကူးစက်မှုများ ပြန်လည်ကျဆင်းခဲ့သည်။ နိုင်ငံအတွင်း လက်ရှိအချိန်၌ ပြည်ပမှ ပြန်လည်ရောက်ရှိလာသူ ၃၂၁၁၈ ဦးတွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရကြောင်း တွေ့ရှိရပြီး ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူ ၂၃၂၀၆ ဦးရှိကြောင်း သိရသည်။ နိုင်ငံအတွင်း လက်ရှိအချိန်တွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးနှစ်ကြိမ်ထိုးနှံပြီးစီးသူ ၄၄၅၅၁၈၇၉ ဦး (လူဦးရေ၏ ၈၆ ဒသမ ၈ ရာခိုင်နှုန်း)ရှိပြီး အပိုဆောင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပြီးစီးသူ ၃၃၁၅၇၃၄၃ (လူဦးရေ၏ ၆၄ ဒသမ ၆ ရာခိုင်နှုန်း)ရှိသည်။ **ကိုးကား - ဆင်ဟွာ၊ ဘာသာပြန် - စိုးသူရ**

# တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေး ဆောင်ရွက်လျက်ရှိ

**နေပြည်တော် မေ ၆**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့် မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းတို့အား ဌာနဆိုင်ရာပူးပေါင်း အဖွဲ့များဖြင့် ၂၀၁၇ ခုနှစ် မတ် ၁ ရက်တွင် စတင်ဖွင့်လှစ် ဆောင်ရွက်ခဲ့ပြီး မေ ၅ ရက်တွင် မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီး တစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၂၈၃ စီး၊ သွင်းကုန် ၂၃ စီး၊ ရန်ကုန်-မြဝတီလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် သွင်းကုန် ၂၄၆ စီး ကုန်စည်များသယ်ယူပို့ဆောင်လျက်ရှိသည်။

**သိမ်းဆည်းရမိ**

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း/တင်ပို့သော ကုန်ပစ္စည်းများကို စစ်ဆေးမှုများပြုလုပ်ဆောင်ရွက်လျက်ရှိရာ မေ ၅ ရက်တွင် မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းရှိ တာဝန်ကျ စစ်ဆေးရေးအဖွဲ့က တားဆီးစစ်ဆေးရာ ယာဉ်ပေါ်၌ ခရီးသည်ဝန်စည် များနှင့်အတူ ရောနှောတင်ဆောင်လာသော တရားဝင်စာရွက်စာတမ်း တစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသော အကောက်ခွန်မဲ့ဖြစ်သည့် Auro Bright (Rose Facial Soap) 1600 Nos ကုန်ပစ္စည်းတစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၆ ဒသမ ၄၀၀ သန်း) သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

ကမ္ဘာ့ကြက်ခြေနီနေ့

World Red Cross Day

# ကြင်နာစိတ်ထား ကြက်ခြေနီများ

လူတိုင်းအပေါ် ကူညီသွား

#Be Human KIND

၂၀၂၂ ခုနှစ်၊ မေလ(၈)ရက်။

ပြည့်ဝဆီများကို

တတ်နိုင်သမျှ လျှော့စား၍ အသွင်ပြောင်းဆီများ

စားသုံးခြင်းကို လုံးဝရှောင်ကြဉ်ကြပါစို့

# တရားမဝင် သစ်မျိုးစုံ၊ အဝတ်အထည်များ၊ လူသုံးကုန်ပစ္စည်း၊ လုပ်ငန်းသုံးပစ္စည်း၊ အိမ်သုံးပစ္စည်း ဖုန်းဆက်စပ်ပစ္စည်း၊ လျှပ်စစ်ပစ္စည်းများနှင့် မော်တော်ယာဉ်များ သိမ်းဆည်းရမိ

**နေပြည်တော် မေ ၆**

တရားမဝင် ကုန်သွယ်မှု တိုက်ဖျက်ရေး ဦးဆောင် ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ မေ ၅ ရက်တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် မွန်ပြည်နယ် မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်း၌ တာဝန်ကျ ပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မြဝတီမှ ရန်ကုန်သို့ မောင်းနှင်လာသော ခရီးသည်တင်မှန်လုံယာဉ် တစ်စီးပေါ်၌ တရားဝင် စာရွက်စာတမ်း အထောက်အထား တစ်စုံတစ်ရာ တင်ပြနိုင်ခြင်း မရှိသည့် လူသုံးကုန်ပစ္စည်းများ **(ခန့်မှန်း တန်ဖိုးငွေကျပ် ၆၄၀၀၀၀၀)**ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

**သိမ်းဆည်းရမိ**

အလားတူ ရှမ်းပြည်နယ် တရားမဝင် ကုန်သွယ်မှု တိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် လားရှိုးမြို့နယ် အကောက်ခွန်ဦးစီး ဌာနမှူးရုံး အဖွဲ့ ဦးဆောင်သည့် စစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ လားရှိုးမှ မန္တလေးသို့ မောင်းနှင်လာသော ယာဉ်သုံးစီးပေါ်တွင် တရားဝင် စာရွက်စာတမ်း အထောက်အထားတစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် အဝတ်အထည်များ၊ လူသုံးကုန်ပစ္စည်းများ၊ ဖုန်းဆက်စပ်ပစ္စည်းနှင့် လျှပ်စစ်ပစ္စည်းများ **(ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၉၄၅၅၀၀၀)**နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် ၁၂ ဘီး ကုန်တင်ယာဉ် သုံးစီး **(ခန့်မှန်းတန်ဖိုးငွေကျပ် ၅၁၀၀၀၀၀၀) စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၂၁၀၄၅၅၀၀၀** ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ယင်းအပြင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် မြန်မာစက်မှုဆိပ်ကမ်း ကုန်သေတ္တာ စစ်ဆေးရေးစခန်း၌ တာဝန်ကျ အကောက်ခွန်အဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ သွင်းကုန်ကြေညာလွှာ (ID)တွင် ကြေညာထားခြင်းမရှိသော လုပ်ငန်းသုံးပစ္စည်းများ၊ အဝတ်အထည်များနှင့် အိမ်သုံးပစ္စည်းများ **(ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၄၅၈၈၁၀၀)**ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် မေ ၆ ရက်တွင် ပဲခူးတိုင်းဒေသကြီး တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တိုင်းဒေသကြီး သစ်တောဦးစီးဌာန ဦးဆောင်သော ပူးပေါင်းစစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ တောင်ငူခရိုင် ဖြူးမြို့နယ်အတွင်း တရားမဝင်သစ်မျိုးစုံ ၁ ဒသမ ၆၁၁၂ တန် **(ခန့်မှန်းတန်ဖိုးငွေကျပ် ၁၆၁၁၂၀)**ကို သိမ်းဆည်းရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူ ဆောင်ရွက်လျက်ရှိသည်။

ယင်းအပြင် စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဦးဆောင်သော စစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ စစ်ကိုင်းမြို့နယ်နှင့် ရွှေဘိုမြို့နယ်တို့အတွင်း လိုင်စင်မဲ့ ခြောက်ဘီးယာဉ် တစ်စီး **(ခန့်မှန်းတန်ဖိုးငွေကျပ် ၆၀၀၀၀၀၀)**နှင့် ဆိုင်ကယ်တစ်စီး **(ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀၀၀၀၀) စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၆၂၀၀၀၀၀** ကိုသိမ်းဆည်းရမိခဲ့ပြီး ပို့ကုန်သွင်းကုန် ဥပဒေနှင့်အညီ အရေးယူ ဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ပါ၍ မေ ၅ ရက်နှင့် ၆ ရက်တို့တွင် သိမ်းဆည်းရမိမှု စုစုပေါင်းမှာ အမှုတွဲ ၁၃ မှု **(ခန့်မှန်း တန်ဖိုးငွေကျပ် ၃၂၇၈၀၄၂၂၀)** ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**



ရှမ်းပြည်နယ် လားရှိုးမြို့နယ်၌ သိမ်းဆည်းရမိသည့် တရားမဝင်ဖုန်းဆက်စပ်ပစ္စည်းများနှင့် လျှပ်စစ်ပစ္စည်းများကိုတွေ့ရစဉ်။

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၇-၅-၂၀၂၂ စနေနေ့

**MRTV HD**

- **၀၆:၀၀** မေတ္တာသုတ်၊ ရတနသုတ်၊ မောရပိရ်သုတ် အန္တရာယ်ကင်းပရိတ်တရားတော်
- **၀၇:၀၀** နံနက်ခင်းသတင်း
- **၀၈:၃၅** ပြည်သူအားလုံးနှင့်သက်ဆိုင်သော အနာဂတ်ဒီမိုကရေစီ
- **၀၉:၄၀** ခေတ်အလိုက်ကြေးမုံပြင် 'ကျောက်ခေတ်၊ ကြေးခေတ်၊ သံခေတ်ပြခန်း' (အမျိုးသားပြတိုက်)
- **၁၀:၃၀** လူငယ်မျိုးဆက်သစ်အစီအစဉ်
- **၁၁:၄၅** တိုင်းရင်းသားရိုးရာအစားအစာ ချက်ပြုတ်နည်းများ
- **၁၃:၃၀** MRTV National News
- **၁၆:၃၅** ပုံပြင်ကမ္ဘာအစီအစဉ် 'စဉ်းစားဆင်ခြင်ဉာဏ်နဲ့ယှဉ်'
- **၁၇:၂၀** ရှုလေမြင်လေကမ္ဘာမြေ
- **၁၇:၃၅** အနုပညာအသိုက်အမြုံရွှေညာမြေကရုပ်စုံ
- **၁၇:၅၀** Raod to 31st SEA Games Vietnam
- **၁၈:၀၀** ပြည်တွင်းသတင်း
- **၁၈:၃၅** သုတဝေဖြာသိရိဂေဟာ
- **၁၉:၁၅** နိုင်ငံခြားဇာတ်လမ်းတွဲ 'အမှန်တရားရဲ့လျှို့ဝှက်ချက်' (အပိုင်း-၈၆)
- **၂၀:၀၀** ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
- **၂၁:၀၀** သုဝဏ္ဏသာမဇာတ်တော်ကြီး (မန်းသိင်္ဂီရုပ်စုံသဘင်)

**mitv**

- **07:00** Evergreen Classic: Zambudipar (Shwe Yee Win)
- **07:07** Weekly Review
- **07:23** Myanmar Traditional Snacks: Shwe Hta Min
- **07:28** Myanmar Designer Studio: Dr. Thazin Khin
- **07:44** Quiz Time (Ep-9)
- **09:01** News
- **09:26** Global Partnership for Brighter Future: Chile Pavilion at Expo 2020 Dubai
- **09:35** Nga Laik Dam & Nga Laik Kan Tha Eco Resort
- **09:45** Inlay Traditional Lotus Fabric
- **10:02** Egg Shell
- **10:27** Atuladhipati Mahamunisacca Koe Htat Kyee Pagoda

**MRTV NRC**

- **အနောက်ပိုးကရင် (၀၆:၀၀ မှ ၀၇:၀၀)** ဆီးချိုသွေးချိုရောဂါအကြောင်းသိကောင်းစရာ
- **အရှေ့ပိုးကရင် (၀၇:၀၀ မှ ၀၈:၀၀)** ကရင်မြို့မျိုးနွယ်စုနေထိုင်ရာတောင်တန်းဒေသ
- **ချင်း (လိုင်ဇို) (၀၈:၀၀ မှ ၀၉:၀၀)** ကိုယ်တိုင်စိတ်ကစ်လိမ်းခြယ်နည်း
- **ချင်း (ချိုး) (၀၉:၀၀ မှ ၁၀:၀၀)** ထောပတ်သီးကြက်ဥလိပ်နှင့် ထောပတ်သီးကြက်ဥပေါင်း
- **မွန် (၁၀:၀၀ မှ ၁၂:၀၀)** သွားလည်ကြမည်ဇင်းကျိုက်ရေတံခွန်ဆီ
- **ရခိုင် (၁၂:၀၀ မှ ၁၄:၀၀)** လေးရှင်းတောင်မီးပြတိုက်ဟောင်း
- **ရှမ်း (၁၄:၀၀ မှ ၁၆:၀၀)** ငြိမ့်သည်လာရင်ပြန်မှာစိုးရိုးသားတဲ့လူမျိုး
- **ဝ (၁၆:၀၀ မှ ၁၈:၀၀)** ဝရိုးရာခေါ်ပုတ်ထောင်းနည်း
- **ကချင် (၁၈:၀၀ မှ ၂၀:၀၀)** ဝိုင်းမော်အထင်ကရနေရာသို့သွားလည်ကြမယ်
- **ကယား (၂၀:၀၀ မှ ၂၂:၀၀)** စိတ်ဝင်စားစရာရိုးရာဓလေ့ထူးခြားချက်များ ကယားတိုင်းရင်းသားများရဲ့နာမည်မှည့်ခေါ်ခြင်း
- **ဝကကကရင် (၂၂:၀၀ မှ ၂၃:၀၀)** တိမ်တိုက်ကြားကဘောဂလီမြို့

**MRTV NEWS**

- **၀၆:၀၀** အဖွင့်၊ တေးသီချင်း
- **၀၆:၃၀** အားကစားသတင်း
- **၀၉:၃၀** နိုင်ငံတကာသတင်း (LIVE)
- **၁၁:၀၀** ပြည်တွင်းသတင်း (LIVE)
- **၁၃:၃၀** နိုင်ငံတကာသတင်း (LIVE)
- **၁၄:၀၀** MRTV National News
- **၁၅:၀၀** ပြည်တွင်းသတင်း (LIVE)
- **၁၇:၃၀** နိုင်ငံတကာသတင်း (LIVE)
- **၁၉:၀၀** ပြည်တွင်းသတင်း (LIVE)
- **၂၀:၀၀** ပြည်တွင်းသတင်း (LIVE)
- **၂၁:၀၀** ပြည်တွင်းသတင်း (LIVE)

**MRTV PARLIAMENT**

- **၀၉:၀၀** အဖွင့်၊ အလံ
- **၀၉:၃၀** ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို 'တောင်းပန်ပါတယ်'
- **၁၀:၀၀** ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ကြေညာချက်သတင်းများ
- **၁၀:၃၀** ဥပဒေဆိုင်ရာသိမှတ်ဖွယ်ရာဆွေးနွေးခန်း (အပိုင်း-၄)
- **၁၁:၀၀** နိုင်ငံတကာရွေးကောက်ပွဲများအကြောင်း (ဂျပန်နိုင်ငံ)
- **၁၁:၃၀** အတွေးအမြင် (အပိုင်း-၄)

**MRTV FARMERS**

- **၀၆:၀၀** အဖွင့်၊ နိုင်ငံတော်သီချင်း၊ နှုတ်ခွန်းဆက်
- **၀၆:၀၂** တောင်သူလယ်သမားရေးရာသတင်း
- **၀၆:၂၅** နွေနှမ်းစိုက်ပျိုးဝင်ငွေတိုး
- **၀၇:၀၀** ဆေးပက်ဝင်ဟင်းသီးဟင်းရွက်နှင့်ကျန်းမာရေး
- **၀၇:၃၅** ရေပုတ်သင်မွေးမြူရေး
- **၀၇:၅၀** မြန်မာ့တော်ဝင်ထန်းလျက်
- **၀၈:၀၀** လုပ်းလို့အရောက်လာပါ Big-M စိုက်ပျိုးရေးခြံကကြိုနေမှာ
- **၀၈:၂၀** ချိုမြိန်သောဘဝများရဲ့နှင်းဆီ

**MRTV SPORTS**

- **၀၆:၀၀** အဖွင့်
- **၀၆:၃၀** အခြေခံအားကစားနည်းစနစ်များ
- **၀၇:၀၀** Sports News
- **၀၇:၃၀** Soccer View/ Weekly Sports Info
- **၀၇:၄၅** အားကစားလောကထဲက သူတို့အကြောင်း
- **၀၈:၀၀** ပြန်လည်ခံစားမြန်မာနေရှင်နယ်လိဂ် ဘောလုံးပွဲစဉ်များ
- **၂၀:၀၀** ပြည်တွင်းသတင်း

Education Channel ကို စနေ၊ တနင်္ဂနွေမှအပ နံနက်(၁၀:၀၀)နာရီမှ ည(၁၀:၀၀)နာရီထိ ထုတ်လွှင့်ပြသပေးလျက်ရှိပါသည်။

SCAN ME

www.mrtv.gov.mm t.me/mrtvnews twitter.com/mrtvwebportal

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အကြမ်းဖက်မှုတိုက်ဖျက်ရေးဗဟိုအဖွဲ့မှ ကြေညာထားသည့် အကြမ်းဖက်အဖွဲ့အစည်းများနှင့် ဆက်သွယ်ဆောင်ရွက် ထောက်ပံ့နေသူများနှင့် အကြမ်းဖက်လုပ်ရပ်များကို ကျူးလွန်သူများအား ပြစ်ဒဏ်အသီးသီးချမှတ်

နေပြည်တော် မေ ၆

ရန်ကုန်တိုင်းဒေသကြီး ရွှေပြည်သာမြို့နယ် (၁၈)ရပ်ကွက်နေ ဖြိုးမင်းထွန်း(ခ)ကိုဖြိုး(ဘ) ဦးဇော်မင်းထွန်း၊ ကိုလတ်နှင့် ဖိုးသားတို့သုံးဦးသည် ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလမှ ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၁၉ ရက်အတွင်း အဆိုပါမြို့နယ်အတွင်း၌ ပြုလုပ်သော ဆူပူဆန္ဒပြမှုများတွင် ပါဝင်ခြင်း၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အကြမ်းဖက်မှုတိုက်ဖျက်ရေးဗဟိုအဖွဲ့၏ အမိန့်ကြော်ငြာစာအမှတ် (၂/၂၀၂၁)ဖြင့် အကြမ်းဖက်အုပ်စုများအဖြစ် သတ်မှတ်ကြေညာထားသည့် အဖွဲ့အစည်းများနှင့် ဆက်သွယ်ခြင်း၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ နယ်မြေအတွင်း သင်တန်းတက်ရောက်ခြင်း၊ လက်နက်၊ ခဲယမ်းများ သိုဝှက်သိမ်းဆည်းခြင်း၊ ၂၀၂၁ ခုနှစ် ဒီဇင်ဘာ ၁၉ ရက်တွင် အမှတ်(၉)ရပ်ကွက် အုပ်ချုပ်ရေးမှူးဟောင်းတစ်ဦးအား ဒလန်အဖြစ် စွပ်စွဲလုပ်ကြံသတ်ဖြတ်ရာတွင် အားပေးကူညီခြင်းနှင့် အမှတ်(၁၈)ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံးအား လက်ပစ်ဗုံးဖြင့်ပစ်ခတ်ပြီး ရုံးအဖွဲ့ဝင်များအား သေနတ်ဖြင့် ပစ်ခတ်သတ်ဖြတ်ရာတွင် ပါဝင်ခြင်း တို့ကြောင့် စစ်အုပ်ချုပ်ရေး(Martial Law) စစ်ခုံရုံးဖွဲ့၍ စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ အကြမ်းဖက်မှု တိုက်ဖျက်ရေး ဥပဒေပုဒ်မ- ၅၄ အရ ၂၀၂၂ ခုနှစ် မေ ၅ ရက်တွင် "သေဒဏ်" အမိန့်ချမှတ်လိုက်ကြောင်း သိရသည်။



ဖြိုးမင်းထွန်း(ခ) ကိုဖြိုး



ဇော်ဇော်ထွန်း (ခ) ဇော်ကြီး



မင်းစစ်သွေး (ခ) ICE

ထို့အပြင် ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ် မြောက်ပိုင်းမြို့နယ် (၄၁)ရပ်ကွက်နေ ဇော်ဇော်ထွန်း (ခ) ဇော်ကြီး(ဘ) ဦးမော်ဇင်နှင့် (၃၂)ရပ်ကွက်နေ မင်းစစ်သွေး(ခ)ICE (ဘ)ဦးမြင့်ဦးတို့သည် ၂၀၂၁ ခုနှစ် အောက်တိုဘာ ၁၁ ရက်တွင် သမိုင်းလမ်းဆုံ City Mart အနီးရှိ ယာဉ်ထိန်းရုံးအား မိုင်းထောင်ဖောက်ခွဲရာ၌ အားပေးကူညီခြင်းကြောင့် စစ်အုပ်ချုပ်ရေး (Martial Law) စစ်ခုံရုံးဖွဲ့၍ စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ အကြမ်းဖက်မှု တိုက်ဖျက်ရေးဥပဒေပုဒ်မ ၅၀(ဈ) အရ ၂၀၂၂ ခုနှစ် မေ ၅ ရက်တွင် "ထောင်ဒဏ်တစ်သက်" ပြစ်ဒဏ် အမိန့်ချမှတ်လိုက်ကြောင်း သိရသည်။

အဆိုပါ ပြစ်ဒဏ်ချမှတ်ခံရသူများအနက်မှ ထွက်ပြေးလွတ်မြောက်နေသူများအား ၎င်းနှင့် စပ်လျဉ်း၍ ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ-၈၇၊ ၈၈ အရ ဖမ်းဝရမ်းထုတ်ဆင့်ရန် အမိန့်ချမှတ်ခဲ့ကြောင်း သိရသည်။

စစ်အုပ်ချုပ်ရေး အမိန့်ထုတ်ပြန်ကြေညာထားသည့် မြို့နယ်များအတွင်း စစ်ခုံရုံးဖြင့် စစ်ဆေးမည့် ပြစ်မှုဆိုင်ရာ ၂၃ မျိုးကိုလည်း ပူးတွဲထုတ်ပြန်ထားကြောင်းနှင့် အဆိုပါပြစ်မှုများကို ဖောက်ဖျက်ကျူးလွန်ပါက စစ်ခုံရုံးဖွဲ့၍ စစ်ဆေးမှုများဆောင်ရွက်ကာ ထိထိရောက်ရောက် မြန်မြန်ဆန်ဆန် အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

# အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများအား လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းတို့ ပြုလုပ်ခဲ့သူများအား ဖော်ထုတ်အရေးယူ

နေပြည်တော် မေ ၆

အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူ အနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်မျှဝေခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-က နှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ရေးဥပဒေပုဒ်မ ၃၃(က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သော ပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီလ ၂၅ ရက်နေ့တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီး ဖြစ်ပါသည်။

ထိုကဲ့သို့ အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ရန်ကုန်တိုင်းဒေသကြီး စမ်းချောင်းမြို့နယ်နေ သန်းလွင်(ခ) ဒါရိုက်တာ မောင်သီသည် ၎င်းအသုံးပြုသည့် "U Thi" Face book အကောင့်၊ ကမာရွတ်မြို့နယ် အမှတ်(၁)ရပ်ကွက်နေ မေမွန်မြတ်သူသည် ၎င်းအသုံးပြုသည့် "May Mon Myat Thu" Facebook အကောင့်၊ ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့နယ် တာကောက်ကျေးရွာနေ သာဒွေးသည် ၎င်းအသုံးပြုသည့် "Thar Dwe" Facebook အကောင့်နှင့် ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် အမှတ်(၇၀)ရပ်ကွက်နေ ဇော်မင်းဦးသည် ၎င်းအသုံးပြုသည့် "Zaw Min Oo" Facebook အကောင့်တို့သည် အသိပေးသတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ် အရေးယူခြင်းများ ဆောင်ရွက်ခဲ့သည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံ အဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်း ပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူတို့အား ဆက်လက်ဖော်ထုတ် အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများ သိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန်အပ်ပါသည်။

သတင်းစဉ်

## ဟသ်ာတမြို့နယ်၌ သစ်စိမ်းမြေဩဇာမျိုးစေ့ ပေးအပ်ပွဲနှင့် ကြဲပက်စိုက်ပျိုးပွဲပြုလုပ်

ဟသ်ာတ မေ ၆

ဧရာဝတီတိုင်းဒေသကြီး ဟသ်ာတမြို့နယ်တွင် စိုက်ပျိုးရေးဦးစီးဌာန၏ ၂၀၂၂-၂၀၂၃ မိုးစပါးရာသီတွင် မြေဆီလွှာဖွံ့ဖြိုးတိုးတတ်စေရန်အတွက် သစ်စိမ်းမြေဩဇာ (ပိုက်ဆံလျှော်)မျိုးစေ့ပေးအပ်ပွဲနှင့်ကြဲပက်စိုက်ပျိုးပွဲ(ကွင်းသရုပ်ပြပွဲ) ကိုယနေ့တွင် ဟသ်ာတမြို့နယ် ကံလှကျေးရွာအုပ်စု နင်းကြမ်းကျေးရွာ ကွင်းအမှတ် (၁၄၆၄)၃၂/၂ ရှိ တောင်သူ ဦးကျော်စိုး၏လယ်မြေ၌ ပြုလုပ်သည်။

အခမ်းအနားတွင် ဟသ်ာတခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးမြင့်သန်းဝင်းနှင့် အဖွဲ့ဝင်များက ဆောင်းနေကြာစိုက်ပျိုးနိုင်ရေး မျိုးစေ့လုံလောက်စွာရရှိနိုင်ရန်ကိစ္စများ၊ ဆီထွက်သီးနှံ(နေကြာ) မျိုးစေ့ထုတ်သီးသန့်စိုက်ပျိုးရန် တောင်သူများနှင့် တွေ့ဆုံဆွေးနွေးခဲ့ကြပြီး မြေဆီလွှာ ဖွံ့ဖြိုးတိုးတက်ရေး သစ်စိမ်းမြေဩဇာ (ပိုက်ဆံလျှော်) မျိုးစေ့များအား တောင်သူများထံသို့ တာဝန်ရှိသူများက ပေးအပ်ကြသည်။

ဆက်လက်၍ ဟသ်ာတခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမြင့်သန်းဝင်း ဦးဆောင်၍ ခရိုင်နှင့်မြို့နယ်အဆင့် ဌာနဆိုင်ရာအကြီးအကဲများ၊ တောင်သူများက ဦးကျော်စိုး၏လယ်မြေခြောက်ဧကတွင် သစ်စိမ်းမြေဩဇာ(ပိုက်ဆံလျှော်)မျိုးစေ့ စုပေါင်းကြဲပက်ခဲ့ကြသည်။

ကိုဇော် - ဟသ်ာတ

## ဆီထွက်သီးနှံ မုန်ညင်းစေ့များ မန္တလေးဈေးကွက်တွင် ဈေးကောင်းရရှိကာ အရောင်းသွက်

မန္တလေး မေ ၆

ယခုရက်ပိုင်းအတွင်း ဗန်းမော်၊ ကသာ၊ ထီးချိုင့်နှင့် မိုးမိတ်ဒေသများမှ ထွက်ရှိလာသည့် ဆီထွက်သီးနှံမုန်ညင်းစေ့များ မန္တလေးဈေးကွက်အတွင်း ဈေးကောင်းရရှိကာ အရောင်းအဝယ်များလည်း သွက်လက်မြန်ဆန်နေကြောင်း မန္တလေးပဲကုန်သည်များထံမှ သိရသည်။

အဆိုပါ မုန်ညင်းစေ့ဈေးနှုန်းများမှာ ယခင်နှစ်ကာလတူအချိန်က ဆီမုန်ညင်းစေ့ တစ်ပိဿာလျှင်ငွေကျပ် ၁၈၀၀ သာရရှိခဲ့သော်လည်း ယခုအချိန်တွင် ဆီမုန်ညင်းစေ့တစ်ပိဿာလျှင်ငွေကျပ် ၂၉၀၀ ဈေးဖြင့်



ဈေးကောင်းများရရှိကာ အရောင်းအဝယ်များလည်း သွက်လက်နေကြောင်း မန္တလေးမြို့မှ စိုးဝင်းမြင့်ပွဲရုံပိုင်ရှင် ဦးစိုးဝင်းမြင့်ထံမှ သိရသည်။

"ဒီရက်ပိုင်းဈေးကွက်ကို ဝင်ရောက်လာတဲ့ ဆီထွက်သီးနှံ မုန်ညင်းစေ့တွေဟာ ယခင်နှစ်ကာလတူပေါက်ဈေးထက် ဈေးနှုန်းပိုမိုပြီး ကောင်းမွန်နေပါတယ်။ မုန်ညင်းက အရွက်စားဟင်းချက်မုန်ညင်းနဲ့ ဆီထုတ်လုပ်နိုင်တဲ့ ဆီမုန်ညင်းဆိုပြီး နှစ်မျိုးနှစ်စားရှိပါတယ်။ ဆီထုတ်မုန်ညင်းကတော့ ဆောင်းသီးနှံအနေနဲ့တစ်နှစ်မှာ တစ်ရာသီပဲစိုက်ပျိုးကြပါတယ်။ နိုဝင်ဘာလမှာစတင်စိုက်ပျိုးပြီးတော့ ဇန်နဝါရီလမှာထွက်ရှိပါတယ်။ ဈေးကွက်ဝင်သီးနှံလည်း ဖြစ်ပါတယ်။ အဲဒါကြောင့် မုန်ညင်းကို တောင်သူတွေအနေနဲ့ တိုးချဲ့စိုက်ပျိုးသင့်ပါတယ်။ တောင်ပေါ်ဒေသတွေမှာ ပိုမိုဖြစ်ထွန်းပါတယ်။ အရွက်စားမုန်ညင်းကတော့ နေရာဒေသမရွေးစိုက်ပျိုးနိုင်ပါတယ်" ဟု ၎င်းကရှင်းပြသည်။

အဆိုပါ ဆီထွက်သီးနှံဖြစ်သည့် မုန်ညင်းကို တောင်ပေါ်ဒေသများဖြစ်သော ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ ကချင်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး(အထက်ပိုင်း) စသည့်ဒေသများတွင် အဓိကစိုက်ပျိုးထွက်ရှိလာပြီး ယင်းဒေသများမှ ထွက်ရှိလာသည့် ဆီမုန်ညင်းစေ့များကို မန္တလေးဈေးကွက်မှတစ်ဆင့် အခြားဒေသများသို့ ပြန်လည်ရောင်းချပေးကြောင်း သိရသည်။

မင်းထက်အောင်(မန်းကိုယ်ပွား)

## စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ
## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ်မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၇-၅-၂၀၂၂ ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၀၆၅ | ၂၁၁၅ | ၂၁၀၅ | ၂၀၇၅ | ၂၁၁၀ | ၂၁၃၅ | ၂၁၂၀ | ၂၁၀၀ | ၂၁၉၀ | ၂၂၀၅ | ၂၁၁၅ | ၂၁၁၅ | ၂၁၅၀ | ၂၁၅၀ | ၂၁၅၀ | ၂၃၇၀ | ၂၄၆၀ |
| 95 Ron | ၂၁၂၅ | ၂၁၇၅ | ၂၁၇၀ | ၂၁၃၅ | ၂၁၇၀ | ၂၁၉၅ | ၂၁၈၀ | ၂၁၆၀ | ၂၂၅၀ | ၂၂၇၀ | ၂၁၆၅ | ၂၁၈၀ | ၂၂၁၀ | ၂၂၁၀ | ၂၂၁၀ | ၂၄၃၀ | ၂၅၇၀ |
| HSD (500 ppm) | ၂၃၄၅ | ၂၃၉၅ | ၂၃၉၀ | ၂၃၅၅ | ၂၃၉၀ | ၂၄၁၅ | ၂၄၁၀ | ၂၃၈၀ | ၂၄၉၅ | ၂၄၉၀ | ၂၃၈၅ | ၂၃၉၅ | ၂၄၃၀ | ၂၄၃၀ | ၂၄၃၀ | ၂၆၅၀ | ၂၇၃၅ |
| HSD (50 ppm) | ၂၃၇၅ | ၂၄၂၀ | ၂၄၂၀ | ၂၃၈၅ | ၂၄၂၀ | ၂၄၄၅ | ၂၄၄၀ | ၂၄၀၅ | ၂၅၂၀ | ၂၅၁၅ | ၂၄၁၅ | ၂၄၂၅ | ၂၄၅၅ | ၂၄၆၀ | ၂၄၆၀ | ၂၆၈၀ | ၂၇၇၀ |
| HSD (10 ppm) | ၂၃၇၅ | ၂၄၂၀ | ၂၄၂၀ | ၂၃၈၅ | ၂၄၂၀ | ၂၄၄၅ | ၂၄၄၀ | ၂၄၀၅ | ၂၅၂၀ | ၂၅၁၅ | ၂၄၁၅ | ၂၄၂၅ | ၂၄၅၅ | ၂၄၆၀ | ၂၄၆၀ | ၂၆၈၀ | ၂၇၇၀ |

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၁၉၆၆ | ၂၀၃၉ |
| 95 Ron | ၂၀၂၅ | ၂၀၉၉ |
| HSD (500 ppm) | ၂၂၃၉ | ၂၃၁၃ |
| HSD (50 ppm) | ၂၂၆၆ | ၂၃၄၁ |
| HSD (10 ppm) | ၂၂၆၆ | ၂၃၄၁ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်းအသိပေးအပ်ပါသည်-

၀၆၇- ၄၁၀၉၈၈၁၊ ၀၉-၆၉၉၆၁၁၁၁၆

၀၆၇- ၄၁၁၁၂၉၊ ၀၉-၄၄၀၄၃၃၅၃၃

## ညောင်တုန်းမြို့ ပုဏ္ဏမာရာမဈေးကျောင်းတိုက် ဦးစီးပဓာန နာယက ဆရာတော်ကြီး၏ သက်တော်ရာပြည့်ဂုဏ်ပူဇော်သဘင်ပူဇော်ပွဲ ကျင်းပ

ပုသိမ် မေ ၆

ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့ ပုဏ္ဏမာရာမဈေးကျောင်းတိုက် ဦးစီးပဓာန နာယက အဂ္ဂမဟာပဏ္ဍိတ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက အဘိဓဇမဟာရဋ္ဌဂုရု နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ်(ငြိမ်း) ဘဒ္ဒန္တဩသဓာဘိဝံသ မဟာထေရ်ဆရာတော်ကြီး၏ သက်တော်ရာပြည့်ဂုဏ်ပူဇော်သဘင်ပူဇော်ပွဲကို ယမန်နေ့နံနက်ပိုင်းတွင် ညောင်တုန်းမြို့ ပုဏ္ဏမာရာမဈေးကျောင်းတိုက်၌ ကျင်းပသည်။

ဦးစွာ မအူပင်မြို့နယ် သိုက်ကုန်းကျေးရွာ သိုက်ကုန်းကျောင်းတိုက် နိုင်ငံတော်ဩဝါဒါစရိယ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တဉာဏဒီပ ဆရာတော်ထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြပြီး ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်းနှင့် သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးအေးထွန်းတို့က သာသနာရေးဆိုင်ရာများ လျှောက်ထားသည်။ ထို့နောက် နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် (ရန်ကုန်) ပါမောက္ခချုပ်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဒေါက်တာဘဒ္ဒန္တကုမာရက သက်တော်ရှည်ရာပြည့်မဟာထေရ်ဆရာတော်ကြီး၏ သခင်္ဂပထေရုပ္ပတ္တိကထာအား ဖတ်ကြားပူဇော်ခဲ့ပြီး အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ် ဒုတိယပါမောက္ခချုပ် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဒေါက်တာဘဒ္ဒန္တဆေကိန္ဒက ဂုဏဝိသိဋ္ဌထုတိဝေဒလ္လဂါထာဖြင့် ဖတ်ကြားပူဇော်သည်။ ဆက်လက်၍ မင်္ဂလာဆိုင်းအဖွဲ့နှင့် တေးသံရှင်များက မင်္ဂလာတေးထပ်၊ ရတုပိုဒ်စုံတို့ဖြင့်လည်းကောင်း၊ တပည့်သံဃာ၊ ဒါယကာ၊ ဒါယိကာမတို့က လည်းကောင်း၊ ဘိသိက်ပညာရှင်က ရာပြည့်ဂုဏ်ပူဇာ မင်္ဂလာဩဘာစာတမ်းကိုလည်းကောင်း ဖတ်ကြားပူဇော်ကန်တော့ကြသည်။



ထို့နောက် သက်တော်ရှည်ရာပြည့်မဟာထေရ်ဆရာတော်ကြီးနှင့် ပင့်သံဃာတော်များအား တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်ဇနီး၊ တာဝန်ရှိသူများက လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းခဲ့ကြကာ သက်တော်ရှည်ရာပြည့် မဟာထေရ်ပူဇော်ပွဲအလှူငွေ ပေးအပ်လှူဒါန်းခဲ့ပြီး ပုဏ္ဏမာရာမဈေးကျောင်းတိုက် အကျိုးတော်ဆောင်က ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ဆက်လက်၍ ညောင်တုန်းမြို့ တောင်ညိုပရိယတ္တိစာသင်တိုက် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တကောမလအရှင်သူမြတ်ထံမှ အနုမောဒနာတရားနာကြား၍ ရေစက်သွန်းချအမျှပေးဝေခဲ့ကြကာ ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆိုဆုတောင်း၍ အခမ်းအနားကို ရုပ်သိမ်းခဲ့သည်။ ထို့နောက် သက်တော်ရှည်ရာပြည့်မဟာထေရ်ဆရာတော်ကြီးနှင့် ပင့်သံဃာတော်များအား တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့က နေ့ဆွမ်းဆက်ကပ်လှူဒါန်းသည်။

တိုင်းဒေသကြီး(ပြန်/ဆက်)

## ရန်ကုန်အဝေးသင်တက္ကသိုလ် နည်းပြ၊ သရုပ်ပြ ဆရာ ဆရာမအသစ်များ ကြိုဆိုပွဲကျင်းပ

ရန်ကုန် မေ ၆

ရန်ကုန်အဝေးသင်တက္ကသိုလ် နည်းပြ၊ သရုပ်ပြ ဆရာ ဆရာမအသစ်များအားကြိုဆိုပွဲအခမ်းအနားကို ယနေ့မွန်းလွဲ ၁ နာရီခွဲတွင် ရန်ကုန်အဝေးသင်တက္ကသိုလ်အစည်းအဝေးခန်းမ(၂)၌ ကျင်းပသည်။

အခမ်းအနားတွင် ရန်ကုန်အဝေးသင်တက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာချစ်စိန်က အသစ်ခန့်အပ်သည့် ဆရာ ဆရာမများအား ရန်ကုန်အဝေးသင်တက္ကသိုလ်မှ လှိုက်လှဲစွာကြိုဆိုပါကြောင်း၊ ပညာဖြင့်အသက်မွေးရသည့် အသက်မွေးဝမ်းကျောင်းအလုပ်သည် အမွန်မြတ်ဆုံးပင်ဖြစ်ပါကြောင်း၊ ဆရာ ဆရာမကောင်းများဖြစ်ရန် မိမိတို့ထက်ပိုတော်သည့် ကျောင်းသား ကျောင်းသူများကို မွေးထုတ်ပေးရမည်ဖြစ်ပါကြောင်း၊ ကျောင်းသား ကျောင်းသူများကို သင်ကြားနိုင်ရန် မိမိတို့ကိုယ်တိုင် ဘာသာရပ်ကျွမ်းကျင်မှုများရှိရန် လိုအပ်သည့်အပြင် မိမိတို့၏ ဘာသာရပ်နယ်ပယ်တွင် ထူးချွန်စေရန် မလျော့သောဖွဲ့လုံ့လဖြင့် သုတေသီကောင်းများဖြစ်လာစေရေး ကြိုးပမ်းအားထုတ်ကြရမည်ဖြစ်ပါကြောင်း ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားသည်။

အဆိုပါ ကြိုဆိုပွဲအခမ်းအနားသို့ ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်များ၊ ဘာသာရပ်ဆိုင်ရာ ပါမောက္ခ(ဌာနမှူး)များ၊ ပါမောက္ခများ၊ စီမံရေးရာဌာနမှူးများနှင့် နည်းပြ၊ သရုပ်ပြ ဆရာ ဆရာမ ၂၉ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

ကြေးမုံသတင်းစာ စာဖတ်ပရိသတ်များ စာပေရသစုံ ခံစားဖတ်ရှုနိုင်ရန်အတွက် ဝတ္ထုတိုကဏ္ဍကို ဖော်ပြပေးလျက်ရှိရာ စာရေးဆရာ သိပ္ပံမောင်ဝနှင့် စာရေးဆရာ ဆင်ဖြူကျွန်းအောင်သိန်းတို့၏ ဝတ္ထုတိုကို အပတ်စဉ်စနေနေ့တိုင်းတွင် တစ်လှည့်စီဖော်ပြပေးသွားမည်ဖြစ်ပါသည်။

# ပုတီးတစ်ကုံးနှင့် ချိန်းကြိုးတစ်ခု

ဆင်ဖြူကျွန်းအောင်သိန်း

(၃၀-၄-၂၀၂၂ ရက်နေ့မှအဆက်)

"အရှေ့ဖျားက ဖိုးစံဝေ၊ လျှာက ခပ်ရှည်ရှည်"ဟု ကာလသားတို့ အမည်ပေးထားသော ဖိုးစံဝေသည် ကိုဆေးရိုးတို့ အိမ်ရှေ့၌ ရပ်နေ၏။

"သွားမလို့ပါဗျ။ ကောက်ရိုးလေး သွားနုတ်နေလို့ပါ"

မျက်နှာကို ကောက်ရိုးမျှင်များ ဖုံးအုပ်နေသဖြင့် ဖိုးစံဝေမှာ အသံကြားမှ ကိုဆေးရိုးမှန်း သိတော့သည်။

"အေး အေး၊ ဘယ်ကျောင်းသွားကြမလို့လဲ"

"သရက်ချင်တောင်ကျောင်းပေါ့ဗျာ"

ကိုဆေးရိုးက ဝန်လေးကိုရွက်ပြီး ရပ်စကားပြော မနေနိုင်သဖြင့် အိမ်ဝိုင်းထဲသို့ ဝင်လာသည်။ ဖိုးစံဝေကတော့ သူ၏ဝါသနာအတိုင်း ဆက်လက်ရှည်လျားနေ၏။

"သီလရဲ့အကျိုးက အသက်ရှည်ခြင်း၊ ပညာကြီးခြင်း၊ ဘုန်းတန်ခိုးကြီးခြင်းနဲ့ နတ်ပြည်ခြောက်ထပ်မှာ စုန်ဆန်ကူးလူးရခြင်းလို့ဆို မဟုတ်လား။ မနက်စောစောထပြီး သံဃာတော်တွေကို လှူဖွယ်တွေ ဆက်ကပ်လှူဒါန်းတာ၊ သီလယူရင်း ဆွမ်းခဲဖွယ်ဘောဇဉ်နဲ့ ကပ်လှူ ပူဇော်ရတဲ့ ဒါနအကျိုးကတော့ မရှိမလှမဝဟူသောစကား"

ဖိုးစံဝေသည် အဘယ်မျှထိအောင် ဆက်လက်ဟောပြော ကျန်ရစ်ခဲ့သည်မသိ။ ကိုဆေးရိုးကတော့ သွားချိန်ပြန်ချိန်နှင့် ကျောင်းတွင် တရားလေးဘာလေး နာယူနေရဦးမည့်အချိန်တို့ကို ခန့်မှန်းပြီး ချောင်းထဲသို့ ပြေးဆင်းခဲ့သည်။ ကမ်းခြေကိုကပ်၍ အိုင်ဖြစ်နေခဲ့သော ရေအိုင်တစ်ခုထဲတွင် အပြေးအလွှားနှစ်ပြီး ပြန်တက်ခဲ့လေသည်။

မကျီးဒန်မှာ ကြေးလင်ပန်းထဲတွင် ဆွမ်းပန်းကန်ဟင်းခွက်များ ထည့်၍ ခပ်ပေါပေါရသော အုပ်ဆောင်းအကျဲနီနီဖြင့် အုပ်ထားသည့် ဆွမ်းလင်ပန်းကိုရွက်လျက် အိမ်ရှေ့တွင်ရပ်နေ၏။

လက်ထဲတွင် ပုတီးပင်မှဖြစ်သော ပုတီးစေ့ဖြင့်လုပ်သည့် စိပ်ပုတီး သေးသေးလေးကို ကိုင်ထားသည်။ သောက၊ မောဟတို့နှင့် အမြဲတမ်း နပန်းလုံးနေရသော သူ့မျက်နှာမှာ အေးချမ်းနေ၏။

"မီးဖိုအဝင်ဝကို သေသေချာချာဆို့ခဲ့နော်"

ထန်းရွက်ကိုကာပြီး ဝါးဖြင့် ဇလီသတ်ထားသော အဆောက်အအုံ၌ တံခါးမရှိချေ။ တံခါးမရှိသောကြောင့် ပိတ်ခဲ့ဟု မပြောနိုင်ဘဲ အိုးခွက်၊ ထန်းရွက် စသည်ဖြင့် ဆီးဆို့ခဲ့ရန် လှမ်းအော်ရခြင်းဖြစ်သည်။

"အေးပါဟ၊ ငါ့ ပုတီးကော။ တွေ့ပြီ တွေ့ပြီ"

လူကို မမြင်ရသော်လည်း ကိုဆေးရိုးသည် လုံချည်မနိုင် ပဝါမနိုင်ဖြင့် အပြေးအလွှားဖြစ်နေရသည်ဟု အသံကြားရုံဖြင့် မကျီးဒန်က ခန့်မှန်းမိသည်။ မှန်၏။ ကိုဆေးရိုးမှာ ဖိုသီဖတ်သီကြီးထွက်လာကာ တဲရှေ့အဝင်ပေါက်ကို ဝါးလုံး၊ ဝါးခြမ်း၊ ထန်းရွက်တို့ဖြင့် ကာသည်။ နွားတင်းကုပ်ထဲပြေးပြီး နွားနှစ်ကောင်ကို ပြင်ဆင်ချည်နှောင်၏။ တစ်ဖန် ဝင်းပေါက်ဝကို ပိတ်ဆို့ရပြန်သေး၏။

"လာပါတော်၊ တော်ရုံသဖြင့်ရှိ တော်ရောပေါ့ "

မကျီးဒန်က စိတ်မရှည်သလို လောဆော်တော့မှ ကိုဆေးရိုးသည် ဖားဖားဖားဖားဖြင့် ရှေ့ကထွက်လာခဲ့သည်။

"ကျီးဒန်တို့ ဘာတွေချက်ခဲ့လဲ''

"မန်ကျည်းရွက်သုပ်နဲ့ မောင်မခေါ်ခြောက်ခြောက် ချက်ပဲ့ပါတော်။ တော်တို့လို ဝက်သား၊ ကြက်သား မတတ်နိုင်ပါဘူး"

တောင်တံခါးနားအရောက်တွင် မအေးဘုံအထွက်နှင့် ဆုံသဖြင့် တစ်ဦးကိုတစ်ဦး ဟင်းမေးကြခြင်းဖြစ်သည်။

"ကြက်သားထင်ထားလို့ အမဲရွတ်တောင် မချက်နိုင်ပါဘူး အေရယ်။ ကုက္ကိုရွက်သုပ်နဲ့ မုန့်ဖက်ထုပ်ပဲ တတ်နိုင်ပါတယ်"

ကိုဆေးရိုးနှင့် မအေးဘုံ၏ခင်ပွန်း ကိုသာဦးက ရှေ့ကသွား၍ မအေးဘုံသမီး တင်မေ၊ မကျီးဒန်၊ မအေးဘုံတို့က အစဉ်လိုက်တန်း၍ စကားတပြောပြောဖြင့် လျှောက်လာကြသည်။ ပုရပိုက်တန်းရွာနား သို့ ရောက်သောအခါ တင်မေမှာ တွန့်ဆုတ်တွန့်ဆုတ်ဖြစ်နေ၏။ ပုရပိုက်တန်းရွာသားများသည် လမ်းဘေးတွင် စဉ့်အိုးကြီးများချ၍ လာသမျှ ရထား(မြင်းလှည်း) ကို အလှူလောင်းနေကြ၏။

သို့သော် မည်သည့်ကာလသားမျှ တင်မေအား ရေမပက်ကြပေ။ တင်မေအား ငေးကြည့်ရုံသာ ကြည့်နေကြ၏။ သို့စဉ်တွင် ခုနစ်နှစ်ရွယ် ကလေးတစ်ယောက်က တင်မေထံသို့ ဝါးပြွတ်ကြီးဖြင့် ပြေးလာ၏။

"ဟဲ့ ကလေး၊ ဥပုသ်စောင့်သွားမယ့်လူကို မပက်ရဘူးလေ"

မကျီးဒန်က ဆီး၍ပြောလိုက်သောအခါ ကလေးငယ်မှာ တန့်သွား၏။ ကာလသားတွေ ငြိမ်နေကြခြင်းမှာလည်း ဥပုသ်သည်မှန်း သိသောကြောင့်ဖြစ်ပေသည်။ ပုရပိုက်တန်းရွာတံခါးဝကို ကျော်လွန်မှ တင်မေမှာ နေသာထိုင်သာရှိသွား၏။ ရေစိုကြီးဖြင့် ကျောင်းတွင်ထိုင်ရလျှင် ကသိကအောက်နိုင်လှသည်။ ဟော တွေ့ပြန်ပါပြီ။ သရက်ချင် ရေပက်အဖွဲ့။ ရာဝင်စဉ့်အိုးတွေ၊ ဘဲဥအိုးကြီးတွေချ၍ တာလမ်းကို ခွထားသည်။ ရထားတစ်စင်းမှာ ရေလောင်းသူတွေ အောက်မှ ကုန်းအော်နေ၏။

"ရောဝတီ ခြေကန်ပက်တော့ ရယ်တာပေါ့ "

"စလင်းချောင်းကြီး ခြေကန်ပက်တော့၊ ရယ်တာပေါ့ ဟော့ ရယ်တာပေါ့"

တောင်ဘက်မှ ရထား (မြင်းလှည်း) တစ်စီး မောင်းလာသည်ကို မြင်မှ ရေလောင်းဆဲရထားကို လွှတ်လိုက်ကြ၏။

"အမေ့ချွေးမ ပျောက်လို့ရှာ၊ တွေ့ပြီတွေ့ပြီ သူပဲ သူပဲ"

ရေအရွှဲသားဖြင့်ထွက်လာသော ရထားပေါ်မှ လူများသည်

မကျီးဒန်နှင့် မအေးဘုံ၏ ငယ်သံပါအောင် အော်သံနှင့်အတူ သရက်ချင်ရွာသားများ ပြေးလွှားရောက်ရှိ လာကြတော့သည်။အပျော်ကြူးသော လူငယ်လေးယောက်သည် ကြီးမားသော လူအုပ်ကို ချိန်းကြိုး ဓားမြှောင်ထုတ်၍ ခုခံကြလေ၏။ သရက်ချင်ရွာသားများမှာ တပ်လန်သွားရာက ထိုသူများ ရထားပေါ် မတက်နိုင်မီ ဓားရှည်၊ ငန်းပြား၊ သံတုတ်၊ နှစ်ဖက်ချွန်ကျောက်ခဲစသည့် ရရာလက်နက်ဖြင့် ဝိုင်းဝန်း တိုက်ခိုက်ကြလေ၏။

ကိုဆေးရိုးတို့ လူအုပ်နားအရောက်တွင် တင်မေကို လက်ညှိုး ငေါက်ငေါက်ထိုး၍ အော်ကြ၏။

"ငါ့မယားလေး ပျောက်လို့ရှာ၊ တွေ့ပြီ တွေ့ပြီ သူပဲ သူပဲ"

ကိုသာဦးမှာ ချာခနဲလှည့်၍ ရထားကိုကြည့်မိ၏။ ရေခံဦးထုပ် ကိုယ်စီဆောင်းထားသော လူငယ်သုံးယောက်ကို မြင်ရ၏။

"ဟော့၊ မင်းတို့ ရိုင်းလှချည့်လား"

"ယောက္ခမကြီးပျောက်လို့ ရှာ၊ တွေ့ပြီတွေ့ပြီ သူပဲသူပဲ"

ကိုသာဦးသည် ရထားဘက်သို့ ပြေးသွား၏။ ရထားသည် မောင်းမြဲမောင်းသွားသဖြင့် ခပ်လှမ်းလှမ်းသို့ ရောက်သွားလေပြီ။ တင်မေမှာ မျက်နှာကလေးပျက်၍ ကိုသာဦးမှာ တောက်တခေါက်ခေါက် ဖြင့် ကျန်ခဲ့သည်။

"မိမဆုံးမ ဖမဆုံးမတွေ"

"မြို့ကလူငယ်တွေကတော့ ဒီအတိုင်းပဲ ကိုသာဦးရေ''

ကိုဆေးရိုးက ညည်းညည်းညူညူ ပြောလိုက်၏။ လမ်းတစ်လျှောက်လုံး အေးအေးဆေးဆေးဖြင့် လျှောက်လာသော လူငါးယောက်မှာ အပျော်လွန်သော လူငယ်များကြောင့် ပျက်သွားပေပြီ။ အေးချမ်းနေသော ကိုသာဦးမှာ ဒေါသကြောင့် အသားတဆတ်ဆတ် တုန်နေရပြီ။

တင်မေမှာ ရှက်သဖြင့် မျက်နှာမထားတတ်တော့ပြီ။ သို့သော် မတတ်နိုင်တော့ပြီ။ ကျောင်းသို့ရောက်ရန်လည်း မဝေးတော့ပြီ။ စိုးရိမ်ရသည်မှာ ဇာတ်တူတောသား ရေပက်သမားများ မဟုတ်ဘဲ တောင်မှလည်းကောင်း၊ မြောက်မှလည်းကောင်း လာကြသော မြင်းရထားပေါ်က ကာလသားတွေသာဖြစ်၏။ ရှေ့တွင် ရထားတစ်စီးကို လမ်းပိတ်ကာ ရေလောင်းနေကြ၏။ မြောက်ဘက်မှလည်း တစ်စီးလာနေသည်။ ထို့ကြောင့် ကိုဆေးရိုးတို့သည် တာလမ်း၏ဘေး နွားလှည်းများမောင်းရန် သတ်မှတ်ထားသောလမ်းသို့ ဖွဲ့ဆင်းပြီး လျှောက်လာကြ၏။ သရက်ချင်ရွာတံခါးဝသို့ တဖြည်းဖြည်းနီးကပ်လာ၏။ ရေပက်ခံ ရထားပေါ်မှ သံချပ်သံများလည်း ကျယ်လောင်လာသည်။

ကိုဆေးရိုးတို့၏ ကျောဘက်မှလာသောရထား ရွာတံခါးဝ ရောက်သောအခါ မူလရှိပြီးရထားနှင့်ပြိုင်၍ ရေလောင်းခံရလေ၏။ သံချပ်သံများ နားကွဲမတတ် ဆူလာ၏။ ရေပက်သူများကလည်း တရကြမ်းပက်နေကြသည်။ လျှာနှင့်ဦးထုပ်ကလေးတွေ ကိုယ်စီ ဆောင်းထားသော လူလေးယောက် ရေပက်ခံရထားပေါ်မှ ရုတ်ခနဲ ပြေးဆင်းလာကြ၏။ သူတို့လက်ထဲတွင် ပါလာသော စက်ဘီးလေထိုးတံလို ပြွတ်မျိုးဖြင့် တင်မေကို ဝိုင်းပက်ကြသည်။

"ဟဲ့ဟဲ့၊ ဥပုသ်သည်ကို ရေမပက်ရဘူး"

မအေးဘုံက ကယောင်ချောက်ချား ပြော၏။

"ဥပုသ်သည်ကို နာနာပက်တဲ့ သိကြားမင်းက မှာလိုက်တယ်"

တစ်ယောက်သောသူသည် ပါးစပ်က သံချပ်ဆိုရင်း တင်မေအား ရှေ့တည့်တည့်မှ ဝင်ပက်၏။

"မောင်တို့ တရားမလွန်ဘူးလားကွယ်"

ကိုဆေးရိုးက ကြိမ်းမောင်း၏။ လူလေးယောက်သည် ကိုဆေးရိုးနှင့် ကိုသာဦးအား မည်သို့မျှအရေးမထားဘဲ တင်မေ့ရှေ့သို့သွားကာ တို့မလို ဆိတ်မလို ကကြလေ၏။

"ဒီမောင်နမ်းတဲ့ ပန်းစံပယ်ရယ်၊ ဒီကိုယ်နမ်းတဲ့ ပန်းစံပယ်ရယ်"

"ချစ်ပါ ချစ်ပါ နှမရယ်၊ မေတ္တာ မေတ္တာမျှမယ်"

"တို့တော့မယ်တဲ့ ဆိတ်တော့မယ်၊ မောင်ကြံရွယ်တဲ့ စံပယ်ကုံး ရယ် မင်းဘယ်သို့တုံး"

"ကဲ တို့လိုက်ဆိတ်လိုက်ဦးဟော့" ကိုသာဦးသည် ပိန်ရှည်ရှည်၏ ပါးစပ်ကို ပြောပြောဆိုဆို ပြေးရိုက်လိုက်လေ၏။

သို့ရာတွင် ကိုသာဦးမှာ ထိုသူ လက်တစ်ချက် ယမ်းလိုက်ရုံဖြင့် ခွေခနဲကျသွားသည်။ ကျန်လူများက ဝိုင်း၍ ခြေဖြင့်ကန်သည်။ ကိုဆေးရိုးမှာ မတတ်သာတော့ဘဲ ဝင်လုံးရတော့ရာ လက်သီးတစ်ချက် မိပြီး ပုံလဲကျသွားလေ၏။

"လာကြပါဦးတော်၊ သတ်ကုန်ကြပါပြီ"

မကျီးဒန်နှင့် မအေးဘုံ၏ ငယ်သံပါအောင် အော်သံနှင့်အတူ သရက်ချင်ရွာသားများ ပြေးလွှား ရောက်ရှိလာကြတော့သည်။ အပျော်ကြူးသော လူငယ်လေးယောက်သည် ကြီးမားသော လူအုပ်ကို ချိန်းကြိုး၊ ဓားမြှောင်ထုတ်၍ ခုခံကြလေ၏။ သရက်ချင်ရွာသားများမှာ တပ်လန်သွားရာက ထိုသူများ ရထားပေါ်မတက်နိုင်မီ ဓားရှည်၊ ငန်းပြား၊ သံတုတ်၊ နှစ်ဖက်ချွန်ကျောက်ခဲစသည့် ရရာလက်နက်ဖြင့် ဝိုင်းဝန်း တိုက်ခိုက်ကြလေ၏။

ရွာလူကြီးများနှင့် ကျောင်းမှသံဃာတော်များ ရောက်လာပြီး ဖျန်ဖြေတော့မှ ရန်ပွဲမှာ ပြီးစီးသွားသည်။ အပျော်လွန်သော လူငယ်များသည် မိမိတို့လူကို ရထားပေါ်တင်ပြီး ထွက်ပြေးသွားကြသော်လည်း ကြီးမားသော သွေးကွက်များကို ချန်ပစ်ခဲ့ကြသည်။ သရက်ချင်ရွာသားများမှာ အနည်းငယ်မျှသာ ဒဏ်ရာရသဖြင့် အပျော်လွန်သူ လူငယ်များ၏ ဒဏ်ရာကို ခန့်မှန်းနိုင်ပေမည်။

"ဥပုသ်စောင့်သွားမယ့်လူကို ရေနဲ့လည်းပက်သေး၊ ထိကပါးရိကပါးလည်းလုပ်သေး၊ ရိုင်းစိုင်းလွန်းတော်"

မကျီးဒန်က သွေးကွက်ကိုကြည့်ရင်း အသံတုန်ကြီးဖြင့် ရေရွတ်လိုက်၏။ သူငုံ့ကြည့်ရာ သွေးကွက်ထဲမှာတော့ ချိန်းကြိုးတစ်ခုနှင့် ယောက်ျားကိုင် ဂုဏ်တော်ပုတီးတစ်ကုံး။ ။

မြန်မာနိုင်ငံတစ်ဝန်းရှိ ကျောင်းသား ကျောင်းသူများ အင်္ဂလိပ်စာအရည်အသွေး တိုးတက်ကောင်းမွန်စေရန် ရည်ရွယ်ပြီး ၂၀၂၁-၂၀၂၂ ပညာသင်နှစ်အတွက် ပညာရေးဝန်ကြီးဌာန၏ ပြဋ္ဌာန်းထားသော အခြေခံပညာသင်ရိုးညွှန်းတမ်းအပေါ် အခြေခံရေးသားထားသည့် အင်္ဂလိပ်ဘာသာရပ်ဆိုင်ရာ သင်ခန်းစာအထောက်အကူပြုလေ့ကျင့်ခန်းများကို အလယ်တန်းနှင့် အထက်တန်းကျောင်းသား ကျောင်းသူများ လေ့လာမှတ်သား လေ့ကျင့်နိုင်ရန် အပတ်စဉ် စနေနေ့တိုင်း ဖော်ပြပေးလျက်ရှိပါသည်။ ကြေးမုံစာတည်းအဖွဲ့

## Collective nouns (အစုပြနာမ်)

အစုပြနာမ်ဆိုသည်မှာ လူ၊ တိရစ္ဆာန်နှင့် အရာဝတ္ထုများ၏ အစုအဖွဲ့၊ အသင်း၊ အုပ်စုတို့ကို ဆိုလိုခြင်းဖြစ်သည်။

**ဥပမာ။** an audience (ပရိသတ်)၊ a gang (ဂိုဏ်း)၊ a band (ဂီတအဖွဲ့)၊ a group (အုပ်စု)၊ a team (အသင်း)၊ a class (အတန်း)

အစုပြနာမ်များကို အနည်းကိန်းကြိယာ (သို့မဟုတ်) အများကိန်းကြိယာများဖြင့် တွဲပြီး အသုံးပြုနိုင်သည်။


**ဥပမာ။** My family **was** happy to see me.
**(သို့မဟုတ်)** My family **were** happy to see me.

ဥပမာ။ The crowd **was** orderly.
**(သို့မဟုတ်)** The crowd **were** clapping, yelling and cheering.

သို့သော် အောက်ပါ အစုပြနာမ်များသည် အမြဲတမ်းကြိယာအများကိန်းဖြင့်သာ တွဲရေးရသည်။

**ဥပမာ။** Cattle (ကျွဲ၊ နွားအုပ်စု)၊ People (လူများ)၊ the police (ရဲများ)
**ဥပမာ။** The cattle **are** grazing in the field.
**ဥပမာ။** Old people **need** health care.
**ဥပမာ။** The police **are** patrolling the area.

လူများ၊ တိရစ္ဆာန်များ၊ အရာဝတ္ထုများနှင့် သက်ဆိုင်သည့် အစုပြနာမ်များကို လေ့လာပါ။





a bunch of keys
a class of pupils
a collection of books
a deck of cards
a fleet of ships
a flock of sheep
a gaggle of geese
a gang of robbers
a herd of cattle
a litter of cubs
a pod of whales
a pack of wolves
a pride of lions
a set of stamps
a swarm of bees
a troupe of actors
a band of men
a cast of actors
a blast of hunters
a board of directors
a circle of friends
a crew of sailors
a choir of singers
a stack of wood
a staff of employees
a hail of bullets
a bundle of sticks
a train of camels
a troop of lion
a litter of cubs
a clutter of spiders
a gaggle of geese
a catch of fish
a line of kings
a pair of shoes
a host of sparrows
a hand of bananas
a troop of scouts
a book of notes
a host of angels
a crowd of people
a group of dancers
a cloud of dust
a swarm of bees
a range of mountains
a flight of birds
a heap of rubbish
a party of friends
an orchard of fruit trees
a batch of bread
a school of wolves
a could of insect
a fleet of ships
a sheaf of grin
a bed of eels
a pack of cards
a band of musicians
a dynasty of kings
a mob of rioters
a ream of paper
a bouquet of flowers
a class of students
a group of islands
a packet of letters
a nest of mice
a regiment of soldiers
a galaxy of stars
a pack of thieves
a harvest of wheat
a company of actors
a collection of coins
a forest of trees
a kindle of kittens
a cluster of coconuts
a team of oxen
a patrol of policemen
a bunch of crocks

အသုံးများသည့် အစုပြနာမ်များကို လေ့လာပြီးတော့ လူများနှင့်သက်ဆိုင်သည့် အစုပြနာမ်များကို ဆက်လက်လေ့လာပါ။




A family
A crew
A team
A club
A community
A committee
A choir
A company
A band
A gang
An orchestra
The government
An audience
The army
An army of soldiers
An army of musicians
An audience of listener
A band of musicians
A bevy of ladies
A board of directors
A body of men
A bunch of crocks
A caravan of gypsies
A choir of singers
A class of students
A company of actors
A congregation of worshippers
A crew of sailors
A crowd of people
A dynasty of kings
A gang of prisoners
A group of dancers
A harde of savages
A host of angels
A line of kings
A mob of rioters
A pack of thieves
A penal of experts
A party of friends
A patrol of policemen
A tribe of natives
A troop of scouts

တိရစ္ဆာန်များနှင့် သက်ဆိုင်သည့် အစုပြနာမ်များကို လေ့လာပါ။




A herd of cattle
A pack of wolves
A litter of puppies
A flock of birds
A pride of lions
A troop of monkeys
A drove of sheep
A pod of dolphins
A broad of chickens
A gaggle of geese
A school of fish
A swarm of bees
An army of ants
A bevy of quail
A catch of fish
A cloud of insects
A colony of gulls
A drove of horses
A haul of fish
A kindle of kittens
A murder of crows
A nest of mice
A school of whales
A string of horses
A team of oxen
A train of camels
A zoo of wild animals

အရာဝတ္ထုများနှင့် သက်ဆိုင်သည့် အစုပြနာမ်များကို လေ့လာပါ။




A bunch of bananas
A deck of cards
A cluster of grapes
A flight of steps
A bunch of flowers
A suite of rooms
A bouquet of flowers
A suite of furniture
A range of mountains
A set of tools
A fleet of ships
A string of beads
A fleet of vehicles
A grove of trees
An album of photographs
A bale of cotton
A basket of fruit
A batch of bread
A battery of guns
A block of flats
A book of notes
A bowl of rice
A bunch of keys
A bundle of sticks
A cloud of dust
A clump of bushes
A comb of bananas
A group of islands
A fleet of ships
A hail of bullets
A hand of bananas
A packet of letters
A library of books
A harvest of wheat
A shower of rain
A string of pearls
A loaf of bread
A bar of soap
A ball of string
A bar of chocolate
A slice/ piece of bread
A slice/ piece of cheese
A piece/ square of chocolate
A slice/ piece of cake
A sheet/ piece of paper
A piece of chalk
A piece of information
A piece of advice

စာမျက်နှာ ၁၉ သို့ ☆

☆ စာမျက်နှာ ၁၈ မှ

အောက်ပါတို့ကို လေ့လာမှတ်သားထားပါ။

(1) A collection of bees = Swarm (ပျားအုံတစ်အုံ)
(2) A group of fruit trees = Orchard (သစ်ပင်ပန်းပင်အုပ်စု)
(3) The group of fish = Shoal (ငါးအုပ်စု)
(4) A collection of books = Library (စာကြည့်တိုက်)
(5) A collection of sticks = Bundle (ထင်းစည်း)
(6) Collection of soldiers = Army (တပ်သားစုဆောင်းမှု၊ တပ်မတော်)
(7) A group of cattle or deer = Herd (ကျွဲအုပ်၊ နွားအုပ်၊ သမင်အုပ်စု)
(8) A collection of stars = Constellation (ကြယ်တာရာအစု၊ နက္ခတ်)
(9) Packs of dogs or wolves = Litter (ခွေး၊ မြေခွေးအုပ်)
(10) A group of keys, grapes, or bananas = Bunch (သော့တွဲ၊ စပျစ်သီး၊ ငှက်ပျောသီးတစ်ခိုင်)
(11) A number of people listening to a lecture/ concert are called an Audience. (ပရိသတ်)
(12) A group of people who sing in the church of public platforms is called a Choir. (ဓမ္မတေးသီဆိုသူအုပ်စု)
(13) A number of judges who are engaged in a case are called a Jury/ Panel. (ခုံသမာဓိအဖွဲ့)
(14) A collection of tools is called a Set. (ကိရိယာအစုံအလင်)
(15) A collection of poems is called Anthology. (ကဗျာပေါင်းချုပ်)
(16) A collection of different types of books is called Library. (စာကြည့်တိုက်)
(17) A number of grapes or nuts on a bunch is called Cluster. (စပျစ်သီး၊ အခွံမာသီးတစ်ခိုင်)
(18) A collection of ducks, chickens or fowl is called a Poultry. (ဘဲအုပ်၊ ကြက်အုပ်)
(19) A number of directors of any institution are called a Board. (ဘုတ်အဖွဲ့)
(20) A number of lions are called a Pride. (ခြင်္သေ့အုပ်စု)
(21) A number of stars in the sky is called Constellation. (ကြယ်တာရာ၊ နက္ခတ်တာရာ)
(22) A group of bacteria is called a Culture. (ဘက်တီးရီးယားအုပ်စု)
(23) A group of penguins is called a Rookery or Colony. (ပင်ဂွင်းအုပ်စု)
(24) A group of fish is called a Shoal or School. (ငါးအုပ်စု)
(25) A number of cards are called a Deck. (ကတ်ပြားတစ်ထုပ်)

လေ့ကျင့်ခန်းများဖြေဆိုပါ။

**(A) Fill in the blanks with the correct collective nouns from the word bank.**

| | | | | |
|---|---|---|---|---|
| band | bunch | choir | class | deck |
| department | faculty | firm | flock | herd |
| pack | pride | school | swarm | team |

1.A _______of wolves
2.A _______ of singers
3.A _______ musicians
4.A _______ of students
5.A _______ of fish
6.A _______ of lawyers
7.A _______ of cards
8.A _______ of cows
9.A _______ of teachers
10.A _______ of players
11.A _______ of grapes
12.A _______ of lions
13.A _______ of bees
14.A ______ of employees
15.A _______of birds

**(B)** အထက်ပါလေ့ကျင့်ခန်းတွင်ဖော်ပြခဲ့သည့် အစုပြနာမ်များကို မြန်မာဘာသာပြန်ဆိုပါ။

(1) _____________
(2) _____________
(3) _____________
(4) _____________
(5) _____________
(6) _____________
(7) _____________
(8) _____________
(9) _____________
(10) _____________
(11) _____________
(12) _____________
(13) _____________
(14) _____________
(15) _____________

**(C) Find out the collective nouns in each sentence.**
(အစုပြနာမ်များကို ရွေးချယ်ပြပါ။)

1. A team of doctors has arrived in the hospital.
2. A flock of birds flew over the village.
3. A hive of bees was flying there.
4. She bought a loaf of bread at the market.
5. The group of dancers will dance in the party.
6. The herd moved towards his fields.
7. Did you see the army of soldiers there?
8. I have met a crew of sailors today.
9. A crowd of people gathered on the road.
10. A band of musicians will perform in the party.




**(D) Fill in the blanks with correct collective nouns.**
(သင့်လျော်ရာစကားလုံးများ ဖြည့်စွက်ပါ။)

1. A ____ of students
2. An ____ of singers
3. A ______ of crooks
4. A ______of spectators
5. A ______ of directors
6.A _______ of players
7.A ______of thieves
8.A ______ of birds
9.A ______of stars
10.A ______of keys

**(E) Read the following sentences and underline the collective nouns.** (ဝါကျများရှိ အစုပြနာမ်များကို မျဉ်းသားပါ။)

1. The captain guided the team to play better.
2. The flock of sheep was grazing in the fields.
3. My father brought a bouquet of lilies for my mother.
4. The pack of wolves howled in the night.
5. A swarm of bees flew into the garden.
6. The hunter carries a quiver of arrows.
7. Our cat gave birth to a litter of kittens.
8. The army marched forward on the battlefield.
9. Can you pass me the bunch of keys?
10. The French destroyed the Armenian fleet.
11. Do you know about the cast of this movie?
12. The crew struggled to lead the ship past the stormy waves.
13. The board decided to appoint Ko Ko as the manager.
14. Please clean the pile of garbage.
15. The entire medical staff got infected by the Corona–virus.
16. The Melody is a famous band.
17. The troupe performed the drama.
18. The Andama and Nicobar islands comprises a group of 573 islands.
19. The jury passed a unanimous decision.
20. A cloud of dust swirled up during the storm.

**(F) Fill in the blanks with one of the given words.**
(ပေးထားသောစကားလုံးများကို သင့်လျော်ရာဝါကျတွင် ဖြည့်စွက်ပါ။)
(Army, committee, crowd, fleet, team, swarm)

1. A ______ of people was watching the movie.
2. A ___________ of ships gathered at the seaport.
3. All the soldiers in the ________ were brave enough to fight together.
4. Our ________ consists of five people of parliament.
5. A _________ of bees flew out and stung the intruders.
6. Our ________ won the cricket tournament.

**(G) Fill in the blanks with a suitable word.**
(ပေးထားသောစကားလုံးများကို သင့်လျော်သည့် အစုပြနာမ်များတွင် ဖြည့်စွက်ပါ။)

| | | | | |
|---|---|---|---|---|
| army | chest | range | bunch | flock |
| fleet | band | herd | deck | forest |
| pack | bale | bowl | swarm | pride |
| bed | stack | school | gaggle | choir |

1. A __________ of birds
2. A __________ of ships
3. A __________ of cattle
4. A __________ of wolves
5. A __________ of bees
6. An __________ of ants
7. A __________ of hay
8. A __________ of fish
9. A __________ of cards
10. A __________ of papers
11. A __________ of grapes
12. A __________ of lions
13. A __________ of rice
14. A __________ of oysters
15. A __________ of musicians
16. A __________ of geese
17. A __________ of drawers
18. A __________ of singers
19. A __________ of mountains
20. A __________ of trees

Answers

(A)
1.A pack of wolves
2.A choir of singers
3.A band musicians
4.A class of students
5.A school of fish
6.A department of lawyers
7.A deck of cards
8.A herd of cows
9. A faculty of teachers
10. A team of players
11. A bunch of grapes
12. A pride of lions
13. A swarm of bees
14. A firm of employees
15. A flock of birds

(B)
1. မြေခွေးတစ်အုပ်
2. အဆိုတော်အဖွဲ့
3. တေးဂီတအဖွဲ့
4. အတန်းတစ်တန်း
5. ငါးတစ်အုပ်
6. ရှေ့နေအဖွဲ့
7. ကတ်ပြားတစ်ထုပ်
8. နွားတစ်အုပ်
9. ဆရာများအဖွဲ့
10. အားကစားအသင်း
11. စပျစ်သီးတစ်ခိုင်
12. ခြင်္သေ့တစ်အုပ်
13. ပျားအုံတစ်အုံ
14. ဝန်ထမ်းများအဖွဲ့
15. ငှက်တစ်အုပ်

(C)
1. Team
2. flock
3. hive
4. loaf
5. group
6. herd
7. army
8. crew
9. crowd
10. band

(D)
1. class
2. choir
3. bunch
4. crowd
5. board
6. team
7. gang
8. flock
9. galaxy
10. bunch

(E)
1. Team
2. Flock
3. Bouquet
4. Pack
5. Swarm
6. Quiver
7. Litter
8. Army
9. Bunch
10. Fleet
11. Cast
12. Crew
13. Board
14. Pile
15. Staff
16. Band
17. Troupe
18. Group
19. Jury
20. Cloud

(F)
1. A crowd of people was watching the movie.
2. A fleet of ships gathered at the seaport.
3. All the soldiers in the army were brave enough to fight together.
4. Our committee consists of five people of parliament.
5. A swarm of bees flew out and stung the intruders.
6. Our team won the cricket tournament.

(G)
1. a flock of birds
2. a fleet of ships
3. a herd of cattle
4. a pack of wolves
5. a swarm of bees
6. an army of ants
7. a bale of hay
8. a school of fish
9. a deck of cards
10. a bale of papers
11. a bunch of grapes
12. a pride of lions
13. a bowl of rice
14. a bed of oysters
15. a band of musicians
16. a gaggle of geese
17. a chest of drawers
18. a choir of singers
19. a range of mountains
20. a forest of trees

အင်္ဂလိပ်ဘာသာရပ်ဆိုင်ရာ ရှင်းလင်းချက်များနှင့် လေ့ကျင့်ခန်းများအပေါ် နားလည်မှုတစ်စုံတစ်ရာမရှိပါက သို့မဟုတ် ယခုထက်ပိုမိုကောင်းမွန်စေရန် အကြံပြုလိုပါက ဆရာဦးအောင်ကျော်ကျော် (၀၉-၄၃၁၅၇၀၇၁)ထံ ဆက်သွယ်မေးမြန်းအကြံပြုနိုင်ပါသည်။

## ရန်ကုန်တက္ကသိုလ် ရူပဗေဒကျောင်းသား/ကျောင်းသူများ (ပညာသင်နှစ်အားလုံး) ၏ (၁၁) ကြိမ်မြောက် အာစရိယပူဇော်ပွဲနှိုးဆော်လွှာ

ရန်ကုန်တက္ကသိုလ် ရူပဗေဒဌာနတွင် တာဝန်ထမ်းဆောင်ခဲ့ဖူးသော အသက် (၆၅) နှစ်နှင့်အထက် ဆရာကြီး၊ ဆရာမကြီးများကို စာသင်နှစ်အားလုံး၏ ကျောင်းသား၊ ကျောင်းသူဟောင်းများ (အဝေးသင်ကျောင်းသား၊ ကျောင်းသူဟောင်းများအပါအဝင်) မှ (၁၁)ကြိမ်မြောက် ဆရာကန်တော့ပွဲကို ၂၀၂၂ ခုနှစ်၊ ဇွန်လ (၁၈)ရက်နေ့ **နံနက်(၉)နာရီတွင် ရန်ကုန်တက္ကသိုလ် အပန်းဖြေရိပ်သာခန်းမကြီး၌** ပူဇော်ကန်တော့မည် ဖြစ်ပါသဖြင့် အားလုံးပါဝင်နိုင်ကြရန် နှိုးဆော်အပ်ပါသည်။

သို့ပါ၍ ၃၁-၁၂-၂၀၂၁ ရက်တွင် အသက် (၆၅) နှစ်ပြည့်ပြီး၊ ရန်ကုန်တက္ကသိုလ် ရူပဗေဒဌာနတွင် တစ်ဆက်တည်း (၁) နှစ် တာဝန်ထမ်းဆောင်ဘူးသော ဆရာကြီး၊ ဆရာမကြီးများသည် လိုအပ်သောအချက်အလက်များကို ပေးပို့ဖြည့်သွင်းနိုင်ရန်အတွက် မှတ်ပုံတင်(ရှေ့+နောက်)ကို ဓါတ်ပုံရိုက်၍ ဒေါက်တာခိုင်ခိုင်လင်း ဖုန်း 09-518 4344 ဒေါက်တာအေးအေးဆွေ ဖုန်း 09-505 4720 တို့ထံ Viber မှ တစ်ဆင့် ၂၀၂၂ ခုနှစ်၊ မေလ(၂၁)ရက်နေ့ နောက်ဆုံးထားလျှက် အမြန်ဆုံးစာရင်းပို့ပေးကြပါရန် မေတ္တာရပ်ခံအပ်ပါသည်။

အာစရိယပူဇော်ပွဲသို့ လှူဒါန်းထည့်ဝင်လိုသော ကျောင်းသား၊ ကျောင်းသူဟောင်းများသည် KBZ Bank အထူးငွေစာရင်းအမှတ် ( Special Account No. 021 512 001 007 055 01 ) သို့ ငွေသားဖြင့်သော်လည်းကောင်း၊ ရန်ကုန်တက္ကသိုလ်၊ ရူပဗေဒဌာနတွင်လည်းကောင်း၊ အောက်ပါပုဂ္ဂိုလ်များထံသို့ဆက်သွယ်၍သော်လည်းကောင်း၊ ကန်တော့ပွဲမတိုင်မီနေ့ရက်အထိ နောက်ဆုံးထား ပေးပို့လှူဒါန်းနိုင်ပါကြောင်းနှိုးဆော်အသိပေးအပ်ပါသည်-

| | | | |
|---|---|---|---|
| ၁။ ဦးမောင်မောင်လတ် | 09-8899 8866 4 | ၂။ ဒေါက်တာအောင်မြတ်ကျော် | 09-450 991 237 |
| ၃။ ဒေါက်တာယဉ်မောင်မောင် | 09-890 504 553 | ၄။ ဒေါက်တာခင်မာကြူ | 09-503 1150 |
| ၅။ ဒေါက်တာဒေါ်စန်းရီ | 09-964 505 441 | ၆။ ဒေါက်တာသက်နိုင် | 09-795 414 183 |
| ၇။ ဒေါက်တာနိုင်နိုင်ဦး | 09-250 186 865 | ၈။ ဒေါက်တာမင်းမောင်မောင် | 09-532 2769 |
| ၉။ ဒေါက်တာမောင်မောင်ရွှေ | 09-259 34 34 35 | ၁၀။ ဒေါက်တာစောနိုင် | 09-770 830 413 |
| ၁၁။ ဒေါက်တာခင်ခင်ကျော် | 09-520 3093 | ၁၂။ ဒေါက်တာဦးဂင်း | 09-502 0091 |
| ၁၃။ ဦးတင်မောင်မြင့် | 09-504 3429 | ၁၄။ ဦးအောင်ဇော်မိုး | 09-517 9931 |

### ငြင်းချက်ထုတ်ရန်သမ္မန်စာ
**(တရားမကျင့်ထုံးကိုဒုပဒေအမိန့်-၅ ၊ နည်းဥပဒေ -၂၀)**
**တိုက်ကြီးမြို့နယ်တရားမရုံးတော်၌**
**၂၀၂၂ ခုနှစ်၊ တရားမကြီးမှုအမှတ်-၁၁**

ဦးနိုင်ဦး **(တရားလို)** နှင့် ဒေါ်စန်းစန်းနိုင် **(တရားပြိုင်)**

ရန်ကုန်တိုင်းဒေသကြီး၊ တိုက်ကြီးမြို့နယ်၊ ပြည်တော်သာ (၅)လမ်း၊ ရှမ်းစုရပ်ကွက်နေ ဒေါ်စန်းစန်းနိုင် (ဘ) ဦးငြိမ်းဦး (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလိုက အကြင်လင်မယားအဖြစ်မှ ကွာရှင်းပြတ်စဲပေးစေလိုမှုနှင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ် ၍ သင်ကိုယ်တိုင်ဖြစ်စေ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးအခွင့်အမိန့်အရ ရှေ့နေဖြစ်စေ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါ၍ဖြစ်စေ ၂၀၂၂ ခုနှစ်၊ မေလ (၂၀)ရက် (၁၃၈၄ ခုနှစ်၊ ကဆုန်လဆုတ် ၆ ရက်) မွန်းမတည့်မီ (၁၀:၀၀)နာရီတွင် အထက်အမည်ပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမတိုင်မီ (၄)ရက်က တင်သွင်းရမည်။

၂၀၂၂ ခုနှစ်၊ ဧပြီလ (၂၀)ရက်နေ့တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(ထက်အောင်လှိုင်)**
**ဒုတိယမြို့နယ်တရားသူကြီး(၂)**
**တိုက်ကြီးမြို့နယ်တရားရုံး**


**ပိုင်ရှင်ကိုယ်တိုင်ရောင်းမည်**
လှည်းကူးမြို့၊ ကျွန်းကာလေးဈေးနီး၊ ခြံမြေ
လျှပ်စစ်မီးရရှိပြီး၊ ကွန်ကရစ်လမ်းဘေး၊
(40'x60') = ၉၅သိန်း၊ (20'x60') = ၄၈သိန်း
ph: 09-450378377, 09-673888795


### အများသိစေရန်ကန့်ကွက်နိုင်ကြောင်း ကြော်ငြာ

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ (၁၄)ရပ်ကွက်၊ မြေကွက်အမှတ်(၄၀၆)၊ နှစ်(၆၀)မြေငှားဂရန်မြေအမျိုးအစား၊ (၄၀'x၆၀')၊ (၀.၀၅၅)ဧက၊ (၂၄၀၀) စတုရန်းပေအကျယ်ရှိ မြေကွက်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ဒေါ်ချိုမြတ်မွန် (WKA-၀၂၈၃၇၀)က ဂရန်အမည်ပေါက် ပိုင်ဆိုင်ပြီး ယခုရောင်းချသူ ဦးအောင်ကိုလတ် [၁၂/ဥကမ(နိုင်)၀၁၅၃၁၃]က ဂရန်အမည်ပေါက်ထံမှ အဆက်ဆက် အရောင်းအဝယ်ကတိစာချုပ်ဖြင့် ဝယ်ယူလက်ဝယ်ရရှိပိုင်ဆိုင်ထားကာ လွှဲပြောင်းရောင်းချပိုင်ခွင့်အပြည့်အဝရှိကြောင်း တာဝန်ယူဝန်ခံလျက် လွှဲပြောင်း ရောင်းချရန် ကမ်းလှမ်းလာသည်ကို ကျွန်ုပ်တို့၏မိတ်ဆွေက ဝယ်ယူရန် မြေကွက်ဖိုးငွေ တစ်စိတ်တစ်ဒေသအဖြစ် စရန်ငွေတချို့တစ်ဝက်ကို ပေးချေထားပြီးဖြစ်ရာ အရောင်းအဝယ်ပြုလုပ်သည်ကို ကန့်ကွက်လိုပါက ယင်းမြေကွက်နှင့် ပတ်သက်၍ အကျိုးခံစားခွင့်များရှိသည်ဟု အဆိုရှိသူ မည်သူမဆို ခိုင်လုံသော စာရွက်စာတမ်းအထောက်အထားမူရင်းများ၊ တရားဝင်မှတ်ပုံတင်စာချုပ်စာတမ်းမူရင်းများ၊ တရားရုံးအမိန့်ဒီကရီမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက ရုံးလုပ်ငန်းကိစ္စရပ်များကို ဥပဒေနှင့်အညီ အရောင်းအဝယ်ကိစ္စပြီးဆုံးအောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

| | |
|---|---|
| **ဦးစွမ်းထက်ပိုင်** | **ဒေါ်ပိုးဇာနည်ဝင်း** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၆၂၀၆)** | **အထက်တန်းရှေ့နေ** |
| **LL.B, DBL, DIL, MA (Business Law)** | **LL.B (စဉ်-၅၀၅၉၅)** |
| **ဖုန်း ၀၉-၄၃၀၉၄၆၇၂** | **ဖုန်း ၀၉-၇၉၉၈၉၀၄၉၂** |

**တိုက်(၁၄)၊ အခန်း(B-1, B-2)၊ မဟာမြိုင်အိမ်ရာ၊ (၄၁/တိုးချဲ့) ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်။**

### ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ အောင်ချမ်းသာတိုးချဲ့ကွက်သစ်၊ အေးသာယာရပ်ကွက်၊ ဗဟို(၂၈)လမ်း၊ ဦးပိုင်အမှတ်-L/၁၄၈၊ အလျား (၄၀)ပေx အနံ (၆၀)ပေ၊ ဦးခင်အေး [၁၂/သလန(နိုင်)၀၃၅၀၆၈]၏ အမည်ပေါက် စလစ်မြေကွက်နှင့်၎င်းခြံမြေ၏ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ဦးခင်အေးမှ အမှန်တကယ် ပိုင်ဆိုင်ရောင်းချခွင့်ရှိကြောင်း ဝန်ခံပြီး အပြီးအပိုင်ရောင်းချရန် ကမ်းလှမ်းလာသည့်အလျောက် ကျွန်ုပ်၏ မိတ်ဆွေ ဦးထွန်းထွန်း [၁၂/အစန(နိုင်)၁၄၀၉၂၄]မှ အပြီးအပိုင်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှ (၇)ရက်အတွင်း တိကျခိုင်လုံသော စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

**ဦးထွန်းထွန်း၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်နှင်းယုလှိုင် (LL.B)**
**(အထက်တန်းရှေ့နေ)**
**(စဉ်-၅၀၁၀၅/ ၃၁-၇-၂၀၁၈)**
**C-42၊ ဖန်ချက်ဝန်ထမ်းအိမ်ရာ၊ သန်လျင်မြို့**
**ဖုန်း- ၀၉-၂၆၂၅၅၁၀၇**

### ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာချက်

**ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ (ဇ)ရပ်ကွက်၊ ဥဒ္ဒေနာ(၆)လမ်း၊ အမှတ်(၁၆၉)ဟုခေါ်တွင်သည့် မြေတိုင်းရပ်ကွက်အမှတ်(ဇ)၊ မြေကွက်အမှတ်(၁၆၉ ဒွိ)၊ အကျယ်အဝန်း (အလျား ၂၀ ပေx အနံ ၆၀ ပေ)ရှိ ဦးအုံးဖေ အမည်ပေါက် နှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေပေါ်ရှိ နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံး**တို့ကို တရားဝင်အမွေဆက်ခံပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်း ဝန်ခံကတိပြုသူ ဒေါ်ခင်အုန်းမြင့် (J/RGN 052104)နှင့် မောင်နှမများထံမှ ကျွန်ုပ်၏မိတ်ဆွေများဖြစ်သည့် ဦးအောင်ဇော်ဇော်စိုး [၁၂/လမန(နိုင်)၁၄၂၉၃၂] နှင့် ဒေါ်ခင်မိုးထွေး [၁၂/ဥကမ(နိုင်)၂၂၇၄၈၅] က အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန် စရန်ငွေတချို့တစ်ဝက်ကို ပေးချေထားပြီး ဖြစ်ပါ၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစပြီး(တစ်ပတ်) (၇ ရက်) အတွင်း ပိုင်ဆိုင်မှုအထောက်အထားမူရင်းများဖြင့် ကျွန်ုပ်ထံသို့ဖြစ်စေ၊ ကျွန်ုပ်၏ မိတ်ဆွေများထံသို့ဖြစ်စေ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ပြီးဆုံးအောင်မြင်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ခင်လင်းအေး**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၉၇၃၁)**
**အခန်း(၃)၊ ၇-လွှာ၊ Strand Condo၊ မဟာဗန္ဓုလပန်းခြံလမ်းနှင့် ဘဏ်လမ်းထောင့်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း- ၀၉-၅၀၇၂၁၈၅၊ ၀၉- ၇၆၅၀၇၂၁၈၅**

### သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
### နည်းပညာ၊သက်မွေးပညာနှင့်လေ့ကျင့်ရေးဦးစီးဌာန
### ၂၀၂၂-၂၀၂၃ ခု၊ ပညာသင်နှစ်အတွက် A.G.T.I ပထမနှစ် ဝင်ခွင့်လျှောက်လွှာများခေါ်ယူခြင်း

၁။ အစိုးရနည်းပညာကောလိပ်(မိုးညှင်း၊ ရွှေဘို၊ မြင်းခြံ၊ နေပြည်တော်)နှင့် အစိုးရစက်မှုလက်မှုသိပ္ပံ (ပူတာအို၊ လှိုင်ကော်၊ မော်လမြိုင်၊ သံတွဲ၊ ကျောက်ဖြူ၊ ရွှေပြည်သာ၊ အင်းစိန်၊ မန္တလေး၊ ကျောက်ပန်းတောင်း၊ ကျောက်ဆည်၊ ပြင်ဦးလွင်၊ ကန့်ဘလူ၊ ခန္တီး၊ ချောက်၊ ရေနံချောင်း၊ သရက်၊ မကွေး၊ လက်ပံတန်း၊ဝါးခယ်မ၊ လပွတ္တာ၊ ကျိုက်လတ်)နှင့် ဂျပန်-မြန်မာအောင်ဆန်းသက်မွေးပညာသင်တန်းကျောင်း (Japan-Myanmar Aung San Vocational Training Institute) စုစုပေါင်း (၂၆)ကျောင်းတို့တွင် ၂၀၂၂-၂၀၂၃ ခု၊ ပညာသင်နှစ်အတွက် A.G.T.I ပထမနှစ်သင်တန်းသားများကို ခေါ်ယူမည်ဖြစ်ပါသည်။

၂။ လျှောက်ထားသူသည်-
- (က) နည်းပညာနှင့်သက်မွေးပညာလုပ်ငန်းသဘာဝအရကျန်းမာရေးကောင်းမွန်သူဖြစ်ပြီးလက်တွေ့လုပ်ငန်းနှင့် စက်ရုံ/ ကုမ္ပဏီများသို့ ကွင်းဆင်းဆောင်ရွက်နိုင်သူဖြစ်ရမည်။
- (ခ) တက္ကသိုလ်ဝင်စာမေးပွဲတွင် သင်္ချာ၊ ရူပဗေဒ၊ ဓာတုဗေဒဘာသာတွဲများပါဝင်သောမည်သည့် ဘာသာတွဲများဖြင့်အောင်မြင်သည်ဖြစ်စေ လျှောက်ထားနိုင်သည်။
- (ဂ) တက္ကသိုလ်ဝင်စာမေးပွဲတွင်ရရှိခဲ့သည့် အင်္ဂလိပ်စာနှင့် သင်္ချာ စုစုပေါင်းရမှတ်အပေါ်မူတည်၍ ရွေးချယ်မည်ဖြစ်သည်။

၃။ အစိုးရနည်းပညာကောလိပ်၊ အစိုးရစက်မှုလက်မှုသိပ္ပံများအလိုက် ဖွင့်လှစ်သင်ကြားပေးမည့် သင်တန်းများမှာအောက်ပါအတိုင်းဖြစ်သည်-
- (က) မြို့ပြအင်ဂျင်နီယာ(အပိုဒ်(၁)ပါ ကျောင်းပေါင်း(၂၄)၊ ပြင်ဦးလွင်နှင့် ဂျပန်-မြန်မာအောင်ဆန်း သက်မွေးပညာသင်တန်းကျောင်း မပါဝင်ပါ)
- (ခ) အီလက်ထရောနစ်အင်ဂျင်နီယာ (အပိုဒ်(၁)ပါ ကျောင်းပေါင်း (၂၂)၊ ပူတာအို၊ သံတွဲ၊ ကျောက်ဖြူနှင့် ဂျပန်-မြန်မာအောင်ဆန်း သက်မွေးပညာသင်တန်းကျောင်း မပါဝင်ပါ)
- (ဂ) လျှပ်စစ်စွမ်းအားအင်ဂျင်နီယာ(အပိုဒ်(၁)ပါ ကျောင်းပေါင်း (၂၅)၊ ဂျပန်-မြန်မာအောင်ဆန်းသက်မွေးပညာသင်တန်းကျောင်း မပါဝင်ပါ)
- (ဃ) စက်မှုအင်ဂျင်နီယာ (အပိုဒ်(၁)ပါ ကျောင်းပေါင်း(၂၄)၊ ကျောက်ဖြူ ဂျပန်-မြန်မာအောင်ဆန်းသက်မွေးပညာသင်တန်းကျောင်း မပါဝင်ပါ)
- (င) သုတနည်းပညာ(အစိုးရနည်းပညာကောလိပ် (မိုးညှင်း၊ ရွှေဘို၊ မြင်းခြံ၊ နေပြည်တော်)နှင့် အစိုးရစက်မှုလက်မှုသိပ္ပံ(ကျောက်ဖြူ၊ ကျောက်ဆည်၊ ပြင်ဦးလွင်၊ အင်းစိန်၊ ကန့်ဘလူ၊ မန္တလေး))
- (စ) စက်မှုလုပ်ငန်းအင်ဂျင်နီယာ(အစိုးရစက်မှုလက်မှုသိပ္ပံ(အင်းစိန်၊ မန္တလေး၊ ပြင်ဦးလွင်))
- (ဆ) စက်မှုလယ်ယာနည်းပညာ(အစိုးရနည်းပညာကောလိပ်(ရွှေဘို) နှင့် (အစိုးရစက်မှုလက်မှုသိပ္ပံ(ဝါးခယ်မ၊ ကျိုက်လတ်))
- (ဇ) မော်တော်ယာဉ်ပြုပြင်ထိန်းသိမ်းမှုနည်းပညာ(အစိုးရစက်မှုလက်မှုသိပ္ပံ(ပြင်ဦးလွင်)၊ ဂျပန်-မြန်မာအောင်ဆန်းသက်မွေးပညာသင်တန်းကျောင်း)
- (ဈ) စက်မှုလုပ်ငန်းဆိုင်ရာ လျှပ်စစ်အင်ဂျင်နီယာ (ဂျပန်-မြန်မာအောင်ဆန်းသက်မွေးပညာသင်တန်းကျောင်း)

၄။ သင်တန်းကာလမှာ (၃)နှစ်ဖြစ်ပြီး သင်တန်းပြီးဆုံးပါက ဒီပလိုမာလက်မှတ်ပေးအပ်မည်ဖြစ်သည်။ A.G.T.I (၃)နှစ်သင်တန်းများတွင် သတ်မှတ်အရည်အချင်းပြည့်မီပါက BE နှင့် B.Tech သင်တန်းများသို့ ပေါင်းကူးတက်ရောက်နိုင်ရေးလျှောက်ထားနိုင်သည်။

၅။ ဝင်ခွင့်လျှောက်လွှာများကို အစိုးရနည်းပညာကောလိပ်၊ အစိုးရစက်မှုလက်မှုသိပ္ပံများ၌ (၁၂-၅-၂၀၂၂)ရက်တွင် စတင်ထုတ်ယူနိုင်သည်။ လျှောက်လွှာများကို (၃၁-၅-၂၀၂၂)ရက် နောက်ဆုံးထား၍ မိမိတို့တက်ရောက်လိုသည့်ကျောင်းသို့ ပြန်လည်တင်သွင်းရမည်။

၆။ လျှောက်လွှာနှင့်အတူအောက်ပါအချက်အလက်များကိုပူးတွဲတင်ပြရမည်-
- (က) လျှောက်ထားသူ၏ နိုင်ငံသားစိစစ်ရေးကတ်ပြား(မိတ္တူ)။
- (ခ) ကျန်းမာရေးကောင်းမွန်ကြောင်း ထောက်ခံစာကို မြို့နယ်ကျန်းမာရေးဦးစီးဌာနမှ ထောက်ခံစာမူရင်း။
- (ဂ) သက်ဆိုင်ရာမှ တရားဝင်ထုတ်ပေးထားသော တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်သည့် အမှတ်စာရင်း(မူရင်း)။
- (ဃ) လျှောက်ထားသူ၏ အမည်ပါရှိသောအိမ်ထောင်စုစာရင်းဇယား (မိတ္တူ)။
- (င) ပတ်စပို့အရွယ်ရောင်စုံဓာတ်ပုံ (၃) ပုံ။

၇။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက အပိုဒ်(၁)ပါ အစိုးရနည်းပညာကောလိပ်များနှင့် အစိုးရစက်မှုလက်မှုသိပ္ပံကျောင်းများသို့ ဆက်သွယ်မေးမြန်းနိုင်သည်။

**နည်းပညာ၊ သက်မွေးပညာနှင့်လေ့ကျင့်ရေးဦးစီးဌာန**

### (၂၈-၄-၂၀၂၂ )ရက်နေ့ထုတ်ကြေးမုံသတင်းစာကြေညာ စာမျက်နှာ(၂၄)ပါ တိုက်ခန်းနှင့်ပတ်သက်၍ ဒေါ်စန်းစန်းဝင်း [၁၂/မဂတ(နိုင်)၀၂၂၃၄၄]နှင့် အများသိစေရန် ကြေညာချက်အား ပြန်လည်ရုပ်သိမ်းကြောင်း အသိပေးကြေညာခြင်း

ကျွန်ုပ်တို့၏မိတ်ဆွေများဖြစ်ကြသော ဦးသန်းထွဋ်[၁၂/မဂတ(နိုင်)၀၂၂၃၃၄]နှင့် ဦးညိုထွန်း [၁၂/မဂတ(နိုင်)၀၂၂၃၄၃] တို့၏ လွှဲအပ်ညွှန်ကြားချက်အရ ကြေညာအပ်ပါသည်။

ကျွန်ုပ်တို့၏ မိတ်ဆွေများက ကျွန်ုပ်တို့ထံမှတစ်ဆင့် ရန်ကုန်မြို့၊ ဗိုလ်တထောင်မြို့နယ်၊ (၅)ရပ်ကွက်၊ ၄၉လမ်း၊ အမှတ်(၁၄/၁၆)၊ ၅လွှာ၊ (စတုတ္ထထပ်တောင်ဘက်ခြမ်း) ဟုခေါ်တွင်သော တိုက်ခန်းနှင့်ပတ်သက်၍ ဒေါ်စန်းစန်းဝင်းနှင့် အများသိစေရန် ကြေညာခြင်းအပေါ် နှစ်ဖက်ညှိနှိုင်း၍ မောင်နှမများအကြား ရပိုင်ခွင့်များကို ခွဲဝေရယူပြီးဖြစ်ကြပါသဖြင့် အထက်ဖော်ပြပါ သတင်းစာကြေညာချက်အား ခြွင်းချက်မထားဘဲ ရုပ်သိမ်းလိုက်ပါကြောင်း အများသိရှိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဒေါ်အေးအေးစိန်** | **ဦးမျိုးမြင့်အောင် LL.B** |
| **LL.B, DBL, DML, DA, PSY** | **တရားလွှတ်တော်ရှေ့နေ(စဉ်-၇၅၅၈/၂၀၀၈)** |
| **တရားလွှတ်တော်ရှေ့နေ** | **ဖုန်း-၀၉- ၅၁၆၉၄၁၉၊ ၀၉- ၉၅၅၁၆၉၄၁၉** |
| **(စဉ်-၁၅၈၈၀/၂၀၁၉)** | |
| **ဖုန်း-၀၉- ၉၅၉၇၂၇၆၅၇** | |

**အမှတ်-၁၅၃(၅-လွှာ)၊ ဆိပ်ကမ်းသာလမ်း၊ ကျောက်တံတားမြို့နယ်။**


**မိဘမေတ္တာ**
ဒဂုံမြို့သစ်ဆိပ်ကမ်း၊အရှေ့ပိုင်း၊
တောင်ပိုင်း၊မြောက်ပိုင်း၊
ရွှေပေါက်ကံမြို့နယ်ရှိ မြေကွက်များ
ဈေးကောင်းပေးဝယ်လိုသည်။
09 422 848 224


### ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၄၂၊ မြေကွက်အမှတ်-၁၀၄၈၊ မြေကွက်တည်နေရာအမှတ်(၁၀၄၈)၊ သိပ္ပံမောင်ဝလမ်း၊ ၄၂-ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ဦးလှမောင်အမည်ပေါက်ပါမစ်မြေအမည်ပေါက်မြေအား ဦးလှမောင် (CD-004648)ထံမှ အရောင်းအဝယ် အရပ်ကတိစာချုပ်အဆက်ဆက်ဖြင့် ဝယ်ယူသူ ဦးတင်အောင်စိုး [၁၂/တမန(နိုင်)၀၉၀၃၉၈]မှပါမစ်မူရင်း(ပါမစ်မစုံ) (မြေနေရာချထားပေးခံရသူများ၏ မှီခိုသူများစာရင်းမူရင်း တင်ပြနိုင်ခြင်းမရှိ)၊ စာချုပ်အဆက်အစပ်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားတို့တင်ပြ၍ ပါမစ်မစုံဖြင့် ဂရန်သစ်လျှောက်ထားလာခြင်းအား တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

### ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃)၊ မြေကွက်အမှတ်(၃၃၃/ခ)၊ မြေကွက်တည်နေရာအမှတ်(၂၁၇)၊ (၁၁)လမ်း၊ (၃)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ဦးကျော်သိန်း[၁၂/ဥကတ(နိုင်)၀၄၇၁၅၈] အမည်ပေါက် နှစ်(၆၀)ဂရန်မြေအားအမည်ပေါက်ဦးကျော်သိန်း(ဖခင်)နှင့် ဒေါ်လှကြည်(မိခင်)တို့ကွယ်လွန်ပြီး မွေးဖွားသားသမီး(၄)ဦးတွင် သားတစ်ဦးဖြစ်သူ ဦးခင်လှိုင်(မွေးချင်း)ထပ်မံကွယ်လွန်သဖြင့် ၎င်းအစုကို ဒေါ်ကျင်သန်း[၁၂/ဥကတ(နိုင်)၀၀၅၀၉၀]မှ ဇနီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြလျက် ကျန်ရှိသားသမီးများဖြစ်သူ ဒေါ်သန်းသန်းညွန့်[၁၂/ဥကတ(နိုင်)၀၄၇၂၇၈]၊ ဦးဇော်မြင့်[၁၂/ဥကတ(နိုင်)၀၄၇၉၄၆]၊ ဒေါ်အေးအေးရီ[၁၂/ဥကတ(နိုင်)၀၄၈၂၀၁]တို့ပူးတွဲပြီး သားသမီး၊ ချွေးမတော်စပ်ကြောင်း ကျမ်းကျိန်လွှာ(၃/၆၂၉/၇-၃-၂၀၂၂)၊ သေစာရင်း၊ အိမ်ထောင်စုစာရင်း၊ ဂရန်မူရင်းတို့ တင်ပြ၍ပိုင်ဆိုင်ကြောင်းနှင့် အရောင်းမြေပုံကူးလျှောက်ထားလာခြင်းအား တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

### ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၄၄၊ မြေကွက်အမှတ်-၆၃၈၊ မြေကွက်တည်နေရာအမှတ်(၆၃၈)၊ မင်းရဲကျော်စွာလမ်း၊ ၄၄-ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ဦးခင်စိုး (LMA-049730) အမည်ပေါက် နှစ်(၆၀) မြေငှားစာချုပ်(ဂရန်)မြေအား အမည်ပေါက် ဦးခင်စိုး(LMA-049730) [၁၂/ရကန(နိုင်)၀၃၀၄၃၆]မှဂရန်မူရင်း၊ နိုင်ငံသားစိစစ်ရေးကတ်ပြားတို့တင်ပြ၍ အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်မြေပုံကူး လျှောက်ထားလာရာ (၂၀၁၃)ခုနှစ်တွင် ဦးခင်စိုး၏(SP) ဦးစိုးတင့်မှ အရောင်းမြေပုံလျှောက်ထား ထုတ်ယူခဲ့သော်လည်း အရောင်းမြေပုံ မြေရာဇဝင်မူရင်းမှာ မည်သည့်နေရာတွင်မှ သုံးစွဲခြင်းမရှိဘဲ အိမ်အပြောင်းအရွှေ့ကြောင့် ပျောက်ဆုံးသွားပါကြောင်းနှင့် ဖြစ်ပေါ်လာသောကိစ္စအဝဝကို မိမိမှ တာဝန်ယူကြောင်း ဦးခင်စိုး၏ (၂၁-၃-၂၀၂၂)ရက်စွဲပါ ကျမ်းကျိန်လွှာနှင့်အတူ (၂၂-၃-၂၂)ရက်စွဲပါဝန်ခံကတိပြုစာတို့တင်ပြလာပါသဖြင့် ဦးခင်စိုး၏အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာခြင်းအားတရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး (ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

# ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်လာမည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခြင်းလုပ်ငန်းများတွင် အလှူငွေထည့်ဝင်လှူဒါန်းနိုင်ရေးနှိုးဆော်ခြင်း







ကျောက်စာရုံစေတီ(၁၂ × ၁၂× ၁၈)ပေ ၁ ဆူ တန်ဖိုး-၂၇၉ သိန်း



မုစလိန္ဒအိုင်

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် (၇)ရက်သား၊ သမီး၊ ဘုရားဒါယကာ၊ ဒါယိကာမတို့က မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာတော်ထွန်းလင်းတောက်ပလျက်ရှိသည်ကို ကမ္ဘာကိုပြသရန်၊ တိုင်းပြည်အေးချမ်းသာယာမှုရှိစေရန်၊ ရုပ်ပွားတော်မြတ်ကြီးအား ပြည်တွင်း၊ ပြည်ပဘုရားဖူးများလာရောက်ခြင်းဖြင့် ဒေသတိုးတက်စည်ကားမှုကို အထောက်အကူဖြစ်စေရန်၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုအား အထောက်အကူဖြစ်စေရန် ရည်သန်လျက် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်အတွင်း၌ သာသနာတော်ထုံး၊ ရုပ်ပွားဆင်းတုတော်ထုံး၊ မြန်မာ့ရိုးရာတည်ထုံးများနှင့်အညီ တည်ဆောက်ပူဇော်လျက်ရှိပါသည်။

၂။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ရေးလုပ်ငန်းများအား တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများ၊ စေတနာရှင်များ၊ တိုင်းရင်းသားပြည်သူတို့၏ စုပေါင်းလှူဒါန်းမှုဖြင့် အောက်ပါအတိုင်းတည်ဆောက်ပူဇော်သွားမည်ဖြစ်ပါသည်-

| စဉ် | လှူဒါန်းနိုင်သည့်အမျိုးအစား | တန်ဖိုး (ကျပ်သိန်း) | လှူဒါန်းနိုင်သည့် အရေအတွက် | လှူဒါန်းပြီး အရေအတွက် | လှူဒါန်းရန်ကျန်ရှိ အရေအတွက် |
|---|---|---|---|---|---|
| ၁။ | ကျောက်စာရုံစေတီ ၁ ဆူ(ပိဋကတ်သုံးပုံ မြန်မာပါဠိနှင့် ရိုမန်အင်္ဂလိပ် ၂ ချပ်ပါ) | ၂၇၉. ၀၀ | ၇၂၀ ဆူ | ၂၂၃ ဆူ | ၄၉၇ ဆူ |
| ၂။ | ဓမ္မာရုံ(၂၁၃× ၉၀ × ၄၆)ပေ | ၄၀၀၀၀ | ၁ လုံး | ၁၃၀၀၀ သိန်း | ၂၇၀၀၀ သိန်း |
| ၃။ | ရေပန်းအကြီး (အချင်း ၇၅ ပေ၊ အမြင့် ၁၅ ပေ) | ၄၃၂၁. ၀၀ | ၁ ခု | - | ၁ ခု |
| ၄။ | ရေပန်းအသေး(အချင်း ၁၅ ပေ၊ အမြင့် ၉ ပေ) | ၈၀၅. ၀၀ | ၁၈ ခု | ၁ ခု | ၁၇ ခု |
| ၅။ | High Mast မီးတိုင် (၂၀ မီတာ)၁ တိုင်လျှင် | ၄၉၄. ၀၀ | ၉ တိုင် | ၁ တိုင် | ၈ တိုင် |
| ၆။ | မဟာရံတံတိုင်း၏မြေထိန်းနံရံ(၁၀ ပေ ၁ ခန်း) | ၇၂. ၀၀ | ၂၀၀ ခန်း | ၈ ခန်း | ၁၉၂ ခန်း |
| ၇။ | မြန်မာမှုတစ်ဖက်လှ ခြံစည်းရိုး ၂၇ ပေခန်း | ၃၁. ၀၀ | ၄၅၅ ခန်း | ၄၄ ခန်း | ၄၁၁ ခန်း |
| ၈။ | မဟာရံတံတိုင်းရှိ ထောင့်တိုင်(စကျင်မြန်မာမှုပါ) | ၁၅. ၀၀ | ၅၀ တိုင် | ၃၀ တိုင် | ၂၀ တိုင် |
| ၉။ | လမ်းမီးတိုင်(၉ မီတာ) ၁ တိုင်လျှင် | ၁၀. ၀၀ | ၁၈၀ တိုင် | ၁၀၆ တိုင် | ၇၄ တိုင် |
| ၁၀။ | မဟာရံတံတိုင်း စိန်တောင်စကျင်ကနုတ်ပန်း (စကျင်မြန်မာမှုပါ) | ၇. ၀၀ | ၆၅၂ ခု | ၉၀ ခု | ၅၆၂ ခု |
| ၁၁။ | စကျင်ကျောက်ပြား ၁ ကျင်းနှုန်း | ၄. ၇၀ | ၂၁၁၉. ၅၃ ကျင်း | ၃၃ ကျင်း | ၂၀၈၆. ၅၃ ကျင်း |
| ၁၂။ | မဟာရံတံတိုင်း၏(အင်္ဂတေမြန်မာမှု) | ၄. ၁၀ | ၂၁၈. ၁၄ ကျင်း | ၁၆ ကျင်း | ၂၀၂. ၁၄ ကျင်း |
| ၁၃။ | ကွန်ကရစ် ၈ လက်မထုခင်းခြင်း | ၃. ၆၀ | ၅၉၁၀. ၆၆ ကျင်း | ၁၄ ကျင်း | ၅၈၉၆. ၆၆ ကျင်း |

| စဉ် | လှူဒါန်းနိုင်သည့်အမျိုးအစား | တန်ဖိုး (ကျပ်သိန်း) | လှူဒါန်းနိုင်သည့် အရေအတွက် | လှူဒါန်းပြီး အရေအတွက် | လှူဒါန်းရန်ကျန်ရှိ အရေအတွက် |
|---|---|---|---|---|---|
| ၁၄။ | ကြွေပြား ၁ ကျင်းနှုန်း | ၂. ၀၀ | ၁၇၃၆. ၀၈ ကျင်း | ၁၀၀ ကျင်း | ၁၆၃၆. ၀၈ ကျင်း |
| ၁၅။ | မုစလိန္ဒအိုင် | ၁၀၅၁၉. ၀၀ | ၁ ကန် | - | ၁ ကန် |
| | (က) အဝင်မုခ်အဆောက်အဦ စကျင်မြန်မာမှု လုပ်ငန်း(အတွင်းမီးအပါ) | ၃၅၃၆. ၀၀ | ၁ ခု | - | ၁ ခု |
| | (ခ) ရေကန်ဆောက်လုပ်ခြင်း(၃၁၅ ပေ× ၂၃၄ ပေ) | ၁၆၂၄. ၀၀ | ၁ ကန် | - | ၁ ကန် |
| | (ဂ) ရေကန်အတွင်းပတ်လမ်းနှင့် လက်ရန်းလုပ်ငန်း | ၉၁၇. ၀၀ | ၁ ခု | - | ၁ ခု |
| | (ဃ) ရေကန်အပြင်ပတ်လမ်းဘေးလှေကား (၂) စင်းနှင့်လက်ရန်းလုပ်ငန်း | ၁၀၀၈. ၀၀ | ၁ ခု | - | ၁ ခု |
| | (င) ရေကန်ပတ်လမ်းမီးတိုင်များထွန်းညှိပေးခြင်း လုပ်ငန်း(၁ တိုင် ၉. ၅) သိန်း | ၇၀၃. ၀၀ | ၇၄ တိုင် | - | ၇၄ တိုင် |
| ၁၆။ | ချောင်းဖြောင့်မြေထိန်းနံရံ(၁၂ ပေ× ၁၇၆ ပေ) | ၁၉၃. ၀၀ | ၈၂ ခု | - | ၈၂ ခု |

၃။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ မဟာရံအတွင်း တည်ဆောက်လှူဒါန်းမည့် သာသနိကအဆောက်အဦများအတွက် **ကြိုတင်လျာထားစာရင်းပေးသွင်းလှူဒါန်းထားကြသည့် ဘုရားဒါယကာ၊ ဒါယိကာမများအနေဖြင့်** မိမိတို့ရည်စူးလှူဒါန်းထားသည့် အလှူငွေများအားလည်းကောင်း၊ အထက်ပါတည်ဆောက်ရေးလုပ်ငန်းများအတွက် အလှူငွေများထည့်ဝင်လှူဒါန်းလိုသည့် ဘုရားဒါယကာ၊ ဒါယိကာမများသည်လည်းကောင်း၊ **အင်းဝဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၃၃၅၆၁၇၊ မြဝတီဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၇၆၂၆၆၆၊ ကမ္ဘောဇဘဏ်ငွေစာရင်းအမှတ်၊ ၀၃၄၃၀၂၀၁၇၀၀၂၈၇၀၀၁** တို့သို့ ငွေသားဖြင့်ဖြစ်စေ၊ Account Transfer ဖြင့်ဖြစ်စေ ဦးစွာဆက်သွယ်ပေးသွင်းလှူဒါန်းနိုင်ပြီဖြစ်ပါကြောင်းနှင့် အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များတွင် စုံစမ်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ အသိပေးနှိုးဆော်အပ်ပါသည်-

(က) ဒုတိယဗိုလ်မှူးကြီးအောင်ကျော်ဇော ၀၉-၆၅၀၁၉၉၉၉၆၊ ၀၃၆-၃၁၀၀၅
(ခ) ဒေါ်အေးအေးကြည် ၀၉-၄၂၉၇၂၂၅၄၈၊ ၂၅၅၈၂၅၂၁၆

**၂၀၂၂ ခုနှစ်ဟာ ငြိမ်းချမ်းရေးနှစ်ဖြစ်ကြောင်းနဲ့ တစ်နိုင်ငံလုံးမှာ လက်နက်ကိုင်ပဋိပက္ခများချုပ်ငြိမ်းရေးကို ဆောင်ရွက်သွားမယ်လို့ ကျွန်တော် ပြောခဲ့ပါတယ်။**

**ဒါကို လက်တွေ့ကျကျ ထိထိရောက်ရောက်အကောင်အထည်ဖော်နိုင်ဖို့ လိုအပ်တဲ့အတွက်ကြောင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များရဲ့ ခေါင်းဆောင်များကို တွေ့ဆုံဆွေးနွေးဖို့အတွက် ဖိတ်ခေါ်ပါတယ်။ အဖွဲ့များအားလုံးကို ကျွန်တော် ကိုယ်တိုင်တွေ့ပါမယ်။**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မဟာသရေစည်သူ မင်းအောင်လှိုင်၏ ငြိမ်းချမ်းရေးနှင့်ပတ်သက်၍ ပြောကြားခဲ့သည့်မိန့်ခွန်းမှ ကောက်နုတ်ချက်)

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် ၉ ရပ်

၁။ **နိုင်ငံရေး**
- (က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့်ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး
- (ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA) ပါအတိုင်း အလေးထားလုပ်ဆောင်ရေး
- (ဂ) လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကို ကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး "မူ" ကို ဆက်လက်လိုက်နာကျင့်သုံးရေး

၂။ **စီးပွားရေး**
- (က) စိုက်ပျိုးရေးနှင့် မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- (ခ) ဈေးကွက်စီးပွားရေးစနစ် တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- (ဂ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာ ထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး

၃။ **လူမှုရေး**
- (က) စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ်ရှင်သန်ထက်မြက်ရေး
- (ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်း အစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှုစရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- (ဂ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

## မြန်မာနိုင်ငံတော်ဗဟိုဘဏ်က အမိန့်ကြော်ငြာစာအမှတ် ၂၇ / ၂၀၂၂ ထုတ်ပြန်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
မြန်မာနိုင်ငံတော်ဗဟိုဘဏ်
အမိန့်ကြော်ငြာစာအမှတ် ၂၇ / ၂၀၂၂
၁၃၈၄ ခုနှစ်၊ ကဆုန်လဆန်း ၇ ရက်
(၂၀၂၂ ခုနှစ်၊ မေလ ၆ ရက်)

၁။ နိုင်ငံခြားသုံးငွေစီမံခန့်ခွဲမှုဥပဒေ၊ နိုင်ငံခြားသုံးငွေစီမံခန့်ခွဲမှုစည်းမျဉ်းနှင့် (၁၀-၁၁-၂၀၂၁) ရက်စွဲပါ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ အမိန့်ကြော်ငြာစာအမှတ်(၄၆/၂၀၂၁)တို့အရ ပို့ကုန်တင်ပို့သူသည် ပို့ကုန်ရငွေအားလုံးကို ပို့ကုန်တင်ပို့သည့်နေ့မှ သုံးလအတွင်း နိုင်ငံတော်အတွင်းရှိ ယင်း၏ဘဏ်ငွေစာရင်းသို့ နိုင်ငံခြားသုံးငွေဖြင့် မပျက်မကွက် ထည့်သွင်းရန်နှင့် နိုင်ငံခြားသုံးငွေများ ရောင်းဝယ်ဖောက်ကားသည့် လုပ်ငန်းလိုင်စင်ရရှိသူ (AD ဘဏ်များ)သည် ပို့ကုန်အမှန်တကယ်တင်ပို့ခဲ့သည့် ပို့ကုန်တင်ပို့သည့် အထောက်အထားများအရ ကုန်စည်များကို သင်္ဘောတင်သည့်နေ့မှ သုံးလအတွင်း ပို့ကုန်တင်ပို့သူများက ပို့ကုန်ရငွေများ လက်ခံရရှိခြင်း ရှိ၊ မရှိကို စိစစ်ရန် ပြဋ္ဌာန်းသတ်မှတ်ထားပါသည်။

စာမျက်နှာ ၉ ကော်လံ ၁ သို့ ○

ယနေ့ ဖတ်စရာ

### ဆရာအတတ်ပညာဦးစီးဌာနရှိ ပညာရေးဒီဂရီကောလိပ်များ၌ ဘွဲ့ကြို၊ ဘွဲ့လွန်သင်တန်းများကို မေ ၁၂ ရက်တွင် စတင်ဖွင့်လှစ်မည်

စာမျက်နှာ » ၈

ဆင်ဖြူကျွန်းအောင်သိန်း၏ ဝတ္ထုတို

### ပုတီးတစ်ကုံးနှင့် ချိန်းကြိုးတစ်ခု

စာမျက်နှာ » ၁၇



မြန်မာ့လက်ရွေးစင် အမျိုးသမီးဖူဆယ်အသင်းနှင့် Kasem Bundit တက္ကသိုလ်အမျိုးသမီးဖူဆယ်အသင်းတို့ ခြေစမ်းပွဲကစားစဉ်။

## မြန်မာအမျိုးသမီးဖူဆယ်အသင်း ခြေစမ်းပွဲတွင် အနိုင်ရ

ရန်ကုန် မေ ၆

ဆီးဂိမ်းပြိုင်ပွဲ အကြိုပြင်ဆင်မှုအဖြစ် ထိုင်းနိုင်ငံ၌ လေ့ကျင့်နေသည့် မြန်မာ့လက်ရွေးစင် အမျိုးသမီးဖူဆယ်အသင်းသည် ယနေ့တွင် Kasem Bundit တက္ကသိုလ် အမျိုးသမီးဖူဆယ်အသင်းနှင့် ခြေစမ်းကစားရာ တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။

မြန်မာ့လက်ရွေးစင် အမျိုးသမီးဖူဆယ်အသင်းသည် ထိုင်းဖိတ်ခေါ် အမျိုးသမီးဖူဆယ်ပြိုင်ပွဲအပြီးတွင် ထိုင်းနိုင်ငံ၌ ဆက်လက်နေထိုင်ကာ လေ့ကျင့်နေခြင်းဖြစ်ပြီး ဒုတိယမြောက်ခြေစမ်းပွဲ ကစားခဲ့ခြင်းဖြစ်သည်။

စာမျက်နှာ ၂၀ ကော်လံ ၁ သို့ ✻

## ဆီးဂိမ်းအမျိုးသားဘောလုံးပြိုင်ပွဲ ပထမနေ့တွင် ဖိလစ်ပိုင်နှင့် ဗီယက်နမ်တို့ ဂိုးပြတ်အနိုင်ရ

ရန်ကုန် မေ ၆

(၃၁)ကြိမ်မြောက် ဆီးဂိမ်းအမျိုးသားဘောလုံးပြိုင်ပွဲ အုပ်စု(က)ပထမနေ့ကို မေ ၆ ရက်က ဗီယက်နမ်နိုင်ငံ၌ စတင်ကျင်းပရာ ဖိလစ်ပိုင်နှင့် အိမ်ရှင် ဗီယက်နမ်အသင်း ဂိုးပြတ်အနိုင်ရခဲ့သည်။

အုပ်စု (က) ပထမနေ့တွင် မြန်မာအသင်းပွဲစဉ်မပါဝင်ဘဲ အခြားလေးသင်းသာ ယှဉ်ပြိုင်ခဲ့ရပြီး ဖိလစ်ပိုင်အသင်းက တီမောအသင်းကို လေးဂိုးပြတ်၊ အိမ်ရှင်ဗီယက်နမ်အသင်းက အင်ဒိုနီးရှားအသင်းကို သုံးဂိုးပြတ် အနိုင်ရခဲ့သည်။ ဖိလစ်ပိုင်အသင်းသည် တီမောအသင်းကို ပထမပိုင်းတွင်

စာမျက်နှာ ၂၀ ကော်လံ ၁ သို့ ✪



အိမ်ရှင်ဗီယက်နမ်အသင်း ဂိုးသွင်းအပြီး အောင်ပွဲခံနေစဉ်။